# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပွားများအားထုတ်**

တွယ်တာကပ်ငြိတတ်သော တဏှာမကုန်ခန်းသေးသမျှ သတ္တဝါတို့၏ လားရာဂတိသည် ရှိနေဦးမည်ဖြစ်၍ လားရာဂတိမရှိသော၊ ကပ်ငြိတွယ်တာမှုမရှိသောအဖြစ်သို့ ရောက်ရှိနိုင်ရန် သူတော်ကောင်းတရားကို ပွားများအားထုတ်ရာ၏။ **ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၄၂၀)**


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၆၅)


# သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ပညာရေးအတွက် စံပြဖြစ်ရန်လို




**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး ရောဘတ်ချာနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

## ချင်းပြည်နယ် ကနေဒီတောင်ဒေသ၌ သဘာဝအခြေခံဟိုတယ်ဇုန်အတွက် မြေနေရာတွေ့ရှိ

**တီးတိန် ဒီဇင်ဘာ ၃**

ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသော စစ်မြေပြင် ချင်းပြည်နယ် လေသာတောင်(ခေါ်) ကနေဒီတောင်တန်းဒေသ (Thang-mual)၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် သဘာဝအခြေခံ ဟိုတယ်ဇုန် တည်ထောင်ရန် သင့်တော်ကောင်းမွန်သောနေရာကို တွေ့ရှိခဲ့သည်ဟု သိရသည်။

လတ်တလောတွင် တီးတိန်မြို့နယ် ကနေဒီတောင်တန်းသည် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်ဒေသအဖြစ် လျာထားခြင်းမရှိသေးသော်လည်း လက်ရှိအနေအထားအရ သဘာဝအခြေခံခရီးသွား (Eco-Tourism)

*စာမျက်နှာ ၄ ကော်လံ ၁* ❍



**အင်ဒိုနီးရှားတွင် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး တင်ဆောင်လာသော လေယာဉ် အဆက်အသွယ်ပြတ်တောက်**

စာမျက်နှာ » ၁၀

**မုံးကိုးတပ်စခန်းအား လက်နက်ကိုင် ပူးပေါင်းအဖွဲ့များက အကြိမ်ကြိမ် တိုက်ခိုက်သဖြင့် တပ်မတော်က ပြန်လည်တိုက်ခိုက်လျက်ရှိ**

စာမျက်နှာ » ၁၂




မြန်မာ့အလင်း

# အလုပ်သမားထု၏ ကျန်းမာရေးဝန်ဆောင်မှု

အလုပ်သမားများသည် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုအတွက် မရှိမဖြစ်လိုအပ်သောပြည်သူပြည်သားများ ဖြစ်ပါသည်။ သို့သော် အလုပ်သမားများသည် လုပ်ခလစာအရ ဝင်ငွေနည်းပါးသူများဖြစ်ကြ၍ ဘဝ၏လိုအပ်ချက်များ ဖြည့်ဆည်းရာ၌ အကန့်အသတ်ဖြင့်သာ ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါသည်။ အထူးသဖြင့် ၎င်းအကန့်အသတ်၏သဘောကို အလုပ်သမားထု၏ ကျန်းမာရေးစရိတ် သုံးစွဲနိုင်မှုတွင် ပိုမိုသိသာထင်ရှားစွာမြင်တွေ့ရပါသည်။

နိုင်ငံများစွာတို့၌ အလုပ်သမားထု၏ ကျန်းမာရေးစရိတ်သုံးစွဲနိုင်မှုနည်းပါးမှုကို ကျားကန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် လူမှုဖူလုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လေ့ရှိပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသော အတိတ်သမိုင်းကြောင့် တခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးအစီအစဉ်များသည် အားကောင်းခိုင်မာမှုနည်းပါးနေသေးသည်ဟု ပြောဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားဆေးရုံကြီးနှစ်ရုံကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ထားပါသည်။ အတိတ်သမိုင်းကြောင်းကြောင့် အဆိုပါ အလုပ်သမားဆေးရုံကြီးများတွင် အလုပ်သမားထုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံကုသနိုင်မှု အားနည်းနေသည်မှာ ပြည်သူလူထုသိရှိပြီးကိစ္စရပ်ဖြစ်ပါသည်။ အဆိုပါ အားနည်းချက်ကို ကျော်လွှားနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မတီက ပုဂ္ဂလိကနှင့် ပူးပေါင်းလုပ်ကိုင်ရန် ပြင်ဆင်နေကြောင်း ကြားသိရပါသည်။

အဆိုပါ အလုပ်သမားဆေးရုံကြီးနှစ်ရုံကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ ရည်ရွယ်ချက်သည် အလုပ်သမားဆေးရုံကြီးများတွင် လိုအပ်လျက်ရှိသော ကျွမ်းကျင်ပညာရှင်များနှင့် ဆေးဝါးကိရိယာဝန်ဆောင်မှုများဖြည့်ဆည်းရေးဖြစ်သည်ဟု သိရှိရပါသည်။ အလုပ်သမားဆေးရုံကြီးများနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရာတွင် လူမှုဖူလုံရေးရန်ပုံငွေကို သုံးစွဲသွားမည်ဟု သတင်းများတွင် ဖော်ပြထားပါသည်။

အလုပ်သမားထုအတွက် ကျန်းမာရေးဝန်ဆောင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဖော်ဆောင်ပေးရန်ဟူသော ရည်ရွယ်ချက်အပေါ် လေးလေးနက်နက် ကြိုဆိုပါသော်လည်း ၎င်းကဲ့သို့ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် အလုပ်သမားထုကျခံရမည့် ကျန်းမာရေးစရိတ်စကသည် အလုပ်သမားထုတတ်နိုင်သော ဘဏ္ဍာရေးဘောင်အတွင်း မည်သို့မည်ပုံ ရှိနိုင်မည်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြပေးပါရန် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများအား အကြံပြုတင်ပြအပ်ပါသည်။

အလုပ်သမားထု၏ ကျန်းမာရေးဝန်ဆောင်မှု ဖြည့်ဆည်းပေးနိုင်ရေးသည် နိုင်ငံတော်၏ တာဝန်ဝတ္တရားတစ်ရပ်ဖြစ်၍ အကျိုးအမြတ်အတွက် ရည်ရွယ်ဆောင်ရွက်သော ကိစ္စရပ်မဟုတ်ပါ။ ပုဂ္ဂလိကလုပ်ငန်းတို့၏ ရှင်သန်ရပ်တည်လည်ပတ်ရေးသည် အကျိုးအမြတ်ရရှိနိုင်မှုအပေါ်တွင် မူတည်နေပါသည်။ အလုပ်သမားထုအတွက် ဆောင်ရွက်ပေးမည့် ကျန်းမာရေးဝန်ဆာင်မှု ပြည့်စုံကျယ်ပြန့်နိုင်ရေးကို ဦးတည်၍ ၎င်းသဘောသဘာဝမတူညီသော အဖွဲ့အစည်းနှစ်ရပ်၏ ပူးပေါင်းဆောင်ရွက်မှုပုံစံသည် အရေးကြီးသောကိစ္စရပ်တစ်ခုဟု ခံယူပါသည်။

လူမှုဖူလုံရေးစနစ် အားနည်းနေဆဲဖြစ်သော ပစ္စုပ္ပန်ကာလ၌ ထောင့်စုံစဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် ချပြသဘောထားရယူပါရန် လေးစားစွာတိုက်တွန်း အကြံပြုတင်ပြအပ်ပါသည်။ ။



## ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**လေးမျက်နှာ ဒီဇင်ဘာ ၃**

လေးမျက်နှာမြို့နယ် ခြောက်ဆယ်ကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာနှင့် ဒေါင့်ကြီးကျေးရွာအုပ်စု ညောင်တန်းကျေးရွာချင်းဆက်တံတားအား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ သန်းဖြင့် လုပ်ငန်းဆောင်ရွက်မှုအား နိုဝင်ဘာလစတုတ္ထပတ်က ဟင်္သာတခရိုင်မှ ဦးသူရလင်း (ဦးစီးအရာရှိ-နည်းပညာ) ဦးဆောင်သောအဖွဲ့ကလာရောက် စစ်ဆေးကာ လုပ်ငန်းအရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဝဝဝ**

## ကြိုက်တာယူငါးထောင်တန်ဆိုင်မှ နိုင်ငံခြားသားများနေထိုင်မှုကို တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့တွင် ကြိုက်တာယူ ငါးထောင်ကျပ်ဖြင့် ရောင်းချသောအထည်ပစ္စည်းမျိုးစုံဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ နိုင်ငံခြားသားနေထိုင်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားထားကြောင်း သိရသည်။

"နိုင်ငံခြားသားက တရားဝင်ပတ်စ်ပို့၊ ဗီဇာနဲ့ကုမ္ပဏီကလည်း တရားဝင်ခေါ်ထားတယ်ဆိုရင် Form C ကို ထုတ်ပေးတယ်။ မြို့နယ်မှာရှိတဲ့ ကြိုက်တာယူငါးထောင်တန်ဆိုင်တွေကို မြို့နယ်နိုင်ငံခြားသား ကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့က စိစစ်တယ်။ ရပ်ကွက်၊ ကျေးရွာတွေက သတင်းတက်လာရင်တော့ တရားဝင်နေထိုင်ခြင်းရှိ၊ မရှိ၊ Form C တိုင်ကြားထားခြင်း ရှိ၊ မရှိ၊ Form C တိုင်ကြားထားရင်လည်း ကုမ္ပဏီကခွင့်ပြုချက်ရထားသလား၊ ကုမ္ပဏီလျှောက်ထားဆဲကာလမှာ ဈေးရောင်းနေရင်၊ Form C မပေးဘူး။ ကုမ္ပဏီခွင့်ပြုချက်ရရင် ပေးပါတယ်။ ကုမ္ပဏီက ငှားရမ်းပေး တဲ့နေရာမှာ တည်းခိုနေထိုင်ခွင့်ရှိတယ်။ လက်ရှိ(၇)ရပ်ကွက်၊ (၁၃)ရပ်ကွက်တို့မှာ ဆိုင်တွေရှိတယ်။ (၁၈) ရပ်ကွက်ကဆိုင်ကိုတော့ စိစစ်နေတယ်" ဟု လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဦးစီးမှူး ဦးမျိုးဝင်းက ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင်းနှင့် မြို့နယ်တို့တွင် ကြိုက်တာယူ ငါးထောင်တန်ဆိုင်များ အစီအရီ ဖွင့်လှစ်လာသည့်အတွက် ကုမ္ပဏီ၏ခွင့်ပြုချက်ဖြင့် တရားဝင်ရောင်းဝယ်ခြင်းရှိမရှိ၊ Form C (နိုင်ငံခြားသားရောက်ရှိကြောင်း သတင်းပို့သည့်ပုံစံ)နှင့် ကိုက်ညီမှုရှိမရှိ၊ တရားဝင်နေထိုင်ခြင်းရှိ၊ မရှိကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ဖွင့်လှစ်ထားသောဆိုင်အချို့ကိုလည်း စိစစ်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ကသာမြို့နယ် ရွှေလီမြစ်တာပေါင်ရိုးတည်ဆောက်ရန် ကွင်းဆင်း

**ကသာ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ ရွှေလီမြစ်ရေတက်ပြီး လယ်မြေများ ရေနစ်မြုပ်ခြင်းမှ ကာကွယ်ရန် ရွှေလီတာပေါင်ရိုး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေလီတာပေါင်ရိုး တည်ဆောက်မည့်နေရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများသည် ရွှေလီတာပေါင်ရိုး တည်ဆောက်မည့် ဝက်တူးကျေးရွာသို့ မြေပြင်အခြေအနေများ ဆန်းစစ်ခြင်းနှင့် ဒေသခံများနှင့်တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေလီမြစ်ကမ်းဘေးရွာများ ရေလွှမ်းမိုး၍ လယ်မြေများရေနစ်မြုပ်မှုမှ ကာကွယ်ရန် ပြည်ထောင်စုဘတ်ဂျက်ငွေမှ ကျပ်သိန်းပေါင်း ၁၇၀၀ ချထားပေးခဲ့ပြီး ယင်းတာပေါင်ရိုးသည် အလျားပေ ၁၀၄၆၅ ရှည်လျားကာ အကျယ် ၁၅ ပေနှင့်အမြင့်ပေ ၁၂ ရှိမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းပြီးစီးပါက မိုးစပါး ၆၈၆၂ ဧကနှင့် အခြားသီးနှံ ၁၅၇၇ ဧက စုစုပေါင်း ၈၄၃၉ ဧကကို ရွှေလီမြစ်ရေတက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပြီး တာရိုးလမ်းတစ်လျှောက် ကျေးရွာများဖြစ်သော ဝက်တူး၊ ကျွန်းကုန်း၊ ဆိပ်သာ၊ နန်းနွဲ့ကျေးရွာများအတွက် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရွှေလီတာပေါင်ရိုးကို လွန်ခဲ့သည့်နှစ်များက ပေ ၄၀၀၀၀ ကျော် ပြုလုပ်ခဲ့ပြီး ကျန်ရှိသည့် ပေ ၁၀၀၀၀ ကျော်ကို တည်ဆောက်ကာ ရေအိုးထုတ်ပြွန်နှစ်ခုနှင့်အတူ တာပေါင်အဟောင်းပြုပြင်ခြင်းကိုလည်း ပြုလုပ်သွားမည်ဟု သိရသည်။

**အေးလွင်(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၀/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၉ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆ · ၀၀ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၁၃ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၉၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃ · ၀၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်** (သတင်းစဉ်)

***ရှေ့ဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) ကျောင်းအုပ်ကြီး Mr. F00 Jee Hing နှင့် ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာမျိုးသီတာတို့က သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းအတွင်း ကျောင်းသားကျောင်းသူများ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) မှ ကျောင်းသား ကျောင်းသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် "သက်မွေးပညာရပ်သည် မိမိတို့နိုင်ငံတွင် အင်မတန်လိုအပ်နေကြောင်း၊ သက်မွေးပညာရပ်သည် တစ်ကမ္ဘာလုံးတွင် အရေးကြီးလာသော်လည်း အချို့က မသိရှိသေးကြောင်း၊ တက္ကသိုလ်ဘွဲ့ရမှ ပညာရှိသည်ဟု သတ်မှတ်ကြောင်း၊ ပညာဟူသည်မှာ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်ဖြစ်ကြောင်း၊ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပါက ပညာရှိဟု သတ်မှတ်၍ရကြောင်း၊ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်းမရှိပါက ပညာရှိဟု ပြောရန်ခက်ကြောင်း၊ လူတိုင်းသည် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်မှ လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံကြောင်း၊ မည်သည့်အလုပ်မဆို ဂုဏ်သိမ်ငယ်သည်ဟူ၍ မရှိကြောင်း၊ မိမိအလုပ်ကို တန်ဖိုးထားကာ သိက္ခာရှိရှိနှင့်လုပ်ပါက ထိုအလုပ်သည် တန်ဖိုးရှိကြောင်း"ပြောကြားသည်။

**ဝိုင်းဝန်းကူညီ**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ယနေ့ခေတ်တွင် အမျိုးသမီးရော အမျိုးသားပါ အလုပ်လုပ်မှ အဆင်ပြေကြောင်း၊ မိန်းကလေးများသည်လည်း မိမိအသက်မွေးဝမ်းကျောင်းအတွက် ရပ်တည်နိုင်ကြရမည်ဖြစ်ကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာကျောင်းတွင် စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများသည် မိမိတို့အတွက်သာ သင်ကြားနေခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် သင်ကြားနေသည်ကို သတိပြုစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံတွင် သက်မွေးပညာကို တန်ဖိုးထားသော ယဉ်ကျေးမှုတစ်ခု ခိုင်မြဲသွားစေလိုကြောင်း၊ ကမ္ဘာတွင် အတိုးတက်ဆုံး နိုင်ငံများဖြစ်သည့် ဆွီဒင်၊ ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံတို့တွင် သက်မွေးပညာသင်သော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ပညာသင်သော ကျောင်းသား ကျောင်းသူများနှင့် ယှဉ်လျှင် လုံးဝနိမ့်ကျမှုမရှိကြောင်း၊ အချို့နေရာများတွင် ဝင်ငွေပိုပြီးကောင်းကြကြောင်း၊ မိဘများကလည်း မိမိတို့သားသမီးများ ဘဝအာမခံချက်ရှိသည်ဆိုကာ ကျေနပ်ကြကြောင်း၊ ထိုစနစ်တစ်ခုအောင်မြင်ရန်ဆိုသည်မှာ အားလုံးက ဝိုင်းပြီးကြိုးစားကြရမည်ဖြစ်ကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ပညာရေးအတွက် စံပြဖြစ်ရန်လိုကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိနိုင်ငံ၏ လိုအပ်ချက်ဖြစ်သော သက်မွေးပညာကို အဆင့်မြင့်ရေး၊ အားပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီရန် မေတ္တာရပ်ခံလိုကြောင်း" ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို သက်မွေးပညာဆိုင်ရာနယ်ပယ်များအား အထောက်အကူပြုစေနိုင်ရန်၊ လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်၊ မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန်၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာ ဆရာမများကို လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်လာမည့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ပေးခဲ့သည်။

**ကျောင်းသားဦးရေ ၈၀၀ တက်ရောက်နိုင်**

အဆိုပါ သင်တန်းကျောင်း၌ ဟိုတယ်ခရီး သွားလာရေးပညာရပ်များနှင့် အင်ဂျင်နီယာပညာရပ်များ အပါအဝင် ဘာသာရပ်ပေါင်း ၁၀ မျိုး သင်ကြားပို့ချပေးလျက်ရှိပြီး လုပ်ငန်းခွင်အခြေအနေအတိုင်း ဖန်တီးသင်ကြားပေးသော လက်တွေ့ဦးစားပေး အချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လ ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် ကျောင်းသားဦးရေ ၄၀ နှုန်းဖြင့် ကျောင်းသားဦးရေ ၄၀၀ တက်ရောက်နိုင်ပြီး တစ်နှစ်လျှင် ကျောင်းသားဦးရေ စုစုပေါင်း ၈၀၀ တက်ရောက်သင်ယူနိုင်မည်ဖြစ်သည်။

သက်မွေးပညာကို စိတ်ဝင်စားပြီး အသက် ၁၆ နှစ်ပြည့် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော လူငယ်လူရွယ်များ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။ ပြင်ပလုပ်ငန်းများနှင့် မျက်ခြည်မပြတ်စေရန် လုပ်ငန်းခွင်လေ့လာရေး သွားရောက်ခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် နားလည်မှုစာချွန်လွှာချုပ်ဆိုနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**တွေ့ဆုံဆွေးနွေး**

ထို့ပြင် စင်ကာပူနှင့်မြန်မာ နှစ်နိုင်ငံကြား စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သုံးနှစ်သက်တမ်း တိုးမြှင့်သွားရေးအတွက်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သွားရောက်ခဲ့သည့် စင်ကာပူနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ဒီဇင်ဘာ ၁ ရက် ညနေပိုင်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဓနုဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဓနုဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံသည်။ ဓနုဦးစီးအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းပမာဏတန်ဖိုးငွေ၊ ဆောင်ရွက်ပေးရမည့်လုပ်ငန်း အတိုင်းအတာတို့ကို မိမိတို့က ပွင့်လင်းမြင်သာစွာ ချပြထားပြီးဖြစ်၍ အရည်အသွေးကောင်းမွန်စေရေးဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြရန်၊ လူငယ်သင်တန်းကျောင်းအတွက် သင်တန်းသားရွေးချယ်ရာတွင် ဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများနှင့်အညီ နယ်စပ်ဒေသ တိုင်းရင်းသားဆင်းရဲနွမ်းပါးသူများကို ဦးစားပေး စနစ်တကျရွေးချယ်ပေးကြရန်၊ မိမိတို့ နယ်စပ်ရေးရာဝန်ကြီးအနေဖြင့်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပင်းတယမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ သင်တန်းသားအိပ်ဆောင်များ၊ စားရိပ်သာ၊ စားချက်ဆောင်၊ ကျောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ထောပတ်ပင်များ တိုးချဲ့စိုက်ပျိုးရန် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ရွာငံမြို့နယ်သို့ ဆက်လက်ထွက်ခွာပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်း/တံတား လုပ်ငန်းများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုခဲ့သော သိမ်ကုန်း-ကျောက္ကူတိ-ဒလပင် (၄/၀) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ရေဦး-ကျောက်မြောင်း-ကဇက်လမ်း (၂/၀) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် သိမ်ကုန်း၊ အနောက်ကုန်း၊ အင်းကြီး၊ ဒလပင်၊ ကျောက္ကူတိကျေးရွာ ငါးရွာ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပင်းတယမြို့နယ်သို့ ပြန်လည်ထွက်ခွာပြီး ရွှေပုထိုး-ပန်စစ်-ကြံခင်းမြောင် (၃/၀) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ တပ်ကြီး-ကံလှကုန်း (၃/၀) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံကုန်သွယ်ရေးမှ နိုင်ငံစုံကုန်သွယ်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော်  ဒီဇင်ဘာ ၃**



မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မြန်မာနိုင်ငံအနေဖြင့် သယံဇာတနှင့် အခွင့်အလမ်းများ များစွာရှိနေသော်လည်း ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားနေဆဲဖြစ်ရာ စွမ်းဆောင်နိုင်မှုနှင့် စနစ်ပိုင်းတွင် အားနည်းမှုများ ရှိနေသည်ဟု ယူဆရကြောင်း၊ အားနည်းချက်များကို အတွေ့အကြုံ၊ စဉ်းစားဝေဖန်၊ ချင့်ချိန်နိုင်စွမ်းများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုဆွေးနွေးပွဲမှ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးတက်ရေးအတွက် တွေ့ကြုံနေသည့် အခြေအနေများကို သိရှိပြီး အခွင့်အလမ်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် မှာကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍအလိုက် ပြည်ပပို့ကုန်၊ သွင်းကုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က Mirror Statistics ဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ နှစ်နိုင်ငံကုန်သွယ်မှု စာရင်းကွာဟမှုများဆန်းစစ်ချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်း ဥပဒေစည်းမျဉ်းဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ပငွေပေး ငွေယူ ရှင်းတမ်းရေးဆွဲ၍ ပို့ကုန်တင်ပို့ပြီးနောက် ပို့ကုန်ရငွေများ အပြည့်အဝရရှိမှု ရှိ/မရှိ စိစစ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပို့ကုန်တိုးတက်ရေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်မှုများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံတွင် ဆီသန့်ထုတ်လုပ်ရန်အတွက် အဆင့်မြင့်စက်ရုံများ လိုအပ်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ပို့ကုန်တင်ပို့ရန် အတွက် ထုပ်ပိုးမှုဥပဒေ (Packing Law)၊ အမှတ်တံဆိပ်ဥပဒေ (Certification Law) များ ပြဋ္ဌာန်းပေးရန် လိုအပ်နေမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံ ပရိဘောဂ ထုတ်လုပ်ရောင်းချသူများအသင်းက ပရိဘောဂလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**နေပြည်တော်  ဒီဇင်ဘာ ၃**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် လစ်လပ်မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် (၂၃/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ လစ်လပ်မဲဆန္ဒနယ်များအတွက် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ(၁၅)များကို တောင်းခံသွားရန်၊

(ခ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများမှ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅) များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၀-၁-၂၀၁၇) ရက်အရောက်ပေးပို့သွားရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ (၁-၃-၂၀၁၇) ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် (၃-၃-၂၀၁၇) ရက်မှ (၁၀-၃-၂၀၁၇) ရက်အတွင်း သင့်လျော်သည့်ရက်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁-၄-၂၀၁၇) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

၃။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် အပိုဒ် ၂ (ဃ)ပါ ကြိုတင်ဆန္ဒမဲပေးမည့်ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ ဆေးရုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် (၂၀-၁-၂၀၁၇) ရက်နေ့ နောက်ပိုင်းတွင်မှ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ကုသရသူများနှင့် အချုပ်ခံနေရသူများရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိနေသော သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာ အကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မေတ္တာရပ်ခံ အသိပေးကြေညာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

*ဝရှေ့ဖုံးမှ*

လုပ်ငန်းအတွက် အလားအလာများ ရှိနေခြင်းဖြစ်သည်။

အလားတူ ချင်းပြည်နယ်၏ သစ်တောများ ပြန်လည်ထူထောင်ရေး (Key Biodiversity Areas) နှစ်ရှည်စီမံကိန်းတွင် ပါဝင်ပြီး လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သဘာဝနယ်မြေအဖြစ် ထည့်သွင်းဆောင်ရွက်သွားရန်လည်း ဖြစ်သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်တွင် တီးတိန်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အဆိုပါဒေသအတွင်း မြေပြင်ကွင်းဆင်း တိုင်းတာမှု ပြုလုပ်ခဲ့ရာ ယင်းတွင် မြေအနေအထား၊ သဘာဝပေါက်ပင်၊ ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေးများအရ ဟိုတယ်ဇုန်အဖြစ် သင့်တော်သည့်နေရာ တွေ့ရှိခဲ့သည်။

အဆိုပါ တွေ့ရှိရာနေရာသည် တီးတိန်မြို့နယ် ခေါဆပ်ကျေးရွာအုပ်စု သိုင်ငင်းမှ အာလွယ်ကျေးရွာအကြား ကလေး-တီးတိန်ကားလမ်း တောင်ကြောတစ်လျှောက် ကုန်းမြင့်မြက်ခင်းလွင်ပြင်ဒေသဖြစ်ပြီး စုစုပေါင်း မြေကွက်အကျယ်အဝန်းမှာ ၂၂၅ ဧက ဖြစ်သည်။

ကွင်းဆင်းတွေ့ရှိမှုအရ အဆိုပါမြေနေရာအား ယာဉ်ရပ်နားစခန်း၊ မီနီဂေါက်ကွင်း(Mini Golf)၊ အပန်းဖြေစခန်း စသည့်အများပြည်သူနေရာများအတွက် လျာထားသတ်မှတ်ထားကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုကဲ့သို့ သိုင်ငင်းဟိုတယ်ဇုန် ပေါ်ထွန်းလာခြင်းသည် ကနေဒီတောင်တန်း ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုစေမည့် ပထမခြေလှမ်းတစ်ခုလည်းဖြစ်သည်။

ချင်းပြည်နယ် မြောက်ပိုင်းတွင် အမြင့်ဆုံး ကနေဒီတောင်ထိပ် (Kennedy Peak) သည် စတုရန်းမိုင် ၄၁ မိုင်ခန့် ကျယ်ဝန်းပြီး ပင်လယ်ပြင်အမြင့် ၈၈၇၁ ပေခန့်တွင် တည်ရှိသည်။

ချင်းပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သော တောင်ဇလပ်၊ ချယ်ရီပန်းအပါအဝင် ရှားပါးအပင်များ ပေါက်ရောက်ရာနှင့် ရှားပါးသတ္တဝါများ ခိုအောင်းရာနေရာဖြစ်သည့်အပြင် ရှေးဟောင်းသမိုင်းဝင်နှင့် ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိသည့် နေရာလည်းဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကနေဒီတောင်၏ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲ များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရေးအတွက် သဘာဝနယ်မြေအမျိုးအစားတစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လာမည့် ပွင့်လင်းရာသီအတွင်း အဆိုပါတောင်တန်း၌ သဘာဝနယ်မြေ ဖွဲ့စည်းရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာမှု ပြုလုပ်သွားမည်ဟု စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ယခုကဲ့သို့ ပြောကြားခဲ့သည်။

လက်ရှိ ချင်းပြည်နယ်အတွင်း ဖွဲ့စည်းတည်ထောင်ပြီး သဘာဝခရီးသွားနယ်မြေနှစ်ခုဖြစ်သည့် ပလက်ဝမြို့နယ် ကျောက်ပန်းတောင်ဘေးမဲ့တောနှင့် နတ်မတောင် အမျိုးသားဥယျာဉ်တို့သာရှိပြီး ခရီးသွားလုပ်ငန်းအနေဖြင့် ရိမြို့နယ်(ခွဲ) ရိဒ်ရေကန်၊ ဟားခါးမြို့နယ် ဇွေပါးတောင်နှင့် ဇိမ်မူတောင်တို့ လျာထားကြောင်း ယခင်အစိုးရ၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ ကနေဒီတောင်တန်းသည်လည်း သဘာဝအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် လေ့လာနိုင်သော သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ပါဝင်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ လက်ရှိ ကနေဒီတောင်ဒေသသို့ လာရောက်ကြသော ပြည်တွင်း ပြည်ပမှ သဘာဝအခြေခံခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ယင်းဒေသခံပြည်သူများထံမှ သိရသည်။

ယင်းကဲ့သို့ အဆိုပါတောင်တန်း၌ လာရောက်လည်ပတ်ကြသူများ တိုးတက်ခဲ့သော်လည်း နိုင်ငံခြားသား ခရီးသွားဧည့်သည်များအနေဖြင့် ဟိုတယ်နှင့် တည်းခိုနေထိုင်ရေး အခက်အခဲများဖြင့် ရင်ဆိုင်နေကြရဆဲဖြစ်သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် သိုင်ငင်းဟိုတယ်ဇုန်မြေနေရာ လျာထားခြင်းသည် ဟိုတယ်နှင့်ဆက်စပ်လုပ်ငန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများအတွက် ရည်ရွယ်လျာထားခြင်းဖြစ်သည်။

ယခုအခါ သိုင်ငင်းကျေးရွာ၌ ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် ဆောက်လုပ်ထားသည့် တည်းခိုရိပ်သာ ခြောက်ခုရှိနေပြီဖြစ်ကြောင်း သိရသည်။

အလားတူ ချင်းပြည်နယ်အနေဖြင့် လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) ကို တီးတိန်မြို့နယ် လိုင်လိုးကျေးရွာမှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ ဟိုတယ်နှင့်ခရီးသွား၊ လျှပ်စစ်နှင့် စွမ်းအင်၊ စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင် ၏ ပြောကြားချက်အရ သိရသည်။

ကနေဒီတောင်တန်းဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေသော သိုင်ငင်းဟိုတယ်ဇုန်အတွက် လျာထားမြေနေရာသည် နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော တောရိုင်းမြေဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ မိုင် ၃၀ ခန့်သာ ကွာဝေးသည်။

ယခုကဲ့သို့ တီးတိန်မြို့နယ် ကနေဒီတောင်ပတ်ဝန်းကျင်ဒေသ၌ သဘာဝအခြေခံ ဟိုတယ်နှင့် အပန်းဖြေစခန်းများ တည်ဆောက်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်း တိုးတက်ရေးနှင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကာ ဆင်းရဲမှုလျှော့ချရေးအတွက် အကျိုးများစွာရရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် ယင်းတောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက် အကျိုးသက်ရောက်စေမည့်အပြင် ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောပြုန်းတီးမှုအန္တရာယ်မှ လျှော့ချနိုင်မည်ဖြစ်သည်။ **သတင်းနှင့် ဓာတ်ပုံ- CL ထန်းငါ**

# ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်နှင့် အသိပေးတိုင်ကြားခြင်းများ ပြုလုပ်နိုင်ကြောင်း ထုတ်ပြန်ခြင်း

၁။ အထက်အကြောင်းအရာနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ခွဲဝေရရှိသော ဘဏ္ဍာငွေများကို အကျိုးရှိပြီး ထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်အနည်းဆုံးဖြစ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများကိုလည်း ပြည်သူလူထုအကျိုးကို ဦးထိပ်ထား၍ ထင်သာမြင်သာရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ အကြံပြုချက်များ၊ အသိပေးတိုင်ကြားစာများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းအတွင်းရှိ email – minister_room@mohs.gov.mm သို့ ဖြစ်စေ၊ ဖက်စ်အမှတ်-၀၆၇-၄၁၁၁၉၉ သို့ ဖြစ်စေ၊ (၂၄)နာရီပတ်လုံး ဖုန်းဖွင့်ထားသည်ဖြစ်၍ ပေးပို့နိုင်ပါသည်။

၃။ ထိုသို့ပေးပို့ရာတွင်-

(က) အကြံပြုသူ၊ တိုင်တန်းသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း/ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြပေးပါရန်)၊

(ခ) အကြံပြုသူ၊ တိုင်တန်းသူသည် ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ မမှန်မကန်လုပ်ဆောင်မှု၊ အဂတိလိုက်စားမှုများကို အထောက်အထား အချက်အလက်များဖြင့် ပူးတွဲလျက် ပြည့်စုံစွာ ဖော်ပြပေးပါရန်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခြင်း၊ တိုင်ကြားခြင်းများနှင့် ပတ်သက်၍ ပေါက်ကြားခြင်း လုံးဝ(လုံးဝ)မရှိစေရန် စီစဉ်ထားပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် တတိယနေ့ဆက်လက်ကျင်းပ

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - လှမိုး**

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် တတိယနေ့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အားပေးသည်။

စာတမ်းဖတ်ပွဲ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဒေါက်တာကျော်ဝင်း၊ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)နှင့် ဦးကျော်နိုင် (ထက်မြက်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဒေါက်တာကျော်ဝင်းက စာတမ်းရှင် ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-မဟာဝိဇ္ဇာ) နှင့်မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-မဟာဝိဇ္ဇာ)က "အမျိုးသား ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့်ပတ်သက်၍ ပြည်သူ့ရဲဘော်ကပေးသော သမိုင်းသင်ခန်းစာများ" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ အလှည့်ကျ သဘာပတိ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) က စာတမ်းရှင် ဦးနေမျိုးအေး (နေမျိုးအေး)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးနေမျိုးအေး (နေမျိုးအေး)က "ခေတ်ပြိုင်သမိုင်းဆိုင်ရာ နိုင်ငံရေး ကာတွန်းများ" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဒေါက်တာတိုးလှ၊ ဒေါက်တာလှမောင်နှင့် ဒေါ်ခင်နှင်းဦး (ခင်နှင်းဦး)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဒေါက်တာ တိုးလှက စာတမ်းရှင် ဦးအေးညိန်း (ထွန်းအောင်ကျော်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအေးညိန်း(ထွန်းအောင်ကျော်)က "ပါလီမန်အစိုးရ၏ ၁၉၅၀ ပြည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့သော မြေယာပြုပြင်ပြောင်းလဲရေး(Land Reform)ကို သမိုင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ အလှည့်ကျ သဘာပတိ ဒေါက်တာလှမောင်က စာတမ်းရှင် ဦးသန်းဝင်းရွှေ (မောင်သန်းဝင်းရွှေ)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးသန်းဝင်းရွှေ (မောင်သန်းဝင်းရွှေ)က "ခေတ်သစ် မြန်မာ့စီးပွားရေးသမိုင်းမှ ခေတ်ပြိုင်သမဝါယမပညာစာပေ"စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။



ထို့နောက် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်ကြသည်။

စာတမ်းဖတ်ပွဲ စတုတ္ထနေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ စာတမ်းရှင် ကိုတာက "တစ်ပြည်လုံးပျော်ရွှင်ခြင်း"စာတမ်း၊ စာတမ်းရှင် နီမော်က "နိုင်ဝင်းဆွေ၏ဘဝနှင့် စာပေ"စာတမ်း၊ စာတမ်းရှင် ဂျေလှသင် က "အစိုးရရှိခဲ့မှန်းသိခဲ့ရသောခေတ်" စာတမ်းနှင့် စာတမ်းရှင် ထွန်းဇော်ငွေးက "မြန်မာ့မြေယာမူဝါဒ"စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၄ ရက်အထိ ဗဟိုပုံနှိပ်စက်ရုံဝင်း၌ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၂၂၀ ကျော်က သုတ၊ ရသ စာအုပ်များကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိရာ ယနေ့သည် အများပြည်သူ ရုံးပိတ်ရက် ကျောင်းပိတ်ရက်ဖြစ်၍ စာအုပ်စာပေ လာရောက်လေ့လာဝယ်ယူ အားပေးသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲ တတိယနေ့တွင် ဖတ်ကြားသည့် စာတမ်းရှင်များ၏ သဘောထားအမြင်များ

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - လှမိုး**



ဦးအောင်မြင့်ဦး
(အောင်မြင့်ဦး- မဟာဝိဇ္ဇာ)



ဦးနေမျိုးအေး
(နေမျိုးအေး)



ဦးအေးညိန်း
(ထွန်းအောင်ကျော်)



ဦးသန်းဝင်းရွှေ
(မောင်သန်းဝင်းရွှေ)

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်" တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။

ခေတ်ပြိုင် သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲ တတိယနေ့တွင် ဖတ်ကြားသည့် စာတမ်းရှင်များ၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်မှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးအောင်မြင့်ဦး**
**(အောင်မြင့်ဦး-မဟာဝိဇ္ဇာ)**

**"အမျိုးသားညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ပတ်သက်၍ ပြည်သူ့ရဲဘော်ကပေးသော သမိုင်းသင်ခန်းစာများ" စာတမ်းရှင်**

ပြည်သူ့ရဲဘော်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ထူထောင်ထားတာ၊ ဒီသမိုင်းက ပျောက်နေတာကြာပြီ။ နှစ်ပေါင်း ၇၀ လောက်ရှိနေပြီ၊ ပျောက်နေတာကြာပြီဆိုတော့ ဒီသမိုင်းကို ပြန်ဖော်ထုတ်ဖို့ အဓိကရည်ရွယ်ချက်ပါ၊ ပြည်သူ့ရဲဘော်က မြန်မာနိုင်ငံသမိုင်းမှာ နိုင်ငံရေးမကြွယ်ဝတော့ လူးလူးလွန့်လွန့် ခံခဲ့ရတယ်။ အဲဒါလေးလည်း သိစေချင်တယ်၊ နိုင်ငံရေးမှာရှိနေတဲ့ အဖွဲ့အစည်းတစ်ခုဟာ နိုင်ငံရေးဝမ်းစာပြည့်နေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီစာတမ်းကို ရေးတာပါ။

ဒီလိုစာတမ်းဖတ်ပွဲမျိုးတွေ များများလုပ်လေ ပြည်သူလူထုကို အသိပညာ၊ အတတ်ပညာ မက်ဆေ့ချ်တွေပေးနိုင်လေလေပါ၊ ဒါကြောင့် ဒီလိုပွဲတွေ များများလုပ်ဖို့ မျှော်လင့်ပါတယ်။

လူငယ်တွေ စာများများဖတ်ရမယ်။ အသိဉာဏ်ပညာ တိုးတက်ဖို့ စာများများဖတ်ဖို့လိုတယ်၊ စာသင်ခန်းကတစ်ဆင့် စာအုပ်စာပေတွေကနေ အသိပညာတွေရနိုင်မယ်၊ စာအုပ်စာပေ လူ့မိတ်တွေဆိုတဲ့အတိုင်း မိတ်ဆွေအစစ်ဖြစ်တဲ့ စာအုပ်စာပေတွေက လူတွေကို အသိဉာဏ်ပညာတိုးတက်စေဖို့ စာများများဖတ်ပါလို့ တိုက်တွန်းချင်ပါတယ်။

**ဦးနေမျိုးအေး (နေမျိုးအေး)**

**"ခေတ်ပြိုင်သမိုင်းဆိုင်ရာ နိုင်ငံရေး ကာတွန်းများ"စာတမ်းရှင်**

ခေတ်အဆက်ဆက် ကာတွန်းတွေ ပေါ်ပေါက်လာခဲ့ကြတယ်၊ ၁၉၄၈ ခုနှစ်ကနေ ၂၀၁၆ ခုနှစ် ကာတွန်းတွေဖတ်ခဲ့တယ်။ ကာတွန်းတွေက ခေတ်အလိုက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသဖြင့် ဖော်ပြနိုင်တယ်။ ခေတ်အလိုက် နိုင်ငံရေးကာတွန်းတွေကို ဖတ်ကြရင် သူတို့ ဘာတွေချို့ယွင်းချက်ရှိသလဲ၊ ဘာတွေ အားသာချက်ရှိသလဲဆိုပြီး ခေတ်အလိုက် သိရတာပေါ့။ နောက်ရေးမယ့် ကာတွန်းဆရာတွေဖြစ်စေ၊ စာပေသမားတွေပဲဖြစ်စေ ကာတွန်းတွေကတစ်ဆင့် နိုင်ငံရေးအခြေအနေတွေကို သုံးသပ်နိုင်ပြီး ဒီနိုင်ငံ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မလဲ၊ ဘာတွေကို ဆောင်ရမလဲ၊ ဘာတွေကို ရှောင်ရမလဲဆိုတဲ့ အချက်အလက်တွေ သိနိုင်မယ်။ ကာတွန်းတွေကို ဖတ်ရှုခြင်းအားဖြင့် အသိအမြင်ဗဟုသုတတွေ အများကြီး ပြည့်စုံကြွယ်ဝနိုင်တယ်။ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝတဲ့ တိုင်းပြည်မှာသာလျှင် ဖွံ့ဖြိုးတိုးတက်နိုင်တယ်ဆိုတာပြောချင်ပါတယ်။ စာတမ်းဖတ်ပွဲတွေ လုပ်ပေးခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ၊ အသိအမြင် ဗဟုသုတတွေ အများကြီး ပြည့်စုံကြွယ်ဝနိုင်မယ်လို့ ပြောချင်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း စာတမ်းဖတ်ပွဲတွေ အများကြီး ကျင်းပနိုင်ပါစေ၊ ပြည်သူလူထုအနေနဲ့လည်း စာပေဖတ်ရှုခြင်းတွေမှာ ခုထက်ပိုပြီးအင်အားပိုမိုတိုးတက်လာပါစေ။

**ဦးအေးညိန်း(ထွန်းအောင်ကျော်)**

**"ပါလီမန်အစိုးရ၏ ၁၉၅၀ ပြည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့သော မြေယာပြုပြင်ပြောင်းလဲရေး (Land Reform) ကို သမိုင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" စာတမ်းရှင်**

ဒီလောကထဲမှာရှိတဲ့ အဖြစ်အပျက်တိုင်းက အကြောင်းအကျိုးဖြစ်စဉ်အတိုင်း သွားနေတာ၊ အကြောင်းတရားကြောင့် အကျိုးတရားတစ်ခုဖြစ်တယ်။ အကျိုးတရားကပဲ အကြောင်းတရားတစ်ခုဖြစ်ပေါ်စေတယ်။ ဒါကြောင့် အကျိုးအကြောင်း သံသရာလည်နေတယ်၊ အတိတ်က ပစ္စုပ္ပန်ကိုဖြစ်စေတယ်၊ ပစ္စုပ္ပန်ကို နားလည်ဖို့ အတိတ်ကို ပြန်ပြီးတော့ ကြောင်းကျိုး ဆီလျော်အောင် ဆန်းစစ်ဖို့လိုတယ်၊ အတိတ်က သေသေချာချာ ဆန်းစစ်မယ်ဆိုရင် ပစ္စုပ္ပန်မှာဘာတွေက ဘာကြောင့်ဖြစ်နေရတာလဲဆိုတာ နားလည်မယ်၊ နားလည်တာနဲ့အမျှ ပစ္စုပ္ပန်မှာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အကောင်းဆုံးအကျိုးအရှိဆုံး လမ်းကြောင်းတွေကို ဖော်နိုင်မယ်၊ လုပ်ပေးနိုင်မယ်။ အနာဂတ်မျိုးဆက်အတွက်ကိုလည်း အကောင်းဆုံးအကျိုးအရှိဆုံး လမ်းကြောင်းတွေကို ဖော်ပြနိုင်မယ့် စာတမ်းကိုရေးတဲ့နေရာမှာ ဒီအတွေးအမြင်ကို အခြေခံတယ်၊ စာတမ်းဖတ်ပွဲဆိုတာ လူမှုအဖွဲ့အစည်းတွေမှာ အများကြီး လိုအပ်ပါတယ်၊ စာတမ်းဖတ်ပွဲတွေ အများကြီးရှိလာတဲ့အခါကျရင် စိတ်ကူးအသစ်တွေ ပေါ်လာမယ်၊ စိတ်ကူးအသစ်တွေကနေပြီး စာဖတ်သူတွေပဲဖြစ်ဖြစ် လူအချင်းချင်းကြားမှာ စီးဆင်းမှုတွေ ရှိလာမယ်၊ အတွေးအခေါ်သစ်တွေ ပြန့်ပွားလာမယ်။ ဒီနည်းနဲ့ လူနေမှုအဖွဲ့အစည်းကြီးက ဖွံ့ဖြိုးတိုးတက်လာမယ်၊ လူငယ်တွေအနေနဲ့ အရင်က မရှိခဲ့တဲ့နည်းပညာတိုးတက်လာတာနဲ့အမျှ သုံးပိုင်ခွင့်တွေရှိလာတယ်။ စာဖတ်ဖို့လိုတယ်။ စာဖတ်တဲ့နေရာမှာ ဖြစ်နိုင်သမျှ ကိုယ့်ရဲ့စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် စာကောင်းပေကောင်းဖတ်ဖို့ လိုတယ်။ သမိုင်းဆိုင်ရာစာပေတွေကို ပိုပြီးဖတ်စေချင်တယ်။ လူတိုင်းသမိုင်းဖတ်မှ အတိတ်ကို နားလည်မယ်၊ အတိတ်နားလည်မှ လက်ရှိ ဘာတွေဖြစ်နေတာလဲဆိုတာ နားလည်မယ်၊ လူငယ်တွေသိမှဖြစ်မယ်။ အထူးသဖြင့် သမိုင်းဆိုင်ရာ စာပေတွေကို များများဖတ်စေချင်တယ်။

**ဦးသန်းဝင်းရွှေ (မောင်သန်းဝင်းရွှေ)**

**"ခေတ်သစ် မြန်မာ့စီးပွားရေး သမိုင်းမှ ခေတ်ပြိုင်သမဝါယမပညာ စာပေ"စာတမ်းရှင်**

သမဝါယမပညာဆိုတာက စီးပွားရေးပညာရော၊ ဥပဒေပညာရော နှစ်ခုဆုံမှု၊ စွယ်စုံရမှု၊ သမဝါယမပညာကို ထွန်းထွန်းပေါက်ပေါက်လုပ်နိုင်မှာပါ၊ သမဝါယမပညာကို အထူးလေ့လာခဲ့တာ တစ်ပိုင်း၊ စီးပွားရေးပညာသည် တစ်ယောက်ဖြစ်တာလည်း တစ်ပိုင်း၊ ဥပဒေပညာသည် ဖြစ်တာလည်းတစ်ပိုင်း မို့လို့ သမဝါယမပညာဟာ စီးပွားရေး စနစ်တိုင်း စနစ်တိုင်းမှာ အလိုအပ်ဆုံး စီးပွားရေးပညာရပ်တစ်ခုဖြစ်တယ်။ မျက်မှောက်ကာလ ဒီမိုကရေစီထွန်းကားရေး ခေတ်မှာလည်း သမဝါယမစီးပွားရေး မပါဘဲနဲ့ နိုင်ငံ ထူထောင်လို့ မရဘူး၊ ဒါ့ကြောင့် စီးပွားရေးထူထောင်တဲ့နေရာမှာ သမဝါယမကို ဦးစားပေး ထူထောင်နိုင်ဖို့အတွက် ဖဆပလခေတ် သမဝါယမနဲ့ မဆလခေတ် သမဝါယမကို အဓိကထားပြီး သမဝါယမပညာပေးစာပေတွေ လူထုအတွင်း ထိုးဖောက်နိုင်းယှဉ်ဖော်ပြချင်လို့ တင်ပြခြင်း ဖြစ်ပါတယ်။ စာတမ်းဖတ်ပွဲတွေ ကျင်းပပေးတာ အင်မတန်ကောင်းတဲ့ အစဉ်အလာတစ်ခုဖြစ်ပါတယ်။ ဒီစာတမ်းဖတ်ပွဲက ပိုပြီး လွတ်လွတ်လပ်လပ် ဖော်ပြခွင့်ရတဲ့အတွက် နိုင်ငံရေးအရရော၊ စီးပွားရေးအရရော၊ မျက်မှောက်ရေးရာအရရော အလွန်အကျိုးပြုပါတယ်။ သမဝါယမကို စိတ်ဝင်စားစွာဖြင့် လူငယ်တွေ ပါဝင်လာရင် မြန်မာနိုင်ငံက ကမ္ဘာမှာ ရင်ပေါင်တန်းနိုင်မယ့် စီးပွားရေးနိုင်ငံကြီး တစ်နိုင်ငံအဖြစ် မားမားမတ်မတ်ရပ်တည် လာနိုင်မယ်။ ဒါ့ကြောင့်မို့ ဥပဒေပညာကို စီးပွားရေးပညာနဲ့ပူးတွဲပြီး လေ့လာပါ၊ ဥပဒေတတ်သော စီးပွားရေးပညာသည်၊ စီးပွားရေးတတ်သော ဥပဒေပညာသည် ဆိုတဲ့ အဖိုးတန် စွယ်စုံရပညာသည်ဖြစ်ရင် နိုင်ငံကို အများကြီး အကျိုးပြုနိုင်မယ်ဆိုတာ လူငယ်တွေကို အထူးသိစေချင်ပါတယ်။

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# အလင်းတန်းဖြာဝေ အနာဂတ်မြန်မာပြည်

**သတင်းဆောင်းပါး - သိမ့်သိမ့်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ- ထိန်နန်နော်၊ လျှပ်စစ်**

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာလည်း နှစ်စဉ်တိုးတက်များပြားလာမည်ဖြစ်ရာ နှစ်စဉ်တိုးတက်လာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရေတိုရေရှည်စီမံကိန်းများရေးဆွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်မြင့်တင်နိုင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန် ခုနစ်လတာကာလအတွင်း ၂၃၀ ကေဗွီဓာတ်အားလိုင်း ၂၀၆ မိုင်၊ ၆၆ ကေဗွီဓာတ်အားလိုင်း မိုင် ၁၉၀၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၄ မိုင်၊ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၃၂ မိုင်နှင့် ၄၀၀ဗို့ ဓာတ်အားလိုင်း ၁၇၃ မိုင်တို့ ဆက်သွယ်ခြင်း၊ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ ၁၄ ရုံ၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ ၁၃ ရုံနှင့် ၁၁/၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ၁၇၃ ရုံတို့ တည်ဆောက်ခြင်းများဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ကျေးရွာ ၁၁၆၁ ရွာ၊ အိမ်ထောင်စုပေါင်း ၂၁၃၇၇၇ စုကို လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်ထံမှ သိရသည်။

"ကျေးလက်ဒေသ မီးလင်းရေးနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ရန်ပုံငွေကိုသုံးစွဲပြီး ဆောင်ရွက်သလို၊ နိုင်ငံတကာရဲ့ အကူအညီကိုလည်းရယူပါတယ်။ ဒါ့အပြင် ပြင်ပချေးငွေတွေနဲ့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်ရန်ပုံငွေဆိုတာကတော့ ကဏ္ဍအသီးသီးအတွက် ရှုထောင့်စုံနဲ့သုံးသပ်ပြီးမှ ခွဲဝေချထားပေးတာဖြစ်လို့ ဝန်ကြီးဌာနကနေပြီး အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အလားတူ ဦးစားပေးအစီအစဉ်အရအဆင့်လိုက် ဆောင်ရွက်ရတာဖြစ်လို့ တချို့နေရာဒေသတွေမှာ ကျေးလက်မီးလင်းရေးကော်မတီတွေ ဖွဲ့စည်းပြီး ဒေသရဲ့လိုအပ်ချက်နဲ့အညီ ငွေကြေးထည့်ဝင်ဆောင်ရွက်ကြတာတွေလည်းရှိတဲ့အတွက် သုံးစွဲနိုင်မှု ပိုလာမှာဖြစ်ပါတယ်။ ဒါပေမယ့် မီးလင်းရေးကော်မတီတွေရဲ့အခက်အခဲကတော့ တည်ဆောက်ပြီး အခြေခံလျှပ်စစ်ပစ္စည်းအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရယ်၊ ငွေစာရင်းရှင်းလင်းမှုဆိုင်ရာကိစ္စရပ်တွေရယ်၊ အချို့သောပုဂ္ဂလိကဆိုင်ရာ ပဋိပက္ခတွေကိုတော့ နိုင်နင်းအောင်ဖြေရှင်းရပါလိမ့်မယ်။ ဥပမာ-ပြင်ပစာရင်းစစ်အဖွဲ့အစည်းတွေနဲ့ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဝန်ကြီးဌာနကတော့ နည်းပညာဆိုင်ရာအကြံပေးခြင်းကိစ္စကို ကူညီထိန်းကျောင်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ၄င်းက ပြောသည်။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတ ကာအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲထားသည့် ပင်မစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စီမံချက်များအတိုင်း စီမံကိန်းများကိုစိစစ်ကာ အချိုးညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် Myanmar Energy Master Plan ကို ADB ၏ အကူအညီဖြင့် လည်းကောင်း၊ National Electricity Master Plan (NEMP) ကို ဂျပန်နိုင်ငံ JICA ၏ အကူအညီဖြင့်လည်းကောင်း၊ National Electrification Plan (NEP) ကို World Bank ၏ အကူအညီဖြင့် လည်းကောင်း၊ National Energy Policy ကို ADB အကူအညီဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တိုးတက်သုံးစွဲလာတဲ့ လျှပ်စစ်ဓာတ်အားအတွက် လိုအပ်ချက် ကြိုတင်ခန့်မှန်းတွက်ချက်မှုတွေပြုလုပ်ပြီး တိုးတက်လာတဲ့ သုံးစွဲမှုနဲ့လိုက်လျောညီထွေလည်းရှိ၊ အရန် ဓာတ်အားလည်းရရှိစေဖို့ ဓာတ်အားပေးစက်ရုံအသစ်တွေတည်ဆောက်ရပါတယ်။ စက်ရုံတွေတည်ဆောက်ရာမှာ တော့ အခုချက်ချင်းဆောက်၊ အခုချက်ချင်းမရပါဘူး။ လေးငါးနှစ်ကနေ ၁၀ နှစ်အထိ အချိန်ပေးရပါတယ်။ စက်ရုံအမျိုးအစားအပေါ်လည်းမူတည်ပါတယ်။ ဒါကြောင့် နောင်လေးငါးနှစ်အတွက်ကို အခုလောက်ထဲကနေ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလားတူ ထွက်ရှိလာတဲ့ လျှပ်စစ်ဓာတ်အားကို သယ်ပို့ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားလိုင်းတွေ၊ ရုံးခွဲတွေကိုလည်း ဟန်ချက်ညီညီ စီမံချက်ချပြီး တည်ဆောက်ရပါတယ်" ဟု ဓာတ်အားပေးစက်ရုံများတည်ဆောက်ရေးနှင့်ပတ်သက်ပြီး ဦးဟိန်းထက်က ပြောပြသည်။

ယခုလက်ရှိတွင် ရေအားလျှပ်စစ်စက်ရုံများ သဘာဝဓာတ်ငွေ့နှင့် စွန့်ထုတ်အပူသုံးစက်ရုံများမှ ဓာတ်အားထုတ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံသည် မြစ်ချောင်းများပေါများသည့်အတွက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်အတွက် အရင်းအမြစ်များစွာရှိနေကာ လေစသည်တို့ အကောင်အထည်ဖော်ရန်လည်း ဆောင်ရွက်နေကြောင်း၊ သို့သော် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့်အတိုင်း ပင်မစီမံချက်အရ စွမ်းအင်ပေါင်းစပ်သုံးစွဲမှုစီမံချက် (Generation Mix) အရ အချိုးအစားအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"လျှပ်စစ်ကဏ္ဍမှာ တည်ဆောက်ရေး၊ ထုတ်လုပ်ရေး၊ ပို့လွှတ်ရေး၊ ဖြန့်ဖြူးရေးဆိုပြီး ကဏ္ဍလေးခုရှိပါတယ်။ စက်ရုံတွေတည်ဆောက်မှုမရှိရင် ဘယ်လိုနည်းနဲ့မှ လျှပ်စစ်မီးကို တည်တည်ငြိမ်ငြိမ်နဲ့ ရရှိမှာမဟုတ်ပါဘူး၊ ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်မှသာ ဓာတ်အားရမှာဖြစ်ပါတယ်။ တချို့နေရာတွေမှာ လူထုကစိုးရိမ်စိတ်တွေများကြတယ်။ နောက်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးသွားမလားဆိုပြီး စိုးရိမ်နေတာကို တွေ့ရပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုရင် လျှပ်စစ်မီးရရှိမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ။ ဥပမာဆေးရုံတစ်ရုံမှာ လျှပ်စစ်မီးမရဘူးဆိုရင် ကျန်းမာရေးနဲ့ပတ်သက်ပြီး အခက်အခဲတွေဖြစ်မယ်။ ပညာရေးကဏ္ဍမှာဆိုရင်လည်းဓာတ်ခွဲခန်းတွေရှိတယ်။ အဲဒါတွေ မလည်ပတ်နိုင်ဘူး။ လျှပ်စစ်မီးမရဘူးဆိုရင် တိုးတက်မှာမဟုတ်ပါဘူး။ လျှပ်စစ်မီးကတော့ အခြေခံပါပဲ။ ပြည်သူတွေအနေနဲ့ အနာဂတ်မှာတည်ဆောက်မယ့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို ဖြူစင်တဲ့စိတ်ထားနဲ့ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အများကြီးတိုးတက်လာနိုင်ပါတယ် "ဟု ၄င်းကပြောသည်။



ဦးဟိန်းထက်

**"လျှပ်စစ်ကဏ္ဍမှာ တည်ဆောက်ရေး၊ ထုတ်လုပ်ရေး၊ ပို့လွှတ်ရေး၊ ဖြန့်ဖြူးရေးဆိုပြီး ကဏ္ဍလေးခုရှိပါတယ်။ စက်ရုံ တွေတည်ဆောက်မှုမရှိရင် ဘယ်လိုနည်းနဲ့မှ လျှပ်စစ်မီးကို တည်တည်ငြိမ်ငြိမ်နဲ့ ရရှိမှာမဟုတ်ပါဘူး၊ ဓာတ်အားပေးစက်ရုံတွေတည်ဆောက်မှသာ ဓာတ်အားရမှာဖြစ်ပါတယ်**

ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်မီးကိုဈေးသင့်လျော်သောနှုန်းထားဖြင့် တည်တည်ငြိမ်ငြိမ်နှင့် လိုအပ်သလောက်ရရှိစေရန် အရေးကြီးဆုံးဖြစ်သည့်အတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ခြင်းဖြင့် ပို၍အောင်မြင်လာမည်ဖြစ်ကြောင်း ၄င်းကဆက်လက်ပြောသည်။

"အဓိကကျတာကတော့ ကျွန်တော်တို့နိုင်ငံလိုတိုးတက်ဖွံ့ဖြိုးမှုအတွက် အားယူနေရတဲ့ နိုင်ငံအတွက်ကတော့ လျှပ်စစ်စွမ်းအင်ကိုသင့်တင့်တဲ့ ဈေးနှုန်းနဲ့ စဉ်ဆက်မပြတ်ရရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ထုတ်လုပ်ရရှိနိုင်ဖို့ဖြစ်ပါတယ်။ ဒီနေရာမှာ ရေအားလျှပ်စစ်ကတော့ ဈေးအသက်သာဆုံးဖြစ်နေတယ်။ ဓာတ်အားခနှုန်းထားကိုကြည့်မယ်ဆိုရင်လည်း အခြေခံဓာတ်အားခဟာ အရှေ့တောင်အာရှမှာရော နိုင်ငံတကာမှာပါ တော်တော်နည်းတဲ့ နှုန်းထားဖြစ်နေပါတယ်။ ဒါကြောင့်မို့ အချို့သော ရင်းနှီးမြှုပ်နှံသူများက စဉ်းစားနေဆဲဖြစ်သလို၊ နိုင်ငံတော်ကလည်းစိုက်ထုတ်ရတဲ့အတွက် အခြားကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခက်အခဲဖြစ်စေပါတယ်"ဟု ၄င်းက ပြောသည်။

မကြာခဏ မီးပျက်ခြင်းနှင့်ပတ်သက်၍ ၄င်းက "အဓိကပျက်လေ့ပျက်ထရှိတာကတော့ ရာသီဥတုရယ်၊ ပြင်ပအနှောင့်အယှက် တစ်စုံတစ်ခုကြောင့်ရယ် ဖြစ်တတ်တဲ့သဘာဝရှိပါတယ်။ ဒီလို ပွင့်လင်းရာသီမှာဆိုရင်တော့ ဖြစ်ခဲပါတယ်။ အဓိကဖြစ်တာကတော့ မိုးရာသီလိုအချိန်မျိုးမှာ ဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင်လည်း အချိန်မကြာအောင် အဆင့်ဆင့်ကနေကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဓာတ်အားစနစ်တည်ငြိမ်ရေးအတွက်လည်း ပိုပြီးကောင်းအောင် ဆောင်ရွက်လျက်ရှိပါတယ် "ဟုပြောသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုများတွင် အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးမှုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် အသိပညာပေးခြင်းများကို မီဒီယာများမှ လည်းကောင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့် လည်းကောင်း၊ မြေစိုက် ပိုစတာများစိုက်ထူခြင်းဖြင့် လည်းကောင်း နေရာဒေသအနှံ့ကွင်းဆင်း၍ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုနဲ့ ထဲထဲဝင်ဝင် ဆက်ဆံပြီးတော့ ကျောင်းတွေ၊ အလုပ်ရုံတွေမှာဟောပြောပွဲတွေ လုပ်ပေးတယ်။ နောက်တစ်ခုကတော့ လျှပ်စစ်မီးတရားမဝင်သွယ်တန်းတာ ကျွန်တော်တို့နိုင်ငံမှာ အများကြီးရှိပါတယ်။ အရေးယူဆောင်ရွက်မှုတွေလည်း လုပ်နေပါတယ်။ တစ်အချက်ကတော့ တရားမဝင်သွယ်တန်းလို့ရှိရင် စံချိန်စံညွှန်းနဲ့မမီတဲ့ ပစ္စည်းတွေသုံးမယ်။ စံချိန်စံနှုန်းမမီ တဲ့ သွယ်တန်းမှုတွေလုပ်ရင် လူလည်းအသက်အန္တရာယ်ရှိသလို မီးဘေးအန္တရာယ်လည်း အများကြီးရှိပါတယ်။ နောက်ပြီး ဥပဒေရှုထောင့်ကကြည့်ရင်လည်း မလုပ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါတွေကို ပြည်သူတွေသိအောင်လည်း ပြောပါတယ်။ အဲဒီလို ရှောင်ကြဉ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် လျှပ်စစ်အန္တရာယ်ကင်းဝေးဖို့ တော်တော်တိုးတက်လာမှာဖြစ်ပါတယ်"ဟု ၄င်းကပြောသည်။

ကျေးလက်နေပြည်သူများ၏ စုပေါင်းအားဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်မှုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အားပေးခွင့်ပြုလျက်ရှိရာ ယခုလက်ရှိတွင် ကျေးရွာပေါင်း ၃၃၇ ရွာအား လျှပ်စစ်ဓာတ်အားရယူအသုံးပြုရန် ခွင့်ပြုပေးနိုင်ခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင်လည်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ရေးဆွဲကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အနာဂတ်မြန်မာနိုင်ငံတွင် အလင်းတန်းများဖြာဝေလာတော့မည်ဖြစ်ပေသည်။



# မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ပညာရှင်၊ ပညာရှိကြီးများသည် ပူဇော်ထိုက်သူများဖြစ်သည့်အတွက် ပူဇော်ကန်တော့ခြင်း ဖြစ်ကြောင်း၊ စာပေဖြင့် ကျေးဇူးပြုခဲ့သည့် ကျေးဇူးရှင်များဖြစ်သည့်အတွက် သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အလှူရှင်များ၏ လှူဒါန်းငွေစာရင်းကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးက လှူဒါန်းငွေကျပ် သိန်း ၆၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် အခြားအသင်းအဖွဲ့အစည်းများ၊ အလှူရှင်များ၏ လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌက လက်ခံသည်။



ဆက်လက်၍ ကန်တော့ခံသက်ကြီး စာပေပညာရှင်များအား တက်ရောက်လာကြသူများက ကန်တော့ချီးဖြင့် လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးစာပေပညာရှင်များကိုယ်စား ဆရာမကြီး ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)က ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများအား ကန်တော့ပစ္စည်းနှင့် အလှူငွေများ လက်ရောက်ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးစာပေပညာရှင် ၁၄၆ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲနှင့် ပစ္စည်းမျိုးစုံကို ဂါရဝပြု ထောက်ပံ့လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေပညာရှင်များကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စာပေလောကဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ပြန်ကြားရေးဝန်ကြီးဌာနလို အစိုးရပိုင်းက ဆောင်ရွက်ပေးနိုင်တဲ့ အပိုင်းတွေရှိသလို မြန်မာစာပေလောကသားတွေအားလုံးကလည်း တက်တက်ကြွကြွလုပ်ဖို့ လိုပါတယ်

ရန်ကုန် ဒီဇင်ဘာ ၃

**မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲအခမ်းအနားကိုယနေ့ နံနက်က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။**

**အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံစာပေပညာရှင်ကြီးများ၏ မျိုးဆက်သစ် စာပေနှင့် စာရေးဆရာများအပေါ်ထားရှိသောသဘောထားအမြင်များကိုစုစည်းတင်ပြလိုက်ရပါသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်



ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)



ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး)



ဦးကျော်ဝင်း (မနုဿကျော်ဝင်း)

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်**

ပြန်ကြားရေးဝန်ကြီးဌာနဆိုရင်တော့ များသောအားဖြင့် သတင်းစာတို့ ရေဒီယိုတို့ ရုပ်မြင်သံကြားတို့ ဒါတွေနဲ့ပဲသက်ဆိုင် တယ်လို့ ထင်တတ်ကြတယ်။ တကယ်ကတော့ ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေနဲ့လည်း ပတ်သက်ပါတယ်။ မြန်မာစာပေတိုးတက် မြင့်မားရေးအတွက်ကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ အခုလောလောဆယ်ပဲ သိမ်ဖြူလမ်းမှာ ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော်နဲ့ စာပေဆွေးနွေးပွဲ လုပ်နေတာတွေ ရှိတယ်။ မိုးရာသီတုန်းကလည်း တစ်ပွဲလုပ်ခဲ့တယ်။ နေပြည်တော်မှာ ကလေးစာပေပွဲတော်လုပ်တယ်။ မန္တလေးမှာ နောက်လဆိုရင် စာပေပွဲတော်လုပ်မယ်။ ပြန်ကြားရေ ဝန်ကြီး ဌာနဟာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တွေအများကြီးလုပ်ဖို့ရှိတယ်။ အဲဒီလို လုပ်တဲ့နေရာမှာ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့၊ စာရေးဆရာသမဂ္ဂတို့ နောက် ကဗျာဆရာများအဖွဲ့အစည်းတွေ စသဖြင့်ပေါ့။ စာပေဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ဖို့ အမြဲတမ်းအဆင်သင့်ရှိတယ်။ ဖိတ်ခေါ်ပြီးတော့လည်း လုပ်နေတယ်။

စာပေလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနလို အစိုးရပိုင်းက ဆောင်ရွက်ပေးနိုင်တဲ့ အပိုင်းတွေရှိသလို မြန်မာစာပေလောကသားတွေအားလုံးကလည်း တက်တက်ကြွကြွလုပ်ဖို့ လိုပါတယ်။ စာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် စာရေးသူတွေ စာရေးဖို့ လိုတယ်။ စာကြည့်တိုက်တွေ ရှိဖို့လိုတယ်။ ဒီနိုင်ငံသားအားလုံး စာပေဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာတွေ အသိပညာကြွယ်ဝရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဒါကိုစိတ်ဝင်စားတဲ့သူအားလုံးက ကိုယ်သက်ဆိုင်တဲ့နေရာအသီးသီးကနေ ပါဝင်ဆောင်ရွက်ဖို့လိုတယ်လို့ ပြောချင်ပါတယ်။

**ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)**

ကျွန်တော်က ဘာသာပြန်ဝတ္ထု၊ နိုင်ငံရေး၊ အတ္ထုပ္ပတ္တိ၊ ဗဟုသုတတက်ကျမ်း အဲဒီလိုအစုံပါပဲ၊ ရေးခဲ့တာတော့ လိုင်းစုံရေးပါတယ်။ လူငယ်စာရေးဆရာတွေအနေနဲ့ ဘာသာပြန်အရေးအသား တိုးတက်လာဖို့ဆိုရင် ကိုယ်တိုင်ကြိုးစားဖို့ပါပဲ။ ဝါသနာပါရင် ဖြစ်ပါတယ်။ ဒါကသင်တန်းလည်းမရှိဘူး၊ ကျောင်းလည်းမရှိဘူးဆိုတော့ ကိုယ်တိုင်ကြိုးစားရမယ်။ အလေ့အကျင့်လည်း လိုတာပေါ့။ လက်ကောင်းတဲ့ လူငယ်တွေရှိပါတယ်။ ဆက်တိုက်လုပ်ဖို့ အရေးကြီးတယ်။ လူငယ်တွေ တော်ကြပါတယ်။ ဒါပေမယ့် သူတို့ကမဂ္ဂဇင်းလောက်ပဲလုပ်ကြတယ်။ ပြတ်တောင်းပြတ်တောင်းနဲ့၊ အမှန်ကလုံးချင်းတွေပါ ဘာသာပြန်ရမယ်ပေါ့။ လိုင်းစုံပေါ့။ စီးပွားရေး၊ လူမှုရေးဝတ္ထု၊ တက်ကျမ်းတွေ စတဲ့ တိုင်းပြည်အကျိုးပြု စာအုပ်တွေကို ဘာသာပြန်ဖို့လိုပါတယ်။ လူငယ်တွေရှိပေမယ့် သူတို့ကဆက်တိုက်မလုပ်ကြဘူး။ ဆက်တိုက်လုပ်သွားရင် သူတို့ တိုးတက်လာမှာပဲ။

**ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး)**

မျိုးဆက်သစ် စာရေးဆရာတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်လုပ်၊ စာရေးတဲ့အခါမှာလည်း တိုင်းပြည်အကျိုးပြုစာပေတွေရေး၊ ကဗျာစပ်တဲ့အခါမှာလည်း အကျိုးပြုစာပေစပ်၊ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ တိုင်းပြည်ကြီးပွားအောင်လုပ်ကြလို့ မှာချင်တယ်။

**ဦးကျော်ဝင်း (မနုဿကျော်ဝင်း)**

စာရေးတဲ့ကလေးတွေဟာ ကိုယ်တွေ့နဲ့ ဗဟုသုတရှိရမယ်။ စာပေဗဟုသုတလည်း ရှိရမယ်။ Facebook ကြည့်တာတို့ ဘာတို့ ဆိုတာ ကောင်းတာလည်း ရှိတယ်။ မကောင်းတာလည်း ရှိတယ်။ ဒါပေမယ့် စာပေကို ကိုယ့်ဂန္ထဝင်စာပေကို လေ့လာရမယ်။ တချို့ဆိုရင် စာရေးဆရာဦးပုညဆိုရင် မသိဘူး။ နတ်ရှင်နောင်တို့ ဒိုင်းခင်ခင်တို့ မောင်ဖေငယ်တို့ဆိုတာ ဘာမှန်းမသိဘူး။ အဲလိုမသိဘဲနဲ့ စာရေးလို့မရဘူး။ ရှေးတုန်းကစာဆိုတော်ကြီးတွေရဲ့အတ္ထုပ္ပတ္တိတွေလည်းဖတ်ရမယ်။ သူတို့ ဘယ်လိုနိုင်ငံတော်ကိုချစ်ပြီး စာရေးခဲ့တာတွေ၊ အဲဒါတွေကိုလည်း လေ့လာရမယ်။ အခုခေတ် နိုင်ငံတော်မှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေလိုအပ်နေလဲ၊ အဲဒါတွေကိုလည်းလေ့လာရမှာလေ။ သတင်းစာ မဖတ်လို့လည်း ဗဟုသုတမရှိဘူး။ တီဗွီမကြည့်လို့လည်း ဗဟုသုတမရှိဘူး။ ကိုယ့်ဟာကိုယ် ဖုန်းကြည့်နေလို့လည်း ဗဟုသုတမရှိဘူးလေ။ အဲဒီတော့ ဗဟုသုတရှိအောင်၊ ကိုယ့်ကိုယ်ကိုယ်ကျန်းမာအောင် စာတွေဖတ်ပါ။ စာတွေရေးပါ။ စာတွေဖတ်တာ၊ စာတွေရေးတာဟာ တိုင်းပြည်အကျိုးပြုစာပေဖြစ်ပါစေ။

**ဦးကျော်ဝင်း (မနုဿကျော်ဝင်း)**

မြန်မာစာပေက ပုဂံခေတ်ကစခဲ့တယ်လေ။ နောက် အင်းဝခေတ်မှာတော့ မြန်မာစာပေရဲ့ ရွှေခေတ်ဆိုပြီးတော့ ထိပ်ဆုံးလောက် သမိုင်းစဉ်ခေတ်မှာ ရောက်ခဲ့တယ်။ နောက် နယ်ချဲ့အင်္ဂလိပ်ခေတ်ကျတော့လည်း လူမျိုးခြားလက်အောက်ရောက်နေပေမယ့် ဆရာတို့ မြန်မာစာပေဟာ နိမ့်ကျသွားတယ်လို့ မရှိဘူး။ ကမ္ဘာ့စာပေပါ ဝင်လာပြီး ကောင်းတာတွေကိုဘာသာပြန်တယ်၊ မှီငြမ်းတယ်၊ နောက် မွေးစားတာတွေရှိတယ်။ အဲဒီလိုနည်းနဲ့ မြန်မာစာပေဟာနယ်ချဲ့အင်္ဂလိပ် လက်အောက်ခံဘဝမှာ ပိုပြီးတော့ ကျယ်ပြန့်တိုးတက်လာတဲ့သဘောပေါ့။ နောက်ပိုင်း လွတ်လပ်ရေးရပြီးတဲ့ခေတ်မှာလည်း မြန်မာစာပေဆက်ပြီးတိုးတက်ခဲ့တယ်။ ဒါပေမယ့် ဒီဘက်ခေတ်ကျတော့ အိုင်တီလို့ခေါ်တဲ့ Information Technology က သိပ်ပြီး မြင့်လာတဲ့အခါကျတော့ စာဖတ်တဲ့သူတွေနည်းလာတာပေါ့။ အခုလုပ်နေတာက အရင်က စာမတတ်သူပပျောက်ရေး၊ အခုဟာကစာမဖတ်သူပပျောက်ရေးဆိုတဲ့ ကြွေးကြော်သံနဲ့ လုပ်နေရတဲ့အချိန်။ ဒီအတိုင်းဆက်သွားရင်တော့ အိုင်တီကလည်း သိပ်မြင့်မားလာမယ်။ သိပ္ပံကိရိယာတွေကလည်း ပိုပြီးတော့ပေါ်လာမယ်ဆိုရင် စာအုပ်စာပေဟာနောင်တစ်ခေတ်မှာ ဒီလိုအသွင်သဏ္ဌာန်နဲ့ ဆက်ရှိနိုင်ဦးမလားဆိုတာ စဉ်းစားစရာပေါ့။ ဒါပေမယ့် မပျောက်သွားမှာကတော့ စာရေးဆရာတွေပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သုတဆိုတဲ့ စာပေကအချက်အလက်တွေနဲ့ ရိုးရိုးစင်းစင်းရေးလို့ရပေမယ့် ရသစာပေကျတော့ စာရေးဆရာရဲ့ ဦးနှောက်နဲ့ နှလုံးသားနဲ့ပေါင်းစပ်ပြီးမှ ဖန်တီး ရယူရတာဆိုတော့ စက်ရုပ်တွေမှာ ဦးနှောက်လည်း မရှိဘူး။ နှလုံးသားလည်းမရှိဘူး။ သူတို့အနေနဲ့ ဘယ်လိုမှ ဖန်တီးနိုင်မှာမဟုတ်ဘူး။ အဲဒီတော့ စာရေးဆရာတွေက ဆက်ရှိမှာပဲ။ သူတို့ပေးတဲ့ အနုပညာတွေနဲ့ပဲရုပ်ရှင်တို့ ဗီဒီယိုတို့အပါအဝင်ပေါ့။ ဒါတွေကလည်း စာပေကိုအခြေခံပြီးမှ လုပ်ဆောင်ရတာ၊ တည်ဆောက်ရတာ ဖြစ်လေတော့ စာရေးဆရာတွေရဲ့အခန်းကဏ္ဍဟာ ဆက်ရှိနေမှာ ဖြစ်ပါတယ်။

**အမေးအရေး- တင်စိုး(မြန်မာ့အလင်း)**

**ထင်ပေါ်ဝင်း**

## လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း (Overheating or Overloading) နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့်မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝိုင်ယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချ သတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ(Safe Guard) ချွတ်ယွင်းပါက အလိုအလျောက် (Auto) ပြတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များသို့ သွားရောက်လေ့လာ

**သတင်းနှင့် ဓာတ်ပုံ-အေဝမ်းစိုး**

မောင်တော ဒီဇင်ဘာ ၃

**ရခိုင်ပြည်နယ် စစ်တွေမြို့တွင်ရောက်ရှိနေသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် စစ်တွေလေဆိပ်မှ မောင်တောမြို့ ကျီးကန်းပြင်ကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကြသည်။**

အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အစ္စလာမ်ဘာသာဝင်များနှင့်လည်းကောင်း တွေ့ဆုံသည်။ ယင်းနောက် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်လေ့လာသည်။

ခရီးစဉ်အတွင်း နှစ်ဖက်လူမှုအသိုင်းအဝိုင်းများက ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ပြောဆိုခြင်းနှင့် မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခြင်းများအတွက် စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မြေပြင်အခြေအနေများကို ကွင်းဆင်းလေ့လာပြီးနောက် တွေ့ရှိချက်များကို ၁၂ လအတွင်း အစိုးရထံ အစီရင်ခံစာ တစ်စောင်တင်သွင်းရမည်ဖြစ်ပြီး ကော်မရှင်၏ အကြံပြုချက်များသည် နှစ်ဖက်လူမှုအသိုင်းအဝိုင်း၏ တင်းမာမှုများ လျှော့ချ



ရဲမှူးချုပ် သူရစန်းလွင်က ကိုဖီအာနန်ကို ရှင်းလင်းပြောကြားစဉ်



ကိုဖီအာနန် ကြက်ရိုးပြင်ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံစဉ်

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့်ကော်မရှင်အဖွဲ့သည် မောင်တောမြို့မြောက်ပိုင်းရှိ ကျီးကန်းပြင်ရွာသို့ ရောက်ရှိလေ့လာသည်။ ကျီးကန်းပြင်ရွာသည် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရသည့် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်အနီးရှိ ကျေးရွာဖြစ်သည်။

ဆက်လက်၍ ဝါးပိတ်ကျေးရွာသို့ သွားရောက်လေ့လာသည်။ ဝါးပိတ်ကျေးရွာသည် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် အဓိကပါဝင်ပတ်သက်ခဲ့သည့် ကျေးရွာတစ်ရွာဖြစ်ပြီး ကျီးကန်းပြင်ဌာနချုပ်မှ ဆုံးရှုံးသွားသည့် လက်နက်အချို့ ပြန်လည်သိမ်းဆည်းရမိခဲ့သည့် ရွာတစ်ရွာလည်းဖြစ်ကြောင်း အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်က ရှင်းလင်းပြောကြားသည်။

မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်ကလည်း နယ်မြေဒေသအခြေအနေများကို ရှင်းလင်းပြောကြားပြီး မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၏ မေးမြန်းမှုများအပေါ် ရဲမှူးချုပ် သူရစန်းလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် ဝါးပိတ်ကျေးရွာမှတစ်ဆင့် ကြက်ရိုးပြင်ကျေးရွာသို့ ဆက်လက်သွားရောက်ကာ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံသည်။ ထို့နောက် ကျီးကန်းပြင်မှတစ်ဆင့် မောင်တောမြို့တောင်ပိုင်းရှိ ရွှေဇာဟိုရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

မစ္စတာ ကိုဖီအာနန်နှင့်ကော်မရှင်အဖွဲ့သည် မောင်တောမြောက်ပိုင်းနှင့် တောင်ပိုင်းရှိကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီးနောက် ဘူးသီးတောင်မြို့သို့ ဆက်လက်သွားရောက်သည်။ ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဧည့်ရိပ်သာ၌ ဒေသခံတိုင်းရင်းသားများနှင့်လည်းကောင်း၊ အထွေထွေ

ပေးရေးကို ရှေးရှုသွားမည်ဖြစ်ကြောင်း မစ္စတာ ကိုဖီအာနန်က ပြောကြားထားသည်။

မစ္စတာ ကိုဖီအာနန်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်သို့ ပထမအကြိမ်ခရီးစဉ်အဖြစ် စက်တင်ဘာလအတွင်းက လာရောက်လေ့လာခဲ့ပြီး ယင်းခရီးစဉ်တွင် နှစ်ဖက် အသိုင်းအဝိုင်းအကြား၌ ဖိနှိပ်ချုပ်ခြယ်မှုများမတွေ့ရှိခဲ့ကြောင်း ကိုဖီအာနန်က ပြောကြားထားသည်။ ကိုဖီအာနန်၏ ဒုတိယအကြိမ် ရခိုင်ပြည်နယ်သို့ လာရောက်သည့် ခရီးစဉ်မှာ ကိုးရက်ကြာမြင့်မည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် မြေပုံမြို့နယ်နှင့် မြောက်ဦးမြို့နယ်များသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

# ကိုဖီအာနန်၏ မောင်တောခရီးစဉ်အပေါ် ဒေသခံများ၏ စကားသံများ

မောင်တော ဒီဇင်ဘာ ၃

**ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မောင်တောခရိုင် ကျေးရွာများသို့ လာရောက်ခဲ့ရာ အဆိုပါခရီးစဉ်နှင့်စပ်လျဉ်းသည့် ဒေသခံပြည်သူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဦးဇော်ဖြိုးထွန်း (ကျီးကန်းပြင်၊ ဝါးပိတ်ကျေးရွာ အုပ်ချုပ်ရေးမှူး)**

ကော်မရှင်လာတာကိုတော့ ကြိုဆိုပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေကိုတော့ ဥပဒေနဲ့အညီဆောင်ရွက်နေတဲ့အတွက် အကောင်းပဲဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးစောသိန်းအောင်**
**(ဝါးပိတ်ကျေးရွာ တာဝန်ခံကျောင်းအုပ်)**

တိုင်းရင်းသားတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် အဆင်ပြေမှာဖြစ်ပါတယ်။ ကော်မရှင်လာတာကြောင့် တည်ငြိမ်အေးချမ်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဒေသမှာတည်ငြိမ်အေးချမ်းမှုက အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။



မိုဟာမက် ရာဖိတ်



ဦးဟာဆောန် အာမက်



ဦးစောသိန်းအောင်



ဦးဇော်ဖြိုးထွန်း

**ဦးဟာဆောန် အာမက်**
**(ကြက်ရိုးပြင်ကျေးရွာ)**

ဒီဒေသမှာ အေးအေးချမ်းချမ်း ဆက်လက်နေထိုင်သွားဖို့ ဆန္ဒရှိပါတယ်။ ဒီကနေ ဘယ်မှလည်း မပြောင်းရွှေ့ချင်ပါဘူး။ အခုလို အကြံပေးကော်မရှင် လာရောက်တာကိုလည်း ကြိုဆိုပါတယ်။ အဆင်ပြေမယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့ရွာမှာပဲ အေးအေးဆေးဆေးနေချင်ပါတယ်။ အားလုံး အတူတကွ ပူးပေါင်းပြီးနေချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာပြဿနာကိုမှ မလိုလားပါဘူး။

**ဒေါ်ညိုမဦး (ရွှေဇာဟိုကျေးရွာ)**

မစ္စတာ ကိုဖီအာနန်လာရောက်ခြင်းဟာ နှစ်ဖက်ညီမျှအောင် လုပ်ဆောင်ပေးမယ်လို့ မျှော်လင့်ပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။ နှစ်ဖက် ညီညွတ်အောင် နေထိုင်တာအကောင်းဆုံးပါ။

**ဦးတင်အောင်**
**(ဂေါ်ဒူသာရကျေးရွာ အုပ်ချုပ်ရေးမှူး)**

မစ္စတာ ကိုဖီအာနန်လာရောက်ခြင်းဟာ အကောင်းဆုံးလုပ်ဆောင်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေအပေါ်မှာ အကောင်းဆုံး ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့လည်း ယူဆပါတယ်။ ညီညွတ်တဲ့သဘောတရားတွေကို လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ယူဆပါတယ်။

**မိုဟာမက် ရာဖိတ် (ဘူးသီးတောင်မြို့)**

ကော်မရှင်လာတဲ့အတွက် တည်ငြိမ်အေးချမ်းမှုကို အကျိုးပြုမယ်လို့ ယူဆပါတယ်။ ဘူးသီးတောင်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ၂၀၁၂ ခုနှစ်တုန်းကလည်း ဘာမှမဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ အခုလည်း ဘူးသီးတောင်မှာ ဘာပြဿနာမှ မဖြစ်အောင် ကြိုးစားနေပါတယ်။ တည်ငြိမ်အေးချမ်းမှုရဖို့ဆိုရင် ဒီဒေသမှာရှိတဲ့ ပြည်သူတွေအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။

**အမေး၊ အရေး-မြင့်မောင်စိုးနှင့်အေဝမ်းစိုး**

❖ *ကျောဖုံးမှ*

ရန် စီစဉ်ထားသော်လည်း ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းမှာပင် လက်မှတ်အားလုံး ကုန်စင်အောင် ရောင်းချခဲ့ရသည်။ နှစ်ကျော့ကစားရမည် ဖြစ်သော်လည်း မြန်မာအသင်းအတွက် ဗိုလ်လုပွဲတက်ရေးမျှော်လင့်ချက်မှာ ယနေ့ကစားမည့် ပထမအကျော့အပေါ်တွင် မူတည်လျက်ရှိသည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ပွဲကြို သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

မြန်မာအသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဒီပွဲက ယှဉ်ပြိုင်မှုပြင်းထန်ပါလိမ့်မယ်။ အာဆီယံရဲ့ အကောင်းဆုံးအသင်းတစ်သင်းနဲ့ ကစားရတဲ့အတွက် ဒီပွဲက အလွန်ခက်ခဲမှာပါ။ ဒါပေမယ့် ကြောက်ရွံ့ဖို့ မလိုပါဘူး" ဟု ပြောကြားခဲ့သည်။

ထိုင်းလက်ရွေးစင်အသင်း နည်းပြချုပ် ကိုင်တီဆက်က "မြန်မာအသင်းဟာ လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပြီး တိုးတက်မှုရှိတဲ့ အသင်းဖြစ်ပါတယ်။ အဝေးကွင်းဖြစ်တာကြောင့် ပိုပြီးခက်ခဲနိုင်သလို ပရိသတ်အားလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဗိုလ်လုပွဲတက်ရောက်နိုင်အောင်ကြိုးစားသွားမှာပါ။ ရလဒ်ကောင်းရဖို့ ကြိုးပမ်းမှာဖြစ်ပြီး သေချာတာကတော့ ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ" ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းသည် ပထမအကျော့ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၃ ရက်က အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ Pakansari ကွင်း၌ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

# မသန်စွမ်းသူများ၏ဘဝ အရည်အသွေးပိုမိုဖွံ့ဖြိုးရန်၊ တန်းတူညီမျှအခွင့်အရေးရရှိရန်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းထောက်ကူပေး

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာဟူသည် အားနည်းသူကို ဖေးမကူသည့် ကမ္ဘာ့အဆင့်မီ နိုင်ငံ တစ်နိုင်ငံအဖြစ် ထုတ်ဖော်ပြကြရန် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောကြားသည်။ **(ယာပုံ)**




ပြည်ထောင်စုဝန်ကြီးက မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အတွင်းတွင်ရှိသည့် မသန်စွမ်းသူများ၏ဘဝ အရည်အသွေး ပိုမိုဖွံ့ဖြိုးရန်၊ တန်းတူညီမျှ အခွင့်အရေးရရှိရန်၊ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန်၊ မသန်စွမ်းသူများ၏ နေ့စဉ်ဘဝတွင်လည်းကောင်း၊ ရပ်ရွာအတွင်းတွင်လည်းကောင်း လူမှုရေးဝန်ဆောင်မှုတို့ကို လက်လှမ်းမီရရှိနိုင်ရန် ၎င်းတို့ရင်ဆိုင်နေရသော အတားအဆီးနှင့် အခက်အခဲများကို ဖယ်ရှားပေးရန် ရည်ရွယ်သည့် နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်မှုများတွင် ဝိုင်းဝန်းအထောက်အကူပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ILO မှ ဌာနေကိုယ်စားလှယ် Mr. Rory Mungoven က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ စွမ်းဆောင်မှုထူးချွန်ဆု၊ လူတိုင်းအကျုံးဝင်ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်မှု ထူးချွန်ဆု၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အရေးဆိုင်ရာ ထူးချွန်ဆု၊ မသန်စွမ်းသူများအတွက် Media ထူးချွန်ဆု၊ မသန်စွမ်းသူများအတွက် အခွင့်အရေးဆိုင်ရာ စွမ်းဆောင်မှုထူးချွန်ဆုနှင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ခြင်းအစီအစဉ်အပြီးတွင် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၊ နားမကြားသော ကလေးများကျောင်းနှင့် မသန်စွမ်းအဖွဲ့များမှ မသန်စွမ်းကလေးငယ်များက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ ပုဂံအကအလှ၊ ပလတ်စတစ်ရုပ် သီချင်းများဖြင့် တေးသရုပ်ဖော်အကများ ဖြေဖျော်တင်ဆက်ကြပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု ဓာတ်ပုံပြခန်းငယ်ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးသည့် ဦးတည်ချက်သည် Achieving 17 Goals for the Future we want "မသန်စွမ်းသူတို့ အနာဂတ်အတွက် ပန်းတိုင် ၁၇ ရပ် ပြည့်မီအောင် ဆောင်ရွက်" ဟူ၍ဖြစ်သည်။

လက်ရှိ ကမ္ဘာ့လူဦးရေ စုစုပေါင်း သန်း ခုနစ်ထောင်ကျော်အနက် ၁၅ ရာခိုင်နှုန်းခန့်သည် မသန်စွမ်းသူများဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နေထိုင်သူများဖြစ်ကြောင်း၊ အာရှပစိဖိတ်ဒေသတွင် သန်း ၆၀ သော သူများသည် မသန်စွမ်းသူများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ အထူးသဖြင့် ထိခိုက်လွယ်သော၊ ကာကွယ်စောင့်ရှောက်ရန် လိုသော ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လူမှုဝန်ထမ်း လုပ်ငန်းကြီး ၁၀ ရပ်ချမှတ်ပြီး ပြုစုစောင့်ရှောက်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့လာစေရေးတို့ကို လူမှုဝန်ထမ်းနည်းစနစ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် အခြားသက်ဆိုင်ရာနယ်ပယ်အလိုက် သတ်မှတ်ထားရှိသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတစ်ဝန်းလုံး၌ ရှိကြသည့် မသန်စွမ်းသူများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် UNCRPD ပါ အခွင့်အရေးများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ" ကို ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အရေးကြီးသည့် နည်းဥပဒေ(မူကြမ်း)ရေးဆွဲခြင်းနှင့် အမျိုးသားကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မော်စီ(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးခရီးစဉ်ကို တရုတ်ကထောက်ခံ

**ရန်ကုန် ဒီဇင်ဘာ ၃**

"ဝ"အထူးဒေသ (၂) နှင့် အထူးဒေသ(၄)မိုင်းလားအဖွဲ့များနှင့် မြေပြင်စစ်ရေးတင်းမာမှုအခြေအနေများကို ဖြေလျှော့ပေးနိုင်ရန် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော ငြိမ်းချမ်းရေးကော်မရှင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်သည် အောင်မြင်မှုများရှိခဲ့သော်လည်း ဆွေးနွေးပွဲ၏ အခင်းအကျင်းသစ်ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ (EAOs) များအကြား ဆွေးနွေးအဖြေရှာရန် ခက်ခဲမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၆ ရက် မှ ဒီဇင်ဘာ ၂ ရက်အထိ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကော်မရှင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ EAOs များအကြား ညှိနှိုင်းဆွေးနွေးမှုရလဒ် အတွေ့အကြုံ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (ရန်ကုန်ရုံး) ၌ ကျင်းပသည်။ **(ယာပုံ)**

ရှင်းလင်းပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဒေါက်တာမင်းဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက "ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့အနေနဲ့ တရုတ်နိုင်ငံခရီးစဉ်မှာ မူလရည်ရွယ်ချက်ဖြစ်တဲ့ "ဝ" အထူးဒေသ(၂)အဖွဲ့နဲ့ အထူးဒေသ(၄) မိုင်းလားအဖွဲ့တွေရဲ့မြေပြင်စစ်ရေးတင်းမာမှု အခြေအနေကို ဖြေလျှော့ပေးဖို့ ကြားခံ စေ့စပ်ညှိနှိုင်းဆွေးနွေးတာ အောင်မြင်မှုရှိတယ်လို့ ပြောရမှာပါ။ ဒါပေမယ့် တရုတ်နိုင်ငံကို ရောက်သွားတော့မှ နောက်ထပ်ပေါ်လာတဲ့ ဆွေးနွေးပွဲအစီအစဉ် အခင်းအကျင်းအသစ်ကိုတော့ မဆွေးနွေးဖြစ်ခဲ့ဘူး။ ဒါကလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ပေးတဲ့ အချိန်ဇယားအတိုင်း ငြိမ်းချမ်းရေးကော်မရှင်က လက်ခံပြီး EAOs တွေကို တွေ့ဆုံဆွေးနွေးခဲ့တယ်။ နောက်ထပ် အချိန်ဇယားထဲမပါဘဲ ဖြစ်ပေါ်လာတဲ့ အစီအစဉ်ကိုပဲ မဆွေးနွေးနိုင်ခဲ့တာပါ။ဒီခရီးစဉ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာ-တရုတ် နှစ်နိုင်ငံရဲ့နယ်စပ်တည်ငြိမ်အေးချမ်းရေးနဲ့ နှစ်နိုင်ငံလိုလားချက်ဖြစ်တဲ့ နယ်စပ်ကုန်သွယ်ရေးကိစ္စတွေဟာ အဓိကဖြစ်တယ်။ ဒါကြောင့် တရုတ်နိုင်ငံက သူတို့ကို လိုအပ်တဲ့အကူအညီပြောပါ ကူညီဖို့အသင့်ရှိတဲ့ အကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးကလည်း ကျွန်တော်တို့နဲ့ တွေ့ဆုံမှုမှာ ပြောပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေမှာ တစ်ဖက်နဲ့တစ်ဖက် ထိတွေ့မှုတွေ အားကောင်းနေတဲ့အချိန်မှာ ကြားဝင်ညှိနှိုင်းဆွေးနွေးဖို့ဆိုတာ အခက်အခဲရှိတယ်။ မြေပြင်ထိတွေ့မှုတွေ လျော့နည်းလာပြီး မူလနေရာပြန်ဖြစ်သွားပြီဆိုရင်တော့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကနေ အကောင်းဆုံးအဖြေရှာသွားမှာပါ" ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးကော်မရှင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအပြင် အထူးကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီး ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အရှေ့မြောက်



ပိုင်းဒေသများ၌ ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များအပေါ် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံက အကူအညီများတောင်းလျှင် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးခရီးစဉ်ကို ထောက်ခံကြောင်း၊ ထိုနည်းဖြင့်သာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံခြုံတည်ငြိမ်အေးချမ်းရေးသည် နှစ်နိုင်ငံဆက်ဆံရေးကို အားကောင်းစေမည်ဖြစ်ကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်သည် "ဝ"အထူးဒေသ(၂) ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးမှု၏ အကျိုးရလဒ်အဖြစ် အထူးဒေသ(၄) မိုင်းလား ကျိုင်းတုံနယ်မြေထဲသို့ ရောက်ရှိနေသော"ဝ"အထူးဒေသ (၂)တပ်ဖွဲ့ဝင် ၈၀၀ ကျော်ခန့်မှ တပ်ဖွဲ့ဝင် အင်အား ၂၀၀ ခန့်သည် ဒီဇင်ဘာ ၂ ရက်က မူလနေရာသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ ကျန်ရှိနေသေးသော တပ်ဖွဲ့ဝင်များသည်လည်း အထူးဒေသ(၄)မိုင်းလားအဖွဲ့၏ တောင်းဆိုချက်အရ လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် မူလနေရာသို့ အပြီးပြန်လည်ထွက်ခွာနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အထူးဒေသ (၄) မိုင်းလားနယ်မြေထဲမှာ ရောက်နေတဲ့ "ဝ"အထူးဒေသ (၂)အဖွဲ့တွေအနေနဲ့ ခရီးရှည်လေ့ကျင့်ရေးလုပ်တာလို့လည်း ပြောပါတယ်။ ဒီအပေါ်မှာ တစ်ဖက်နဲ့တစ်ဖက် တင်းမာမှုတွေတော့ရှိကြတယ်။ "ဝ" အထူးဒေသ(၂)အဖွဲ့တွေအနေနဲ့ အမြန်ဆုံး မူလနေရာကို ပြန်ထွက်ခွာပေးဖို့ ပြောပါတယ်"ဟု ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# မောင်တောမြို့၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

မောင်တော ဒီဇင်ဘာ ၃

**မောင်တောမြို့၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကိုယနေ့နံနက် ၆ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူ ၄၀၀ နီးပါးခန့်ရှိပြီး မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မှ စတင်ထွက်ခွာ၍ ဗန္ဓုလလမ်းအတိုင်း မောင်တော မြို့မဈေးကြီးကို ပတ်ပြီး သာသနာ့ဗိမာန်တော်ရှေ့မှ နာရီစင်၊ ၎င်းမှတစ်ဆင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။ **(ဝဲပုံ)**

မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "ဒီကနေ့ပွဲကတော့ ဒီဇင်ဘာ လူထုလှုပ်ရှားအားကစား လမ်းလျှောက်ပွဲဖြစ်ပါတယ်။ အောက်တိုဘာ ၉ ရက် ဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ အုပ်ချုပ်ရေးပိုင်းအနေနဲ့ ပုံမှန်အတိုင်း ဆောင်ရွက်နေပါတယ်။ အမျိုးသားနေ့လည်း လုပ်ဖြစ်ပါတယ်။ ဒီနေ့လို ဒီဇင်ဘာလမှာ စနေနေ့တိုင်း ပြုလုပ်တဲ့ လူထုလှုပ်ရှားအားကစားပွဲကို ဌာနဆိုင်ရာတွေရော၊ မြို့မိမြို့ဖတွေရော၊ ပြည်သူလူထုရော အတူတကွပူးပေါင်းပြီး စုပေါင်းလမ်းလျှောက်ပွဲ လုပ်ကြတာဖြစ်ပါတယ်။ လူအင်အား ၃၅၀၊ ၄၀၀ နီးပါးလောက် တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်" ဟု ပြောကြားသည်။

မောင်တောခရိုင်အားကစားမှူး ဒေါ်သီသီရှိန်ကလည်း " ကျွန်မတို့ကတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားမှုနဲ့ နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ စနေနေ့တိုင်း လူထုလမ်းလျှောက်ပွဲကို တစ်နိုင်ငံလုံးနဲ့နည်းတူ တစ်ပြိုင်တည်း ပြုလုပ်ပါတယ်။ မောင်တောခရိုင်မှာရှိတဲ့နေ့တွေမှာ အပတ်စဉ် စနေနေ့တိုင်း နံနက် ၆ နာရီခွဲမှာ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်ပါတယ်။ အခြေအနေအရပ်ရပ်ကြောင့် မလုပ်နိုင်ဘူးထင်ခဲ့ပေမယ့် ဒီနေ့ လုပ်နိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မောင်တောမြို့နယ် အားကစားမှူး ဦးဇော်မင်းထွေးကလည်း "ဒီနေ့ဆိုရင် မြန်မာတစ်နိုင်ငံလုံး စုပေါင်းလမ်းလျှောက်တဲ့ အပတ်စဉ်နေ့ဖြစ်ပါတယ်။ မောင်တောမြို့မှာလည်း ပထမဆုံးလမ်းလျှောက်ပွဲကို ပြုလုပ်နိုင်ခဲ့ပါတယ်။ တစ်နာရီလောက် လျှောက်ခဲ့ကြပါတယ်"ဟု ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ - အေဝမ်းစိုး**

# အက်ဖ်ဘီအိုင်အလိုရှိဆုံးစာရင်းတွင် ပါဝင်သူတစ်ဦးကို လော့စ်အိန်ဂျလိစ်မြို့၌ ဖမ်းဆီးရမိ

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အောက်တိုဘာ မွေးနေ့ပါတီပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အက်ဖ်ဘီအိုင်၏ အလိုရှိဆုံး ၁၀ ဦးစာရင်းတွင်ပါဝင်သူ တစ်ဦးဟုယူဆရသည့် မာလန်ဂျုန်းကို အာဏာပိုင်များက သောကြာနေ့က ထိန်းသိမ်းနိုင်ခဲ့ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

စားသောက်ဆိုင်အဖြစ် အသုံးပြုလျက်ရှိသော လော့အိန်ဂျလိစ်ဒေသနေ အိမ်တစ်လုံး၌ လူလေးဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည့် အောက်တိုဘာ ၁၅ ပစ်ခတ်မှုနှင့်ဆက်နွှယ်ကာ မာလန်ဂျုန်းအား အလိုရှိခြင်းဖြစ်ကြောင်း အက်ဖ်ဘီအိုင်က ဖော်ပြခဲ့သည်။

ပြစ်မှုဆိုင်ရာ သမိုင်းကြောင်း နောက်ခံများရှိနိုင်သည်ဟု ယူဆထားသော ဂျုန်းကို ဂျမေကာ၌မွေးဖွားခဲ့ပြီး အမေရိကန်နိုင်ငံ၌ တရားမဝင်နေထိုင်သူဖြစ်ကြောင်း အက်ဖ်ဘီအိုင်က ပြောခဲ့သည်။




ဂျုန်းတွင် အမည်ကွဲများ၊ အမျိုးမျိုးသော မွေးရက်၊ မွေးလများရှိကြောင်း အက်ဖ်ဘီအိုင်ကပြောခဲ့သည်။ **(ရိုက်တာ)**

# အမေရိကန်ကုမ္ပဏီအား ဝယ်ယူရန်ကြိုးစားနေသည့် တရုတ်ကုမ္ပဏီအား အိုဘားမားပိတ်ပင်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

ဂျာမန်ချစ်ပ်ပစ္စည်းထုတ်လုပ်သည့် အိုက်ဇ်ထရွန် အမေရိကန်စီးပွားရေးအင်အားစုတစ်စုကို ဝယ်ရန်ပြုလုပ်နေသည့် တရုတ်ကုမ္ပဏီ၏ကြိုးစားမှုကို အိုဘားမားက သောကြာနေ့က တားမြစ်ပိတ်ပင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

အိုက်ဇ်ထရွန်အမေရိကန်စီးပွားရေးအင်အားစုတစ်စုကို ဝယ်ယူရန်ကမ်းလှမ်းမှုအား လက်လျှော့လိုက်ရန် အိုဘားမားက တရုတ် ဖူဂျီယန် ဂရန့်စ်ချစ်ပ် ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဂျီစီ)အား ညွှန်ကြားချက်တစ်စောင်ထုတ်ပြန်လိုက်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မတီက အမေရိကန်ပြည်ထောင်စုရှိ ကုမ္ပဏီများအား နိုင်ငံခြားမှဝယ်ယူမှုကို ပြန်လည်သုံးသပ်ခွင့်ရှိသည့်အပြင် အိုဘားမားက ယင်းဝယ်ယူမှုသည် အမေရိကန်ပြည်ထောင်စု၏လုံခြုံရေးကို ထိပါးနှောင့်ယှက်နိုင်သည်ဟု သုံးသပ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမေရိကန်သမ္မတနှင့် အမေရိကန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးအား ခြိမ်းခြောက်နိုင်သည်ဟု ယူဆလျှင် မည်သည့်သဘောတူစာချုပ်မဆို ပိတ်ပင်တားဆီးပိုင်ခွင့်ရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# လေယာဉ်ပျက်ကျခဲ့သည့် ဘရာဇီးကလပ်မှ ရုပ်အလောင်းများ ဇာတိမြို့သို့ ပြန်ရောက်ရှိ



**ဘရာဇီးလီးယား ဒီဇင်ဘာ ၃**

မိုးဖွဲလေးများကျဆင်းလျက်ရှိပြီး စိုစွတ်နေသောလမ်းများနှင့် အသင်း၏ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် အစိမ်းရောင်ပိတ်စများကို တွဲလောင်းချထားသော အဆောက်အအုံများတည်ရှိရာ ဘရာဇီးမြို့တော် Chapeco သည် စနေနေ့က ကိုလံဘီယာ၌ လေယာဉ်ပျက်ကျမှုတွင်သေဆုံးခဲ့သော မွေးရပ်မြေ အသင်းသား ၇၁ ဦး၏ ရုပ်အလောင်းများကို ဝမ်းနည်းပူဆွေးစွာဖြင့် လက်ခံခဲ့သည်။

တနင်္လာနေ့ လေယာဉ်ပျက်ကျမှုသည် ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပရိသတ်များအား ထိတ်လန့်တုန်လှုပ်မှုကို ဖြစ်စေခဲ့ရုံသာမက တောင်အမေရိက၏ အကြီးဆုံးနိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံအား ဝမ်းနည်းမှုများဖြစ်ပေါ်စေခဲ့သည်။

ကိုလံဘီယာနိုင်ငံ မက်ဒယ်လင်မြို့အပြင်ဘက် တောင်ကုန်းများကို မတိုက်မိခင် ဘိုလီးဗီးယား လေယာဉ်စင်းလုံးငှားကုမ္ပဏီဖြစ်သောလာမီယာက တာဝန်ယူဆောင်ရွက်သော ပြည်တွင်းလေကြောင်းလိုင်း လေယာဉ် BAe146 သည် ဆီပြတ်လပ်သွားကြောင်း ရေဒီယိုသတင်းစကားတွင် ဖော်ပြခဲ့သည်။

ဘရာဇီးဘောလုံးကလပ်၏ သမိုင်းကြောင်းတွင် အကြီးမားဆုံးအားကစားပွဲဖြစ်သော Copa Sudamericana ဖိုင်နယ်ပွဲသို့ ဦးတည်ထွက်ခွာသွားသော လေယာဉ်ပျက်ကျမှုတွင် ဘရာဇီး Chapecoense ဘောလုံးကလပ်မှ အသင်းသား သုံးဦးအပါအဝင် လူခြောက်ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း သိရသည်။

ဘရာဇီးမီဒီယာများတွင် သတင်းဖော်ပြချက်အရ အခြားလေယာဉ်တစ်စင်းက အရေးပေါ်ဆင်းသက်မှုပြုနေစဉ်တွင် ဘောလုံးသမားများ သယ်ဆောင်လာသော လေယာဉ်သည် မက်ဒယ်လင်မြို့ပြင်တွင် ၁၆ မိနစ်ခန့် စက်ဝိုင်းပုံပျံသန်းခဲ့ကြောင်း သိရသည်။

ဘိုလီးဗီးယားသမ္မတ အီဗိုမော်ရေးလ်က လေယာဉ်ပျက်ကျမှုသည် မည်သည့်အတွက်ကြောင့် ဖြစ်ပွားသည်ကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထို့အပြင် ဘိုလီးဗီးယားသည် လာမီယာလေကြောင်းလိုင်းလိုင်စင်အား ပိတ်သိမ်းရပ်ဆိုင်းထားပြီး အမျိုးသားလေကြောင်းစီမံခန့်ခွဲမှုဖြင့် အစားထိုးထားကြောင်း သိရသည်။ **(ရိုက်တာ)**

# နိုင်ဂျီးရီးယားအလယ်ပိုင်းတွင် ဆီသယ်ယာဉ်ပေါက်ကွဲမှုကြောင့် လူ ၁၄ ဦး သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၃**

နိုင်ဂျီးရီးယားအလယ်ပိုင်းတွင် ဆီသယ်ယာဉ်တစ်စီးပေါက်ကွဲမှုကြောင့် လူ ၁၄ ဦး သေဆုံးခဲ့ပြီး အိမ်ရှစ်လုံးမီးလောင်သွားကြောင်း ပြည်နယ်ရဲများက စနေနေ့တွင် ပြောခဲ့သည်။

ဆီသယ်ယာဉ်မောင်းသည် ကားကိုမထိန်းနိုင်ဘဲ နိုင်ဂျီးရီးယားအလယ်ပိုင်း တီဂီနာမြို့ လူနေအဆောက်အအုံများထဲသို့ ထိုးဝင်သွားကြောင်း၊ သေဆုံးသူများမှာ အဆောက်အအုံထဲတွင်ရှိနေသူများနှင့် လမ်းဘေးဈေးသယ်များဖြစ်ကြောင်း နိုင်ဂျာပြည်နယ် ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဘာလာအယ်ကာနာက ပြောခဲ့သည်။

ယခုအခါတွင် ရဲဘက်ဆိုင်ရာစုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မီးလောင်မှုကြောင့် လူငါးဦးမှာ အပူလောင်ဒဏ်ရာများ ပြင်းပြင်းထန်ထန်ရရှိခဲ့ကြောင်း မျက်မြင်သက်သေများကပြောသည်။
**(ဆင်ဟွာ)**

# မွန်ဂိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုင်းတွင်း ပေါက်ကွဲရာ ၁၇ ဦးသေဆုံး

**ဟွတ်ဟော့ ဒီဇင်ဘာ ၃**

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စနေနေ့က ကျောက်မီးသွေးသတ္တုမိုင်းတွင်းပေါက်ကွဲမှုကြောင့် လူ ၁၇ ဦးသေဆုံးခဲ့ပြီး ၁၀ ဦး ပိတ်မိလျက်ရှိကြောင်း သိရသည်။

နောက်ဆုံးသတင်းဖော်ပြချက်များအရ ချီဖန်မြို့အစိုးရက မိုင်းတွင်းလုပ်သားလေးဦးကိုကယ်ဆယ်နိုင်ခဲ့ပြီး ကျန် ၁၀ ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ အဆိုပါမတော်တဆမှုဖြစ်ပွားချိန်တွင် မိုင်းတွင်းထဲ၌ အလုပ်သမား ၃၁ဦးအလုပ်လုပ်နေကြောင်း သိရသည်။

မိုင်းတွင်းပေါက်ကွဲမှုသည် ချီဖန်မြို့ ဘိုမာမိုင်းတွင်း ကုမ္ပဏီပိုင်လုပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး စုံစမ်းစစ်ဆေးမှုများဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။
**(ဆင်ဟွာ)**

# အင်ဒိုနီးရှားတွင် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး တင်ဆောင်လာသော လေယာဉ် အဆက်အသွယ်ပြတ်တောက်

**ဂျကာတာ ဒီဇင်ဘာ ၃**

ရဲတပ်ဖွဲ့ဝင် ၁၆ ဦး တင်ဆောင်လာသော အပေါ့စားလေယာဉ်တစ်စင်းသည် စနေနေ့က အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ဘက်တန်ကျွန်းကမ်းလွန်ရေပိုင်နက်ကို ဖြတ်ကျော်ပျံသန်းနေစဉ် လေကြောင်းဆိုင်ရာအာဏာပိုင်များနှင့် ဆက်သွယ်မှုပြတ်တောက်ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့များကပြောခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားရဲတပ်ဖွဲ့ပိုင် M 28 Skytruck ခရီးသည်တင်လေယာဉ်သည် ပန်ကယ်ပီနန်မြို့မှ ကက်ပူလန်ရာပြည်နယ်ဘက်တန်ကျွန်းသို့ပျံသန်းစဉ် ဆက်သွယ်မှုပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်ထိ လေယာဉ်အခြေအနေကိုမသိရသေးကြောင်း အမျိုးသားရှာဖွေရေးနှင့်ကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ မာဆူဒီက ဆင်ဟွာသို့ဖုန်းဖြင့်ပြောကြားခဲ့သည်။

ဒေသခံများက ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် လေယာဉ်အပျက်အစီးအပိုင်းအစများကို ဘက်တန်ကမ်းလွန်တွင်တွေ့ခဲ့ရကြောင်း မီဒီယာများတွင်သတင်းဖော်ပြခဲ့သည်။ လေယာဉ်သည် ဘက်တန်ကမ်းလွန်တွင် ပျက်ကျဖွယ်ရှိကြောင်း ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း မာဆူဒီကပြောခဲ့သည်။
**(ဆင်ဟွာ)**



# ငလျင်ဒဏ်သင့်ဘုရားများ စနစ်တကျပြုပြင်ရေးနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမှုကြောင့် ဒေသခံများမထိခိုက်စေရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　ဒီဇင်ဘာ ၃**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးအတွက် ပညာရှင်အဖွဲ့(Technical Expert Team)၏ တတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နှင့် ယနေ့တွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ အင်ဂျင်နီယာအသင်း၊ ငလျင်ကော်မတီတို့မှ ပညာရှင်များ၊ UNESCO မှ ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံ ၃၉၉ ဆူမှ ပထမနှင့် ဒုတိယဦးစားပေးဘုရား ၉၉ ဆူနှင့် တတိယဦးစားပေး အဆူ ၃၀၀ အနက်မှ ၇၆ ဆူတို့ကို ဝန်ကြီးဌာနများနှင့် ကျွမ်းကျင်ပညာရှင်များက တာဝန်ယူပြုပြင်ထိန်းသိမ်းမည်ဖြစ်ပြီး အနည်းငယ်သာ ထိခိုက်ပျက်စီးသော ၂၂၄ ဆူကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြုပြင်မည်ဖြစ်ကြောင်း၊ စေတီပုထိုးများကို မူလလက်ရာမပျက် နှောင်နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းနိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပ ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ UNESCO ၊ အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများ၊ တရုတ်၊ ဂျပန် စသည့်နိုင်ငံများမှလည်း ကူညီရန် ကမ်းလှမ်းထားပါကြောင်း၊ လုပ်ငန်းမြန်ဆန်၍ ရှေးဟောင်းစေတီပုထိုးများ ရေရှည်ကြံ့ခိုင်နိုင်ရန် စနစ်တကျ ထိန်းသိမ်းနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ပြည်တွင်း/ပြည်ပ ပညာရှင်များက ငလျင်ဒဏ်ခံ စေတီ၊ ပုထိုးများနှင့် ပုဂံဒေသ၏ တန်ဖိုးမဖြတ်နိုင်သော အနုလက်ရာများဖြစ်သည့် နံရံပန်းချီများ၊ အင်္ဂတေပန်းများ၊ စဥ့်ချပ်များ စသည်တို့ကို ရေရှည်ခိုင်ခံ့အောင် ထိန်းသိမ်းနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာနှင့် ဆောင်ရွက်ရန်နည်းလမ်းများကို ဆွေးနွေးကြသည်။



ကမ္ဘာ့အမွေအနှစ်ရရှိခြင်းသည် နိုင်ငံ၏ဂုဏ်နှင့် အဆင့်အတန်းမြင့်မားမှုကို ဖော်ပြသည်နှင့်အညီ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းကြောင့် ဒေသခံပြည်သူများ ပြောင်းရွှေ့ခြင်းမရှိစေဘဲ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းရင်းဖြင့် ဒေသခံပြည်သူများသည် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို ဥပဒေ၊ စည်းကမ်းများနှင့်အညီ ရေရှည်ခံစားနိုင်ရေး အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသခံများ၏ တစ်ပိုင်တစ်နိုင်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားနိုင်အောင် ညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

---

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အင်းစိန်အကျဉ်းထောင် စစ်ဆေး

**ရန်ကုန်　ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်အေးသန်းသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်မြ၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး ဦးတင်ထွေး၊ တာဝန်ရှိသူများနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီး ဒေါ်အေးသန်းသည် အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများနှင့်တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ခံစားရရှိခွင့်ရှိ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် ပညာသင်ကြားပေးမှု၊ အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်ရှိ တာဝန်ရှိ သူများအား မှာကြားခဲ့ကြောင်း သိရသည်။
**ကိုလတ် (သတင်းစဉ်)**

---

# မြန်မာနိုင်ငံ လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ၌ အခက်အခဲများကြုံနေရဆဲဖြစ်

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**စစ်တွေ　ဒီဇင်ဘာ ၃**

မသန်စွမ်းသူများ၏ အရေးကိစ္စကို ပိုမိုဆောင်ရွက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးရန် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် သတ်မှတ်ထားသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မင်းသူရိယခန်းမ၌ ကျင်းပသည်။




မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သည့် သဝဏ်လွှာအား ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ဖတ်ကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပေးပို့သည့် သဝဏ်လွှာတွင် မြန်မာနိုင်ငံအနေဖြင့် မသန်းစွမ်းသူများ၏ အခွင့်အရေးနှင့် အရေးအရာကိစ္စရပ်များကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံ လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်ကြပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အမျိုးမျိုးမြှင့်တင်ရန် ဆောင်ရွက်ပေးနေသော်လည်း လူမှုရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် အတားအဆီးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲပင်ဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာကြီး၌ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာမှု၊ လက်နက်ကိုင် ပဋိပက္ခများနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့၏ ဘေးထွက်ဆိုးကျိုးများ၊ မတော်တဆမှုများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှု၊ ဝင်ငွေမလောက်ငခြင်း စသည်တို့ကြောင့် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုများကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်း။

ကမ္ဘာမြေ၏အနာဂတ်သာယာလှပဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်များအတွက် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဖန်တီးပေးနိုင်ရေးအတွက် “မသန်စွမ်းသူတို့ အနာဂတ်အတွက် ပန်းတိုင် ၁၇ ရပ်ပြည့်မီအောင် ဆောင်ရွက်” ဟူသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းဆောင်ရည်နှင့် လူ့အခွင့်အရေးတို့ကို အလေးဂရုပြုဆောင်ရွက်ပေးကြရန်နှင့် မိမိတို့လူ့အသိုင်းအဝိုင်း၌ လူတိုင်းလူတိုင်း ဂုဏ်သိက္ခာ၊ တန်ဖိုးတို့နှင့် ရှင်သန်နေထိုင်ရပ်တည်နိုင်စွမ်းရှိစေရန် အဘက်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဖော်ပြပါရှိသည်။

ထို့နောက် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူး ဦးသက်လှိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ရခိုင်ပြည်နယ် မသန်စွမ်းသူများ အစည်းအရုံးဥက္ကဋ္ဌ ဦးလှမြင့်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားပွဲတော် ရေကူးပြိုင်ပွဲဆုရရှိသူ မင်းပြားမြို့နယ်မှ မောင်အောင်ဆန်းဝင်း၊ ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ မင်းပြားမြို့နယ်မှ မသန်းနွယ်အေးနှင့် ပန်းချီပညာ ကျွမ်းကျင်ထူးချွန်သူ စစ်တွေမြို့နယ်မှ မအေးသန်းဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး စစ်တွေမြို့ မေတ္တာဝတီ မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က “ကျွန်တော်သူတို့ကိုသားသမီးလို ကိုယ်ချင်းစာတယ်။ ခံလည်းခံစားမိတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မသန်စွမ်းသူတိုင်းရင်းသားတွေရဲ့ ဇွဲ၊ သတ္တိ၊ စိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်မှုတွေကို မြင်ရတော့ ကျွန်တော် ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အတိုင်းအတာနဲ့ ကျွန်တော်တို့အနေနဲ့ပဲဖြစ်ဖြစ်၊ လူမှုအဖွဲ့အစည်းအနေနဲ့ပဲဖြစ်ဖြစ် လူသားတစ်ဦးရဲ့ဂုဏ်သိက္ခာနဲ့အညီ စောင့်ရှောက်ကူညီပေးဖို့တာဝန်ရှိတယ်လို့ ခံယူမိပါတယ်”ဟု ပြောကြားသည်။

“ဒီနှစ်ကထူးခြားတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သဝဏ်လွှာပို့တယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကတော့ နှစ်တိုင်း သဝဏ်လွှာပေးပို့ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သူ၊ ခန္ဓာကိုယ်ချို့တဲ့သူနဲ့ ဉာဏ်ရည်ပိုင်းဆိုင်ရာ အားနည်းချို့တဲ့သူဆိုပြီး မသန်စွမ်းသူကို လေးမျိုးခွဲထားတယ်။ အဲ့ဒီလေးမျိုးအတွက် သီးခြားကျောင်းတွေ ထူထောင်ပေးထားတယ်။ အတန်းပညာသင်ကြားဖို့နဲ့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားဖို့အတွက် ရန်ကုန်နဲ့ စစ်ကိုင်းမှာမျက်မမြင်သင်တန်းကျောင်းဖွင့်ထားပါတယ်။ နားမကြားတဲ့ကလေးတွေအတွက် ရန်ကုန်နဲ့ မန္တလေးမှာ ကျောင်းဖွင့်ထားတယ်။ အဲ့ဒီကျောင်းတွေမှာ ပညာရေးကို သင်ပေးတယ်။ နောက်သူတို့ရဲ့အသက်မွေးဝမ်းကျောင်းကိုသင်ပေးပါတယ်။ ဉာဏ်ရည်ချို့တဲ့သူတွေအတွက်တော့ ကလေးဘဝကတည်းက မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဆိုပြီး ရန်ကုန်နဲ့ မန္တလေးမှာ ဖွင့်ပေးထားပါတယ် ”ဟု ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးက ပြောကြားသည်။

လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် အဆိုပါ သင်တန်းကျောင်းများတွင် မသန်စွမ်းသူသင်တန်းသား ၅၀၀ ခန့်ကို ပြုစုပျိုးထောင်သင်ကြားလျက်ရှိကြောင်း သိရသည်။

---

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော်　ဒီဇင်ဘာ ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
(မိုး/ဇလ)

# မုံးကိုးတပ်စခန်းအား လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက အကြိမ်ကြိမ်တိုက်ခိုက်သဖြင့် တပ်မတော်က ပြန်လည်တိုက်ခိုက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးမြို့ရှိ မုံးကိုးတပ်စခန်းအား KIA/ TNLA/ MNDAA/ AA လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းပြီး အကြိမ်ကြိမ်ချဉ်းကပ်တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများက ရဲရဲဝံ့ဝံ့ ပြန်လည်တိုက်ခိုက်မှုကြောင့် ချဉ်းကပ်တိုက်ခိုက်မှုများ ရပ်တန့်သွားခဲ့ပြီး ပူးပေါင်းလက်နက်ကိုင်အဖွဲ့ထံမှ အလောင်းနှင့် လက်နက်များသိမ်းဆည်းရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မုံးကိုးနယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်နေသော မုံးကိုးစခန်းအား ယနေ့ နံနက် ၁ နာရီခန့်တွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့က စခန်း၏ အရှေ့ဘက်နှင့် တောင်ဘက်မှ လက်နက်ကြီးပစ်ကူယူ၍ ထပ်မံချဉ်းကပ်တိုက်ခိုက်ခဲ့ရာ ၎င်းစခန်းမှ တပ်မတော်သားများက ရဲဝံ့စွာ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။

နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင်လည်း လက်နက်ကိုင်ပူးပေါင်းအဖွဲ့က စခန်း၏ အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့မှ ချဉ်းကပ်ကာ ဝိုင်းဝန်းပိတ်ဆို့ပြီး လက်နက်ကြီးပစ်ကူယူ၍ စခန်းသိမ်းတိုက်ပွဲ ထပ်မံပြုလုပ်ခဲ့သဖြင့် တပ်မတော်မှ လေကြောင်း၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများနှင့်အတူ စခန်းရှိ တပ်မတော်သားများက ပြန်လည်တိုက်ခိုက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ချဉ်းကပ်မှုများ ရပ်တန့်ခဲ့ပြီး လက်နက်ကိုင်ပူးပေါင်းအဖွဲ့ထံမှ အလောင်း သုံးလောင်းနှင့် သေနတ်သုံးလက် သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီခန့်တွင်လည်း KIA / TNLA / MNDAA / AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့သည် အရပ်ဝတ်များ ဝတ်ဆင်၍ ထပ်မံချဉ်းကပ်တိုက်ခိုက်လာသဖြင့် ၎င်းစခန်းမှ တပ်မတော်သားများက ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ချဉ်းကပ်မှုများ ရပ်တန့်သွားခဲ့ပြီး လက်နက်ကိုင်ပူးပေါင်းအဖွဲ့ထံမှ အလောင်း ငါးလောင်းနှင့် သေနတ်ငါးလက် သိမ်းဆည်းရမိသည်။

မုံးကိုးတပ်စခန်းအား KIA / TNLA / MNDAA / AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် ဒီဇင်ဘာ ၁ ရက်မှစ၍ တိုက်ခိုက်လာသဖြင့် ၎င်းစခန်းရှိ တပ်မတော်သားများက ရဲဝံ့စွာပြန်လည်တိုက်ခိုက်မှုကြောင့် အလောင်းများ၊ လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

**(သတင်းစဉ်)**

# နမ့်ကော်တံတားတွင် မိုင်းတစ်လုံး ပေါက်ကွဲ


**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ သီပေါ-နမ္မတူကားလမ်းပေါ်ရှိ နမ့်ကော်ချောင်းကူးတံတားအနီးတွင် ယမန်နေ့ညက ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး ၎င်းအနီးတွင် မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးအား လုံခြုံရေးတာဝန်ရှိသူများက ထပ်မံတွေ့ရှိသဖြင့် ရှင်းလင်းဖျက်ဆီးခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

သီပေါမြို့ ဇာတ်စုရပ်ကွက် သီပေါ-နမ္မတူ ကားလမ်းပေါ်ရှိ နမ့်ကော်ချောင်းကူးတံတား၏ ဝဲဘက် ပေ ၄၀ ခန့်အကွာ ကုန်းစောင်းမှ ဆီးချုံထဲတွင် ရေ့ထွက်မိုင်းဟု ယူဆရသော မိုင်းတစ်လုံး ဒီဇင်ဘာ ၂ ရက် ည ၉ နာရီ ၃၅ မိနစ်ခန့်က ပေါက်ကွဲခဲ့ပြီး ၎င်းချုံပုတ်အတွင်း၌ မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးအား လုံခြုံရေးတာဝန်ရှိသူများက ထပ်မံတွေ့ရှိသဖြင့် ရှင်းလင်းဖျက်ဆီးခဲ့ကြောင်းနှင့် ၎င်းဖြစ်စဉ်များတွင် ထိခိုက်မှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**သီပေါမြို့ နမ့်ကော်ချောင်းကူးတံတားအနီး မိုင်းပေါက်ကွဲသည့် နေရာပြမြေပုံ**




# နောင်ချိုနှင့် နမ္မတူမြို့နယ်များတွင် စစ်ဘေးရှောင်ပြည်သူများရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

KIA / TNLA / MNDAA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်မှ စစ်ဘေးရှောင်ပြည်သူများသည် နောင်ချိုမြို့နယ်နှင့် နမ္မတူမြို့နယ်များရှိ ဘာသာရေးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

KIA / TNLA / MNDAA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် မန်တုံမြို့နယ် မော်ထိုက်ရွာ၊ ကုန်းမုံရွာ၊ နမ့်ဟူးရွာနှင့် မန့်ငေါင်ရွာတို့မှ စုစုပေါင်း အိမ်ထောင်စု ၁၀ စုမှ လူဦးရေ ၃၁ ဦးတို့သည် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ထို့အတူ မန်တုံမြို့နယ် နမ့်ဟိုင်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA/TNLA/MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် နမ္မတူမြို့ရှိ ရွှေမြင်သာဘုန်းကြီးကျောင်းတွင် ၁၃၅ ဦး၊ လီဆူးဘုရားကျောင်းတွင် ၃၄ ဦး၊ ကချင်နှစ်ခြင်းဘုရားကျောင်းတွင် ၂၄၆ ဦး စုစုပေါင်း ၄၁၅ ဦးတို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၂-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄ ပါ ရန်ကုန်- ချင်းမိုင် - ရန်ကုန်ခရီးစဉ်သစ် စတင်ပြေးဆွဲသတင်းတွင် ART 72 လေယာဉ်များဖြင့် **အစား** ATR 72 လေယာဉ်များဖြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာရေးသူ**

# တရားမဝင် လေပစ္စတိုသေနတ်ကိုင်ဆောင်သူများကို အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၃**

တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ဒီဇင်ဘာ ၁ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ISUZU D Max ယာဉ်တစ်စီး ရပ်တန့်လာပြီး ယာဉ်မောင်းက အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ယပ်ခေါ်သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်မျိုးအောင်နှင့် ရာအိမ်မှူးအဖွဲ့တို့က သွားရောက်ခဲ့ရာ ပစ္စတိုသေနတ်ဟုထင်ရသော လက်နက်အားထုတ်ပြပြီး မောင်းနှင်သွားကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က တွံတေးမြို့မရဲစခန်းသို့ အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာ နံနက် ၄ နာရီတွင် ကွမ်းခြံကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဦးကြီးစိန်ကွေ့အနီးတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်အား စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်မောင်းဖြစ်သူ မြဝတီမြို့ KNU/ KNLA တပ်မဟာ(၇)မှ အရာခံဗိုလ်အဆင့်ရှိသူ ကျော်မင်းထွန်း (၃၇) နှစ်၊ တွံတေးမြို့နယ်နေသူများဖြစ်သည့် ကြည်သိန်း(၄၂) နှစ်နှင့် ဂျာကြီး (ခ) စောကစ်ဆင်ဂျာ (၃၈) နှစ်တို့ သုံးဦးအားတွေ့ရှိရပြီး ယာဉ်မောင်း ကျော်မင်းထွန်း၏ ခါးတွင် ထိုးထားသော အနက်ရောင် လေပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယာဉ်နောက်ခန်းအတွင်းမှ အရိုး ၅ လက်မ၊ အသွား ၁၀ လက်မခန့်ရှိ သစ်သားလက်ကိုင်ရိုးတပ် တစ်ဖက်သွား ဓားဦးချွန်တစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ကျော်မင်းထွန်းပါ သုံးဦးအား တွံတေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကြွက်မထောင်ရန်ပြောရာမှ တစ်ရွာတည်းသားချင်း ဓားထိုးမှုဖြစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၃**

ပွင့်ဖြူမြို့နယ် လယ်မကျေးရွာတွင် ကြွက်ထောင်သည့်ကိစ္စနှင့် ပတ်သက်၍ ဒီဇင်ဘာ ၁ ရက် ညက တစ်ရွာတည်းသားချင်း ဓားထိုးမှုဖြစ်ပွားခဲ့သည်။

အံ့မင်းထက် (၁၈ နှစ်)သည် ဒီဇင်ဘာ ၁ ရက်က ရွာအရှေ့ဘက်ရှိ လယ်ထဲတွင် လယ်စောင့်နေစဉ် တစ်ရွာတည်းနေ မန်းဆန်းအောင် (၃၀ နှစ်) ရောက်ရှိလာပြီး လယ်ကွင်းထဲတွင် ကြွက်ထောင်နေ၍ အံ့မင်းထက်က ကြွက်မထောင်ရန် ပြောသည်ကို မကျေနပ်ကာ မန်းဆန်းအောင်က အသင့်ပါလာသော ဓားဦးချွန်ဖြင့် ထိုးသဖြင့် ဝဲရင်အုံအောက်ထိုးသွင်းဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့သဖြင့် မန်းဆန်းအောင်အား ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

## ခြံရောင်းမည်

ကားနှင့်လဲမည်။ (ညှိနှိုင်းဈေး)
သန်လျင်-ကျိုက်အင်းရွာ
ပေ (၄၀×၆၅) ထောင့်ကွက်
ဖုန်း-၀၉-၄၅၀၈၅၀၅၃၁/၂

## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ၂ (အက်စ်-၇၁)၊ မြေကွက်အမှတ် V ၁၆၊ မြေကွက်တည်နေရာအမှတ် ၅၃၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် (ဒေါ်သန်းနု) အမည်ပေါက် နှစ် (၉၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၁၀၄၄/၆၇ (၁၈-၁၂-၁၉၆၇)အရ ဒေါ်ထေးကျင်(ခ)ဒေါ်ငွေးကျင်မှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ ပိုင်ဆိုင်စာချုပ် ၁၁၀၅/၁၆ (၁၀-၃-၁၆)အရ ဒေါ်ခင်ချောစိန်၊ ဒေါ်အေဗီ၊ ဒေါ်ခင်ငွေးမြင့်တို့မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်ချောစိန်၊ ဒေါ်အေဗီ၊ ဒေါ်ခင်ငွေးမြင့်တို့အနက် ဒေါ်ခင်ချောစိန် ၁၂/တမန(နိုင်)၀၆၉၅၆၅၊ ဒေါ်အေဗီ ၁၂/တမန(နိုင်)၀၅၅၆၆၆ တို့ထံမှ GP ၂၆၄၇၆/၁၄ (၂၅-၉-၁၄) ရရှိသူ ဒေါ်ခင်ငွေးမြင့် ၁၂/တမန(နိုင်) ၀၇၂၂၆၀က ၎င်းကိုယ်တိုင်အတွက်ပါ ပူးတွဲလျက် သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြု/ထုတ်ပေးမည်ဖြစ်၍ မူလက အမှုတွဲအမှတ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၅-၆-၁၅ စာအမှတ်၊ မအ/မအခ/တမ-၄စီ၂/၁၅(၄၇၅)နှင့် ၉-၉-၁၅ ရက်စွဲပါစာအမှတ်၊ မပအ/မယ/၄စီ၂/ ၁၅ (၈၄၁) ဖြင့် ထုတ်ပေးထားသည့် ဒေါ်သန်းနု အမည်ပေါက် နှစ် (၉၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ် အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၁၄)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ရေနံချောင်းဒေသကောလိပ် (၁၉၇၇-၁၉၈၂)အထိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆-ခုနှစ် ဒီဇင်ဘာလ(၂၄)ရက် (စနေနေ့) မွန်းလွဲ (၁း၀၀) နာရီတွင် ရေနံချောင်းမြို့၊ ရေနံချောင်းဒီဂရီကောလိပ်၊ ပတ္တမြားခန်းမတွင်လည်းကောင်း၊ ညစာစားပွဲကို ညနေ (၆း၀၀) နာရီအချိန်တွင် ရေနံချောင်းမြို့၊ မြို့မဈေးခန်းမတွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများ ကြွရောက်ကန်တော့ခံပေးပါရန်နှင့်ကျောင်းသား/ကျောင်းသူဟောင်းများအားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါကော်မတီဝင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့ ဦးမြင့်ငွေး၊ ၀၉-၅၁၄၃၃၆၁၄၊ ဒေါ်မြင့်မြင့်ငွေး၊ ၀၉-၇၉၉၉၉၉၀၈၈၈ ဒေါ်ငွေးငွေးရီ(ဘီကျူ) ၀၉-၇၃၀၀၇၂၀၅
နေပြည်တော် ဦးဝင်းအောင်၊ ၀၉-၅၀၃၅၀၅၂ ဒေါက်တာဝင်းသန့်၊ ၀၉-၄၉၂၂၀၆၇၀
မန္တလေးမြို့ ဒေါက်တာအောင်ကျော်ဘုန်း၊ ၀၉-၇၉၇၁၇၀၁၀၆ ဦးအောင်မြတ်ခိုင်၊ ၀၉-၂၀၂၈၃၀၀၊ ဦးသန်းလှ၊ ၀၉-၆၈၀၀၇၁၂
မကွေးမြို့ ဒေါ်သန္တာမြင့်၊ ၀၉-၄၀၁၅၆၀၆၆၄
ရေနံချောင်းမြို့ ဦးမောင်မောင်စိုး၊ ၀၉-၅၃၃၇၃၁၅
ချောက်မြို့ ဦးဝင်းနိုင်၊ ၀၉-၃၃၂၄၇၄၉၁
တောင်တွင်းကြီးမြို့ ဒေါ်ခင်အုန်းသန်း၊ ၀၉-၄၂၀၈၀၉၅၀၂
အောင်လံမြို့ ဒေါ်မြမြဝင်း၊ ၀၆၉-၂၀၀၄၂၉
နတ်မောက်မြို့-မြို့သစ်မြို့ ဒေါ်အေးအေးဝင်း၊ ၀၆၃-၆၉၃၁၄
သရက်မြို့ ဦးမင်းသူ၊ ၀၉-၅၁၀၈၃၃၆
ပြည်မြို့-တံမမြို့ ဒေါက်တာကျော်မင်း၊ ၀၉-၅၃၁၂၇၉၇
မင်းဘူးမြို့-စကုမြို့-မင်းလှမြို့ ဦးကျော်စိုးလွင်၊ ၀၉-၅၁၈၈၃၆၉
ပွင့်ဖြူမြို့-စလင်းမြို့-ဆင်ဖြူကျွန်းမြို့ ဒေါက်တာချစ်ကိုကို၊ ၀၉-၄၀၁၅၇၂၀၅၆
ကျောက်ပန်းတောင်းမြို့ ဦးဇော်မင်းစိုး၊ ၀၉-၄၃၀၆၃၂၇၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၈၅၄၆၊ SHAYAN, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမျိုးချစ် ၅/ ပလဘ(နိုင်)၀၈၄၂၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

စရွှေမတ်နှင့် နှစ်သစ်ကူးပွဲတော်ရာသီအမီ လက်ဆောင်ကောင်းတစ်ခု
### မြန်မာ့ကြက်ဆင်များရပြီ
မြန်မာ့ကြက်ဆင်မွေးမြူရေး
အမှတ် (၃၂၆) ဧဇယန္တာအနောက် (၁၃) လမ်း၊ ၆/ရပ်ကွက်၊
ရွှေစင်သာလမ်းမကြီး၊ ၅/ဈေးကွေ့၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့တိုင်းဒေသကြီး
ဖုန်း-၀၉ ၇၃၀၀၉၇၈၂၊ ၀၉ ၄၂၈၀၃၆၀၆၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မင်းထိုက် ၁၀/ပမန(နိုင်)၁၆၀၆၅၇၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ဆွေ ၅/စကန(နိုင်) ၁၃၂၀၆၆ ကိုင်ဆောင်သည့် သင်္ဘောသား လုပ်သက်မှတ်တမ်း စာအုပ်အမှတ် (မန်း ၉၇/၂၁၉) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၆၂၄၃၂၂**

## THREE STAR

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP 255000-Ks
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 1.5HP 310000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

## ဦးအောင်အောင် ၁၃/လလန(နိုင်)၀၀၂၇၀၅နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၉၆၃ရှိ KL Amazing Co.,Ltd. (Chairman)ဦးတိလ်ဘိခ်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေကွက်အမှတ် ၁၂၃၇/ခ၊ အလျား ပေ၂၀×အနံပေ ၆၀ အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ငါးထပ်ခွဲအဆောက် အအုံဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့ ၁၁-၁၂-၂၀၁၄ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် ငါးထပ်ခွဲ အဆောက်အအုံ ဆောက်လုပ်ခြင်း နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပြီး ကန်ထရိုက် တာဦးလှဝင်းမှ အဆိုပါအဆောက်အအုံကို ပြီးဆုံးသည်အထိ ဆောက်လုပ်ခြင်းမရှိဘဲ ပျက်ကွက်နေကြောင်း သိရှိရပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြေရှင်ဦးအောင်အောင်နှင့်ကန်ထရိုက်တာ ဦးလှဝင်းတို့ နှစ်ဦးသဘောတူပြုလုပ်ထားသော ပဋိညာဉ်ကတိစာချုပ်အတိုင်း တစ်ဦးနှင့်တစ်ဦး ဖြေရှင်းဆောင်ရွက်ကြရန်သာဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ KL Amazing Co., Ltd.က ၎င်းတို့ နှစ်ဦး နှစ်ဖက်လုပ်ငန်းအဆင်ပြေနိုင်ရေးအတွက် စေတနာသက်သက်ဖြင့် အကူအညီပေးခြင်းသာဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ KL Amazing Co.,Ltd.နှင့် လုံး၀(လုံး၀)သက်ဆိုင်ခြင်းမရှိကြောင်းနှင့် KL Amazing Co.,Ltd.အနေဖြင့် ၎င်းတို့နှစ်ဦးကြားပေါ်ပေါက်လာသည့် ပြဿနာများ၊ အရှုပ်အရှင်းကိစ္စရပ်များနှင့်ပတ်သက်၍ မည်သည့်အကြောင်းတစ်စုံတစ်ရာနှင့်မျှ ပါဝင်ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**KL Amazing Co.,Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဘုန်းကုန်း** | **ဒေါ်သဲစုနွေး** |
| **B.A(Law),LL.B** | **LL.B,WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၄၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၃၃၉၃)** |
| **ဖုန်း-၀၉-၄၃၁၄၈၂၄၅** | **ဖုန်း-၀၉-၇၇၃၀၈၄၇၈၇** |

**အမှတ် ၉၆၃၊ (၃၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၃၇၇၃၈**

# စမ်းချောင်းမြို့နယ်ရှိ ငွေလဲကောင်တာတစ်ခုတွင် အမျိုးသားနှစ်ဦးက ဝန်ထမ်းများကို သေနတ်ဖြင့်ခြိမ်းခြောက်၍ ငွေလုယူမှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၃

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက်ရှိ ငွေလဲကောင်တာတစ်ခုတွင် ယနေ့ မွန်းလွဲ တစ်နာရီခွဲခန့်က အမျိုးသားနှစ်ဦးက ဝန်ထမ်းများကို သေနတ်ဖြင့်ခြိမ်းခြောက်၍ ငွေများလုယူသွားကြောင်း အဆိုပါ မြို့နယ်ရဲစခန်းမှ သိရသည်။**

"အဲဒီဆိုင်ထဲက အသံတစ်ခုတော့ ကြားလိုက်တယ်။ ဘာအသံမှန်းမသိဘူး။ ဆိုင်ထဲကိုကြည့်တော့ ဆိုင်ဝန်ထမ်းအမျိုးသားတစ်ဦးကို မှောက်ခိုင်းပြီး လူတစ်ယောက်က သေနတ်နဲ့ခေါင်းကိုချိန်ထားတာ တွေ့ရတယ်။ အဲဒီလိုဖြစ်နေတာမြင်တော့ ကျွန်တော်လည်း ပြေးထွက်လာပြီး ပတ်ဝန်းကျင်ကို ပြောပြတော့မှ သက်ဆိုင်ရာကိုလှမ်းပြီး အကူအညီတောင်းကြတာပါ။ ၁၀ မိနစ်လောက် အကြာမှာတော့ အဲ့ဒီနှစ်ယောက် ငွေအိတ်ထမ်းပြီး ပြန်ထွက်သွားတာတွေ့ရတယ်"ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ တိုက်အမှတ် (၁၂) မှ လုံခြုံရေးဝန်ထမ်း ဦးမြဝင်းက ပြောသည်။

ဖြစ်စဉ်မှာ မြေနီကုန်းမြောက်ရပ်ကွက် ရှမ်းကုန်းလမ်း တိုက်အမှတ်(၁၄/ဘီ) မြေညီထပ်ရှိ M.S Group Money Changer ၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ဆိုင်ဝန်ထမ်းများဖြစ်သည့် ဦးမျိုးမြင့်နှင့် မအိတို့ ရှိနေစဉ် အသက် (၃၀ နှစ်) ခန့်ရှိ လူငယ်နှစ်ဦးသည် တိုင်းရင်းသားဘာသာစကား တစ်မျိုးမျိုးပြောဆိုကာ ဝင်ရောက်လာပြီး ၎င်းတို့အနက် တစ်ဦးက မြန်မာစကားသံဝဲဝဲဖြင့် အမေရိကန်ဒေါ်လာအား နှစ်သိန်းဖိုးခန့်လဲလိုကြောင်း၊ ဘယ်လောက်ရမလဲဟု မေးသဖြင့် ဦးမျိုးမြင့်မှ တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၃၄၅ နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၁၄၇ ဒေါ်လာရမယ်ဟု ပြန်လည်ပြောပြခဲ့ရာ ၎င်းမှ ကျောင်းလစာသွင်းရမယ်။ ၁၆၈ ဒေါ်လာလိုတာ ငွေမလောက်ဘူး၊ ပိုက်ဆံသွားယူဦးမယ်ဟု ပြောဆိုပြီး ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း။

မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါ လူငယ်နှစ်ဦး ပြန်လည်ရောက်ရှိလာပြီး တစ်ဦးက ကောင်တာအနီးသို့ ကပ်ကာ ၁၆၈ ဒေါ်လာယူမယ်ဟု ပြောဆိုသဖြင့် အံဆွဲအတွင်းမှ ထုတ်ယူပြီး ကောင်တာစားပွဲပေါ်တင်ပေးစဉ် ၎င်းလူငယ်က လေးခွနှင့်ပစ်မည်ပြုသဖြင့် နောက်ဘက်ရှိ အခန်းအတွင်းသို့ လှည့်ပြေးစဉ် အသံကြား၍ ပြန်လှည့်ကြည့်ရာ ၎င်းနှင့်အတူပါရှိသူ လူငယ်က ခြောက်လုံးပြူးတစ်လက် ကိုင်ထားသည်ကို မြင်တွေ့ကြောင်း၊ လေးခွဖြင့်လည်းပစ်ခဲ့ရာ မှန်နံရံအား ထိသွားကြောင်း၊ သေနတ်ကိုင်ထားသူက လူမသတ်ချင်ဘူး၊ အေးအေးဆေးဆေး ယူသွားမယ်ဟုပြောပြီး ကြမ်းပြင်ပေါ် မှောက်ခိုင်းထားကာ ကောင်တာစားပွဲပေါ်တွင် တင်ထားသော မြန်မာငွေတစ်ထောင်တန် ၃၅ စည်း၊ ငွေကျပ်သိန်း ၁၅၀ ခန့်၊ အံဆွဲအတွင်းမှ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ခန့်၊ ငွေဖြည့်ကတ်မျိုးစုံ (လေးသိန်းခန့်)နှင့်အတူ ဦးမျိုးမြင့်အမည်ပါ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ပိုက်ဆံအိတ်တစ်လုံးပါသည့် အပြာရောင်ခရီးဆောင် လွယ်အိတ်တစ်လုံး၊ လက်ကိုင်ဖုန်းလေးလုံးတို့အား ယူဆောင်ပြီး ပြည်လမ်းဘက်သို့ ထွက်ပြေးသွားကြောင်း။

ယင်းသို့ထွက်ပြေးစဉ် သေနတ်ကိုင်ထားသောလူငယ်က ပြန်လှည့်၍ သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်ရာတွင် ခြောက်လုံးပြူးသေနတ်မှာ မီးပွင့်အသံထွက်ပြီး ကျည်ထွက်မှုမရှိကြောင်း၊ ၎င်းတို့နှစ်ဦးသည် ပြည်လမ်းမှတစ်ဆင့် (၅၁) ခရီးသည်တင်ယာဉ်တစ်စီးပေါ်သို့ တက်ရောက်ကာ မြို့တွင်းဘက်သို့ ထွက်ပြေးသွားကြောင်း သိရသည်။

"ကျွန်တော်တို့လိုက်တဲ့အချိန်မှာ သေနတ်နဲ့ နှစ်ချက်လှမ်းပစ်တယ်။ တစ်ချက်က မိုးပေါ်ထောင်ပစ်တယ်။ တစ်ချက်က ကျွန်တော်တို့ကို လှမ်းပစ်တယ်။ သေနတ်က အသံထွက်ပြီး မီးပွင့်သွားတာ တွေ့ရတယ်။ တစ်ယောက်မှ မထိသလို ပတ်ဝန်းကျင်ကိုလည်း ထိတဲ့အသိမကြားမိဘူး။ လိုက်မလာနဲ့ ထပ်လိုက်လာရင်ပစ်မယ်လို့ပြောလို့ ကျွန်တော်တို့လည်း ထပ်မလိုက်တော့ဘူး။ သူတို့နှစ်ယောက် အငှားယာဉ်ပေါ်ကို တက်သွားတာ တွေ့ရတယ်။ အငှားယာဉ်ကလည်း လမ်းတွေပိတ်နေလို့ ကျွန်တော်တို့က ပတ်ဝန်းကျင်ကို အော်ပြီးအကူအညီတောင်းတဲ့အခါမှာ ကားပေါ်ကဆင်းပြီး လိုင်းကားပေါ်ပြေးတက်သွားပါတယ်။ ဆိုက်ကားသမားတစ်ယောက်ကိုလည်း ထိပ်တိုက်တွေ့လို့ သေနတ်နဲ့ပစ်သွားတယ်ပြောတယ်။ သူလည်း ဘာဒဏ်ရာမှ မရပါဘူး။ သူတို့ထဲက ငွေအိတ်ထမ်းပြီးပြေးတဲ့သူက ခြေတစ်ဖက် ပုံမှန်မဟုတ်ဘူး။ လမ်းလျှောက်တာ ထော့နင်းထော့နင်းဖြစ်နေတယ်" ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ မျက်မြင်တွေ့ရှိသူ ဒေသခံ ကိုချစ်ကိုက ပြောသည်။



ငွေလုယူမှုဖြစ်ပွားသည့် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက်ရှိ ငွေလဲကောင်တာ၌ တာဝန်ရှိသူများ ရောက်ရှိလာမှုကို တွေ့ရစဉ်

ယင်းဖြစ်ပွားမှုတွင် ကျူးလွန်သူများ အသုံးပြုခဲ့သောသေနတ်မှာ လေသေနတ်အမျိုးအစားဖြစ်ကြောင်း ကျူးလွန်သူလူငယ်နှစ်ဦးအား စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်လှစ်ထားပြီး အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

# တိုက်ကြီးမြို့နယ် ဥက္ကံချောင်းဘေး၌ တောဆင်ရိုင်းအားသတ်ဖြတ်ခဲ့သူ ဆင်မုဆိုးငါးဦး ဖမ်းဆီးရမိ


သိမ်းဆည်းရမိသည့် ဆင်သားခြောက်အား တာဝန်ရှိသူများ စစ်ဆေးစဉ်

**တိုက်ကြီး ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံချောင်းတွင် တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခဲ့သော ဆင်မုဆိုးငါးဦးကို ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီ မိနစ် ၅၀ က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက်တွင် ဥက္ကံမြို့ချောင်းစောက်ကျေးရွာ အရှေ့ဘက် ဥက္ကံချောင်းဘေးတွင် တောဆင်ရိုင်းတစ်ကောင်၏ ဦးခေါင်းပိုင်းနှင့် ပေ ၃၀၀ ခန့်အကွာ၌ တောဆင်ရိုင်း၏ ခန္ဓာကိုယ် အပိုင်းတို့တွေ့ရှိရမှုနှင့်ပတ်သက်၍ ဆင်မုဆိုးများက ဆင်နှာမောင်း၊ ဆင်စွယ်၊ သားရေတို့အား ခွာယူထားခဲ့ပြီး ဥက္ကံချောင်းရေတက်ချိန်တွင် မျောပါလာသည်ဟု ယူဆရသဖြင့် ဥက္ကံနယ်မြေရဲစခန်းက အမှုဖွင့်ထားသော အမှုဖြစ်သည်။

သတင်းပေးချက်အရ ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ဒီဇင်ဘာ ၁ ရက်က ဥက္ကံမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ ဥက္ကံနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းနိုင်၊ တိုက်ကြီး ဥက္ကံသစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်မြတ်နှင့် သစ်တောရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဥက္ကံမြို့ ချောင်းစောက်ကျေးရွာအုပ်စုအတွင်းရှိ မအူခုံ၊ လျှော်ပုံ၊ ကျောက်ပြင်တာကျေးရွာများသို့ သွားရောက်ပြီး သတင်းရရှိရေး စုံစမ်းခဲ့ရာ ဖိုးလုံး(၆၀ နှစ်)၊ ဇော်လေး(ခ)ဇော်လင်း (၄၃ နှစ်)၊ သန်းလင်း(၅၀ နှစ်) မအူခုံရွာ ချောင်းစောက်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့အား ည ၁၀ နာရီ မိနစ် ၅၀ က ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ဖော်ထုတ်ဖမ်းဆီးရာ ဒီဇင်ဘာ ၂ ရက်တွင် ဇော်ခင် (၃၈ နှစ်) ကျောက်ပြင်တာ ရွာနေသူအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဥက္ကံရဲစခန်းတွင် စစ်ဆေးလျက်ရှိသည်။

ထပ်မံ၍ သန်းဇော်(၄၀ နှစ်) ကျောက်ပြင်တာရွာနေသူအား ဖမ်းဆီးခဲ့သည်။ ဖိုးလုံး၏ ဖော်ထုတ်ချက်အရ ၎င်းအိမ်၏ ပဲစင်ပေါ်မှ ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ဆင်သားခြောက် နှစ်ပိဿာ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ချောင်းစောက်ကျေးရွာ အုပ်ချုပ်ရေးမှူး သန်းလင်းသည် ဆင်မုဆိုးအဖွဲ့အား ညအချိန် ရိက္ခာများပံ့ပိုးလျက်ရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ကွင်းဆက်ပြစ်မှုကျူးလွန်သူများဖြစ်သော ထွန်းနိုင်ဦး၊ အောင်နိုင်စိုး ဆင်မုဆိုး ကျော်စိုး၊ ဇော်မျိုးနိုင်၊ တင်ထွေးတို့အား ဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(တိုက်ကြီး)**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃** မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်းရှိ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကျူးချိန်ယူ မောင်းနှင်ပြီး ဇနီးမလျိုရှိယူ လိုက်ပါလာသည့် ISUZU မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၈၈ ခွက်(အလေးချိန် ၁ ဒသမ ၁၄၄ ကီလို) နှင့် စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် မင်းတဲအီးကင်းရပ်ကွက် ကမ်းနားလမ်း ၁၂ လမ်းနှင့် ၁၉ လမ်းကြား နှင်းဆီအိမ်ရာ တိုက်(၁) တတိယထပ်နေ မမိုးသူ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့် ဆန်းမင်းတို့အားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၃၇၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2I/7532,Hyundai Porter II Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်း ၁၂/လကန(နိုင်)၀၅၀၀၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဆိုင်ခန်းကျယ်အမြန်ငှားမည်**

နေပြည်တော်-ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ အမှတ် ၇/၁၊ ဆင်ရတနာ-မြင်းရတနာအနီး၊ လူစည်ကားပြီး အချက်အချာ ကျသောနေရာ၌ ၂၀ပေ×၅၀ပေ မှန်လုံအဲယားကွန်းများတပ်ဆင်ပြီး ဆိုင်ဖွင့်ရန်အသင့် (မြေညီအပါအဝင်နှစ်ထပ်) ဆိုင်ခန်းကျယ်အမြန်ငှားမည်။

Ph : 09 5000 673, 09 5151576, 09 5154164

**ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်းများ အမြန်ရောင်းမည်**

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ၊ ပထမထပ်၊ (2A-290 , A-247) အားလုံးပြင်ဆင်ပြီး ၁၅'× ၄၀' ပေ ကွန်ဒိုတိုက်ခန်း၊ ဓါတ်လှေကားပါ။

စုံစမ်းရန်-၀၉၅၀၀၀၆၃၃၊ ၀၉-၅၁၅၁၅၇၆၊ ၀၉-၅၁၅၄၁၆၄

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် မြင်သာစုပေါင်းအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/က၊ မြေကွက်အမှတ် ၆၊ ဧရိယာ ၀ဒသမ ၀၄၅၈ဧက (စတုရန်းပေ ၁၉၇၈)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြလေးလမ်း၊ အမှတ် ၁၇၂/၁ ဟုခေါ်တွင်သော တစ်ထပ်ပျဉ်ထောင်နေအိမ်အဆောက်အအုံတစ်လုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ မြေနှင့်နေအိမ်ကို ပိုင်ရှင်ဟု အဆိုပြုသူ ဦးသန်းမြင့်နှင့် ဒေါ်သိန်းမြင့်တို့ထံမှ ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးလှရွှေ(LL.B) တရားလွှတ်တော်ရှေ့နေ -၈၉၁၂**
**အမှတ် ၃၃/၄၉၊ အခန်း အမှတ် ၃၆၊ ပထမထပ် Strand Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၉၇၈၆၊ ၀၉-၉၆၅၁၇၉၇၈၆**



# နိုင်ငံခြားသားများဆိုင်ရာဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဆ) ခရီးသွားလက်မှတ် သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးသွားလျှင် ၇၂ နာရီအတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည်။

(ဇ) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလဲလှယ်ခြင်း၊ သက်တမ်းအတည်ပြုခြင်း၊ မိတ္တူထုတ်ယူခြင်းများကို သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဈ) မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်ရရှိပါက ဤဥပဒေအရ ကိုင်ဆောင်ထားသည့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနတွင် မပျက်မကွက် ပြန်လည်အပ်နှံရမည်။

(ည) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဋ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည့်အပြင် ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။

၁၇။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသည့် နိုင်ငံခြားသားတိုင်းသည် သတ်မှတ်သည့် အခကြေးငွေများကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနသို့ မပျက်မကွက် မှန်ကန်စွာ ပေးဆောင်ရမည်။

**အခန်း(၅)**

**တည်းခိုအိမ်ပိုင်ရှင်၏ တာဝန်များ**

၁၈။ တည်းခိုအိမ်ပိုင်ရှင်သည် -

(က) တည်းခိုနေထိုင်သော နိုင်ငံခြားသားထံမှ ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့် ခရီးသွားလာခြင်းဆိုင်ရာ အကြောင်းခြင်းရာများကို တောင်းယူရေးမှတ်၍ လက်မှတ်ရေးထိုး မှတ်တမ်းပြုစုထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထားသည့် မှတ်တမ်းပါအချက်အလက်များနှင့် အကြောင်းခြင်းရာများကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

၁၉။ မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးအရာရှိ တစ်ဦးဦးက တည်းခိုအိမ်သို့ ဝင်ရောက်စစ်ဆေးလျှင် တည်းခိုအိမ်ပိုင်ရှင်သည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က) အရ ပြုစုထားသည့် မှတ်တမ်းပါ အချက်အလက်နှင့် အကြောင်းခြင်းရာများကို တင်ပြရမည်။

**အခန်း(၆)**

**မှတ်ပုံတင်အရာရှိနှင့်လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၀။ မှတ်ပုံတင်အရာရှိနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေ ပုဒ်မ ၃ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၇ အရဖြစ်စေ နိုင်ငံခြားသားမှတ်ပုံတင်လျှောက်ထားသည့် နိုင်ငံခြားသားများနှင့် ယင်းတို့မှ မွေးဖွားသူများကို မှတ်ပုံတင်ပေးခြင်း၊

(ခ) ပြည်ပမှ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လာပြီး နိုင်ငံအတွင်း၌ နေထိုင်ခွင့်သက်တမ်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက် ကျော်လွန်နေထိုင်လိုသော နိုင်ငံခြားသားများ နှင့် ယင်းတို့၏ နိုင်ငံခြားသားဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးနှင့် မှီခိုသူများကို မှတ်ပုံတင်ပေးခြင်း၊

(ဂ) နိုင်ငံခြားသားများ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲခြင်း၊ နေရပ်လိပ်စာ ပြောင်းလဲခြင်း၊ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလဲလှယ်ခြင်း၊ သက်တမ်းအတည်ပြုခြင်း၊ မိတ္တူထုတ်ယူခြင်းများကို လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဃ) နိုင်ငံခြားသားများ၏ ခရီးသွားလာမှုကို လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုခြင်းနှင့် ဦးစီးဌာနသို့ အစီရင်ခံခြင်း၊

(င) နိုင်ငံခြားသားများထံမှ သတ်မှတ်ထားသည့် အခကြေးငွေများကို မှန်ကန်စွာကောက်ခံ၍ ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ ပေးသွင်းခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဆန့်ကျင်သော နိုင်ငံခြားသား သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော နိုင်ငံခြားသားကို ဥပဒေနှင့်အညီ အရေးယူခြင်း။

၂၁။ မှတ်ပုံတင်အရာရှိနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသည့် ကန့်သတ်ဒေသများသို့ သွားရောက်သော နိုင်ငံခြားသားများကို စစ်ဆေးအရေးယူခြင်း၊

(ခ) နိုင်ငံခြားသားတစ်ဦးကို မည်သည့်နေရာတွင်မဆို သင်္ကာမကင်းဖွယ်တွေ့ရှိလျှင် ဝရမ်းမပါဘဲ စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဆန့်ကျင်သည်ဟု လည်းကောင်း၊ ဆန့်ကျင်ခဲ့သည်ဟုလည်းကောင်း၊ ဆန့်ကျင်မည်ဟုလည်းကောင်း သံသယဖြစ်ဖွယ်ရှိလျှင် နိုင်ငံခြားသားကို မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံ သို့မဟုတ် မည်သည့် ယာဉ်အတွင်းသို့မဆို ဝင်ရောက်၍ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း။

၂၂။ ပုဒ်မ ၃ ပါ နိုင်ငံခြားသားကဖြစ်စေ၊ ပုဒ်မ ၄ ပါ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင်ဆောင်ရန် လိုအပ်သူကဖြစ်စေ၊ ပုဒ်မ ၆ အရ နှစ်စဉ်သက်တမ်းတိုးလဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသည့် နိုင်ငံခြားသားကဖြစ်စေ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ကာလကျော်လွန်ပြီးမှ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် အကျုံးဝင်ပါက ကျသင့်သော အခကြေးငွေနှုန်းထား၏ နှစ်ဆကောက်ခံ၍ လျှောက်ထားသူအား နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်-

(က) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လျှောက်ထားချက်သတ်မှတ်ကာလကျော်လွန်ခြင်းသည် တစ်လထက်မပိုသောကာလ ဖြစ်ခြင်း၊

(ခ) ပုဒ်မခွဲ(က) အရ သတ်မှတ်ကာလကျော်လွန်မှ လျှောက်ထားခြင်းသည် ပထမအကြိမ်ဖြစ်ခြင်း။

၂၃။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးသည် ပုဒ်မ ၂၅ အရ အပြစ်ပေးမှုခံယူပြီးဖြစ်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူက မူလလိပ်စာဟောင်းမှ တရားဝင်ပြောင်းထွက်ခြင်း ဖြစ်စေရေးအတွက် လိပ်စာပြောင်းရန် တင်ပြချက်ကိုရရှိလျှင် ဦးစီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဆက်လက် နေထိုင်ခွင့်ပြုနိုင်သည်။

**အခန်း(၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၄။ မည်သည့်နိုင်ငံခြားသားမဆို ပုဒ်မ ၃ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၇ အရဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင်ဆောင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံးခြောက်လမှ အများဆုံးငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်း ထိဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သည့် နိုင်ငံခြားသားမဆို နိုင်ငံတော်အတွင်း မှတ်ပုံတင်လိပ်စာမှ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ကြောင်းသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်လက်မှတ်မရှိဘဲ ပြည်ပသို့ ခရီးသွားလာကြောင်းသော်လည်းကောင်း၊ ပြောင်းရွှေ့နေထိုင်ကြောင်းသော်လည်းကောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သည့် နိုင်ငံခြားသားမဆို အခန်း (၄) ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ် အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့် တည်းခိုအိမ်ပိုင်ရှင်မဆို အခန်း (၅) ပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ရန် မသမာသောနည်းလမ်းဖြင့် ကူညီကြောင်း သို့မဟုတ် ကူညီရန် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးသုံးလမှ အများဆုံးတစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ်ငါးနှစ်ထိဖြစ်စေ၊ အနည်းဆုံး ငါးသောင်းမှ အများဆုံးငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ ဤဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်းခံရသော နိုင်ငံခြားသားသည် သတ်မှတ်ထားသော ပြစ်ဒဏ်ကျခံပြီးနောက် ပုဒ်မ ၃၂ (ခ) အရ ပြည်နှင်ဒဏ်အမိန့် ချမှတ်ခံရလျှင် ယင်းအမိန့်အတိုင်း ပြည်ပသို့ အမြန်ဆုံးထွက်ခွာရမည်။

၃၁။ ပြည်နှင်ဒဏ် အမိန့်ချမှတ်ခြင်းခံရသူသည် ထိုအမိန့်ပါအတိုင်း လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုအမိန့်အရ နိုင်ငံပြင်ပသို့ ထွက်ခွာသွားပြီးနောက် ပြည်နှင်ဒဏ် အမိန့်တည်ဆဲကာလတွင် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းကြောင့်သော်လည်းကောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့်ပြင် နိုင်ငံတော်အတွင်းမှ ပြန်လည်နှင်ထုတ်သည့် အမိန့်ချမှတ်ရမည်။

**အခန်း(၈)**

**ပြည်နှင်ဒဏ်ပေးခြင်းနှင့်ချုပ်နှောင်ခြင်း**

၃၂။ ပြည်ထောင်စုဝန်ကြီးသည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးရန် ကြံရွယ်သော သို့မဟုတ် လုပ်ဆောင်သော နိုင်ငံခြားသားအား အချိန်ကာလ သတ်မှတ်၍ဖြစ်စေ၊ ချက်ချင်းဖြစ်စေ၊ နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့်ချမှတ်နိုင်သည်။

(ခ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော နိုင်ငံခြားသားအား ပြစ်ဒဏ်စေ့ရောက် လွတ်မြောက်မည့်နေ့တွင် နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့် ချမှတ်နိုင်သည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ ဖောက်ဖျက်သော နိုင်ငံခြားသားကို တရားစွဲဆိုခြင်း မပြုဘဲ နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့် ချမှတ်နိုင်သည်။

၃၃။ ပြည်ထောင်စုဝန်ကြီးသည် ဤဥပဒေအရ ပြည်နှင်ဒဏ်အမိန့် ချမှတ်ရန် ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်နိုင်သည်။

၃၄။ ပြည်နှင်ဒဏ်အမိန့်သည် ပြည်ထောင်စုဝန်ကြီးက မရုပ်သိမ်းသရွေ့ ကာလပတ်လုံး အာဏာတည်ရမည်။

၃၅။ နိုင်ငံခြားသားတစ်ဦးကို ဤဥပဒေအရ ပြည်နှင်ဒဏ်အမိန့် ချမှတ်ခြင်း မခံရမီနှင့် ပြည်နှင်ဒဏ် အမိန့်ချမှတ်ခြင်းခံရပြီးနောက် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းရန် ဆောင်ရွက်ဆဲကာလတွင် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် လူဝင်မှုကြီးကြပ်ရေးမှူးအောက် မနိမ့်သော လူဝင်မှုကြီးကြပ်ရေးအရာရှိက ခရိုင်ရာဇဝတ် တရားသူကြီးထံတင်ပြ၍ ထိုနိုင်ငံခြားသားအား ဥပဒေနှင့်အညီ ချုပ်နှောင်ထားနိုင်သည်။

၃၆။ ပြည်နှင်လွှဲပြောင်းရန် ဆောင်ရွက်ဆဲကာလအတွင်း ပုဒ်မ ၃၅ အရ ချုပ်နှောင်ရာတွင် ရဲဌာန၊ ရဲအချုပ်ခန်း၊ ရဲစခန်း၊ အကျဉ်းထောင်ငယ်၊ အကျဉ်းထောင် သို့မဟုတ် အကျဉ်းထောင်ခွဲတစ်ခုခု၌ တစ်ကြိမ်လျှင် ၁၅ ရက်ထက် မကျော်လွန်စေဘဲ လူဝင်မှုကြီးကြပ်ရေးအရာရှိက စာဖြင့် ချုပ်နှောင် ထားနိုင်သည်။

**အခန်း(၉)**

**ပြည်နှင်ဒဏ်အမိန့်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် အာမခံပေးခြင်း**

၃၇။ ပြည်ထောင်စုဝန်ကြီးသည် ခိုင်လုံသော အထောက်အထားနှင့် အကြောင်းပြချက်ရှိပါက ဤဥပဒေအရ ချမှတ်ထားသည့် ပြည်နှင်ဒဏ်အမိန့်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၃၈။ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူသည် ပြည်နှင်ဒဏ်အမိန့်ချမှတ်ရန် ဆောင်ရွက်ဆဲကာလအတွင်း၌ဖြစ်စေ၊ ပြည်နှင်ဒဏ်အမိန့်ချမှတ်ပြီးနောက်ဖြစ်စေ ချုပ်နှောင်ထား ခြင်းခံရသော နိုင်ငံခြားသားကို ဤဥပဒေအရ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ နေထိုင်စေ၍ လုံလောက်သောအာမခံဖြင့် အချုပ်လွတ်နေထိုင်ခွင့်ပြုနိုင်သည်။

**အခန်း(၁၀)**

**သံတမန်များနှင့်ကုလသမဂ္ဂအဖွဲ့ဝင်များအား ကင်းလွတ်ခွင့်ပြုခြင်း**

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နည်းလမ်းတကျ ခန့်အပ်ထားသော နိုင်ငံခြားသံတမန်များ၊ သံရုံးအမှုထမ်း၊ အရာထမ်းများ၊ ကောင်စစ်ဝန်များနှင့် ထိုသူတို့၏ မိသားစုဝင်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် သံတမန်ဆိုင်ရာ အခွင့်အရေးရရှိသော ကုလသမဂ္ဂအဖွဲ့ဝင် ဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ထိုသူတို့၏ မိသားစုဝင်များနှင့်လည်း သက်ဆိုင်ခြင်း မရှိစေရ။

**အခန်း(၁၁)**

**အထွေထွေ**

၄၁။ ဦးစီးဌာနသည် -


(က) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် တည်ဆဲနည်းဥပဒေများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် တစ်ဦးတစ်ယောက်သော နိုင်ငံခြားသားနှင့်ဖြစ်စေ၊ သီးခြားအတန်းအစား သို့မဟုတ် အမျိုးအစား နိုင်ငံခြားသားနှင့်ဖြစ်စေ မသက်ဆိုင်စေရဟူ၍ လည်းကောင်း၊ စည်းကမ်း သတ်မှတ်ချက်အရသာ သက်ဆိုင်စေရမည်ဟူ၍ လည်းကောင်း အမိန့်ကြော်ငြာစာဖြင့် ကြေညာနိုင်သည်။

(ခ) နိုင်ငံခြားသားများ သွားလာနေထိုင်ရန် မသင့်လျော်သည့် အရပ်ဒေသများကို အမိန့် ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်နိုင်သည်။


(ဂ) နိုင်ငံခြားသားတစ်ဦးတစ်ယောက်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာ ခြင်း ရှိမရှိ စစ်ဆေးရန် လူဝင်မှုကြီးကြပ်ရေးအရာရှိအား တာဝန်ပေးအပ်နိုင်သည်။


(ဃ) နိုင်ငံခြားသားထံမှ မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေ၊ ဒဏ်ကြေးငွေ ကောက်ခံခြင်း ဆိုင်ရာနှုန်းထားများ၊ ကောက်ခံပေးသွင်းရမည့် နည်းလမ်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပေးနိုင်သည်။


*ဆက်လက်ဖော်ပြပါမည်*






HTOO







# မြန်မာဗျည်း(၇)



**မောင်ခင်မင်(ဓနုဖြူ)**

"ဗျည်းတွေကို အမျိုးအစားခွဲရာမှာ ပါးစပ်ထဲမှာ အသံဖြစ်တဲ့နေရာအရ ခွဲပုံရယ်၊ အသံဖြစ်ပုံဖြစ်နည်းအရ ခွဲပုံရယ်ဆိုပြီး အခြေခံအားဖြင့် နှစ်မျိုးရှိတယ်။ အသံဖြစ်တဲ့နေရာဆိုတာက သားတို့သမီးတို့သိထားတဲ့ 'ဌာန်' ပေါ့ကွယ်။ 'အသံဖြစ်ရာ' လို့လည်းခေါ်တယ်။ အင်္ဂလိပ်လိုတော့ Place of articulation လို့ခေါ်တယ်"

"ဆရာ ဒါဆိုရင်၊ ထုံးတမ်းစဉ်လာအရ ခွဲတဲ့ဌာန်နဲ့၊ သဒ္ဒဗေဒအရခွဲတဲ့ဌာန် တူပါသလား"

"အခြေခံအားဖြင့်တော့ အတူတူပါပဲကွယ်။ ဗျည်းသံတစ်သံဘယ်နေရာမှာဖြစ်တယ်ဆိုတာ ထုံးတမ်းစဉ်လာအရ ပြောပြော၊ သဒ္ဒဗေဒအရပြောပြော အခြေခံအားဖြင့် တူရမှာပေါ့။ ဖြစ်တဲ့နေရာက အတူတူပဲလေ။ အဲ-ပြောပုံပြောနည်းတော့ကွာတာပေါ့။ မှတ်မိကြသေးလား။ ထုံးတမ်းစဉ်လာအရ ဌာန်တွေကို ပြောတဲ့အခါ ဘယ်ကစပြောပါလိမ့်"

"လည်ချောင်းဌာန်က စပါတယ်ဆရာ၊ ပြီးတော့ အာစောက်ဌာန်၊ လျှာထိပ်ဌာန်၊ သွားဌာန်၊ နှုတ်ခမ်းဌာန်ဆိုပြီး ရှေ့ကို တဖြည်းဖြည်းသွားတဲ့အစီအစဉ်နဲ့ ပြောတာပါ"

"အေး... ဟုတ်တယ်၊ သဒ္ဒဗေဒ အရသရုပ်ဖော်ရာမှာတော့ ရှေ့ဆုံးဖြစ်တဲ့ နှုတ်ခမ်းကစတယ်။ ပြီးတော့ သွား၊ သွားရင်း၊ အာခေါင်နဲ့သွားရင်း အစပ်၊ အာခေါင်မာ၊ အာခေါင်ပျော့၊ လည်စေ့ဆိုပြီး ရှေ့ဆုံးက နောက်ဆုံးကိုတဖြည်းဖြည်းသွားတဲ့ အစီအစဉ်ပဲ"

"ဟုတ်ကဲ့ပါ"

"ပထမဆုံးနှုတ်ခမ်းမှာဖြစ်တဲ့ ဗျည်းတွေပေါ့။ 'ပ၊ဖ၊ဗ'ရယ်၊ 'မှ၊မ'ရယ်၊ 'ဝှ၊ ဝ'ရယ်၊ အားလုံးနှုတ်ခမ်းမှာ အတားအဆီးဖြစ်ပြီးမှအသံထွက်ရတာမို့ နှုတ်ခမ်းဗျည်းလို့ခေါ်တယ်။ bilabial လို့အင်္ဂလိပ်လိုသုံးတယ်"

"ထုံးတမ်းစဉ်လာမှာလည်း အဲဒီဗျည်းတွေကို ဩဋ္ဌဌာန်၊ နှုတ်ခမ်းဌာန်လို့ခေါ်တာပဲနော်"

"ဒါကြောင့် အခြေခံအားဖြင့် အတူတူပဲလို့ ပြောတာလေ။ သွားမှာဖြစ်တဲ့ဗျည်းတွေက သ နဲ့ သှ ပဲ။ သ သံနှစ်မျိုးရှိတာပြောပြီးပြီ။ သွားမှာ အတားအဆီးဖြစ်တဲ့ဗျည်းတွေပေါ့။ dental လို့ခေါ်တယ်"

"ဟုတ်ကဲ့ ... မှတ်ထားပါ့မယ် ဆရာ"

"နောက်တစ်ခုက သွားရင်းဗျည်းတွေပေါ့။ သွားရဲ့ နောက်ဆုံးသွားအရင်းမှာဖြစ်တာ။ သွားရင်းဗျည်းတွေက များတယ်။ တ၊ ထ၊ ဒ၊ နှ၊ န၊ လှ၊ လ၊ စ၊ ဆ၊ ဇ၊ တချို့က ရလည်း ထည့်တယ်။ လျှာလိပ်သံပေါ့။ alveolar လို့ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်နေရာက အာခေါင်နဲ့ သွားရင်းအစပ်ပေါ့။ အာခေါင် - သွားရင်းလို့ နှစ်ခုတွဲပြီး ခေါ်တယ်။ palato-alveolar ပေါ့။ အဲဒီဌာန်မှာ ဖြစ်တဲ့ဗျည်းတွေက အရင်ပြောခဲ့တဲ့ ကျ၊ ချ၊ ဂျ ဗျည်းသုံးလုံး ရယ်၊ ရှ ရယ်"

"ဟုတ်ကဲ့"

"ပြီးတော့ အာခေါင်မာပေါ့။ အာခေါင်ကို လက်နဲ့စမ်းကြည့်ရင် ရှေ့ပိုင်းက မာနေတယ်မဟုတ်လား။ palatal လို့ခေါ်တယ်။ 'ယ'ရယ်၊ 'ညှ၊ ည' ရယ်၊ အဲဒီမှာဖြစ်တယ်"

"အာခေါင်ပျော့က ဘယ်နေရာလဲ ဆရာ"

"အာခေါင်မာရဲ့ နောက်ပိုင်း ပျော့နေတဲ့နေရာပေါ့။ velar လို့ ခေါ်တယ်။ 'က၊ ခ၊ ဂ'ရယ် 'ငှ၊ င'ရယ် အဲဒီဌာန်မှာဖြစ်တယ်။ နောက်ဆုံးကတော့ လည်စေ့ပဲ။ glottal ပေါ့။ ဟ က အဲဒီမှာဖြစ်တယ်"

**မြန်မာဗျည်းသံတွေထဲမှာ ဟ သံလည်း နှစ်သံရှိတယ်။ 'ဟင်း၊ ဟုတ်၊ ဟောင်' ဆိုတဲ့ စကားတွေမှာပါတဲ့ ဟသံက အသံပျော့ပျော့နဲ့ ဆိုရတဲ့ ဟ သံပေါ့။ နောက် ဟ သံတစ်မျိုးက တစ်ယောက်ယောက် ကို... 'မောင်မောင်ရေ' လို့ လှမ်းခေါ်တာမျိုးမှာ ပြန်ထူးတဲ့ 'ဟေ' ဆိုတဲ့ အသံမျိုး၊ အသံပြင်းပြင်း ဆိုရတဲ့ ဟ သံပေါ့။**

"ဟုတ်ကဲ့ပါ"

"ဪ... တစ်ခုပြောရဦးမယ်။ မြန်မာဗျည်းသံတွေထဲမှာ ဟ သံလည်း နှစ်သံရှိတယ်။ 'ဟင်း၊ ဟုတ်၊ ဟောင်' ဆိုတဲ့ စကားတွေမှာပါတဲ့ ဟ သံက အသံပျော့ပျော့နဲ့ ဆိုရတဲ့ ဟ သံပေါ့။ နောက် ဟ သံတစ်မျိုးက တစ်ယောက်ယောက်ကို... 'မောင်မောင်ရေ'လို့ လှမ်းခေါ်တာမျိုးမှာ ပြန်ထူးတဲ့ 'ဟေ' ဆိုတဲ့ အသံမျိုး၊ အသံပြင်းပြင်းဆိုရတဲ့ ဟ သံပေါ့။ 'ဟင်း'လို့ သက်ပြင်းချတဲ့အသံမျိုးလည်း အတူတူပဲ။ မြန်မာစာမှာ ဟ အက္ခရာတစ်လုံးတည်းရှိပြီး ဟ သံနှစ်သံရှိတာမို့ အဲဒီအသံပြင်းတဲ့ ဟ သံကို မြန်မာအဘိဓာန်မှာ အောက်က အကောက်ကလေးနဲ့ 'ဟှ'လို့ ရေးတယ်"

"ဆရာ ရှေ့ပိုင်းမှာ ပြောတဲ့ ဗျည်းသံတွေထဲမှာ အဲဒီအသံ မပါဘူးနော်"

"အေး... အဲဒီအသံပြင်းပြင်းဆိုရတဲ့ ဟသံက ပါးစပ်ထဲက ရုတ်တရက် ထွက်လာတဲ့ အာမေဍိတ်သံတွေပဲရှိတာမို့ ဗျည်းသံအဖြစ် မယူဆတာများတယ်။ ဒါပေမယ့် မြန်မာစကားထဲမှာ အဲဒီအသံရှိနေတာမို့ တချို့ကတော့ ထည့်ကြတယ်"

"နားလည်ပါပြီဆရာ"

"အခုပြောခဲ့တာက အသံဖြစ်တဲ့နေရာ၊ ဌာန်ပေါ့။ အဲဒီဌာန်အရ ဗျည်းတွေကို အမျိုးအစားခွဲတာ။ နောက်တစ်မျိုးက 'အသံဖြစ်ဟန်' လို့ခေါ်တယ်။ အသံဖြစ်ပုံဖြစ်နည်းပေါ့။ manner of articulation လို့ ခေါ်တယ်။ ထုံးတမ်းစဉ်လာအရတော့ အသံဖြစ်တဲ့အကြောင်းရင်းဆိုတဲ့ ကရိုဏ်းရော၊ အသံဖြစ်ဖို့ အားထုတ်မှုဆိုတဲ့ ပယတ်ရော 'အသံဖြစ်ဟန်' မှာ အကျုံးဝင်မှာပေါ့။ စကားသံဖြစ်အောင် ဘယ်အစိတ်အပိုင်းနဲ့ ဘယ်အစိတ်အပိုင်း ဘယ်လိုထိတွေ့တယ်ဆိုတာကို ပြောတာ"

"ဘယ်လိုထိတွေ့တာပါလဲဆရာ"

"ပြောပါ့မယ် ။ အသံဖြစ်ဟန်ဆိုတဲ့ ဖြစ်ပုံ ဖြစ်နည်းအရ အမျိုးအစားခွဲရင် ပထမတစ်မျိုးက လေလမ်းကြောင်းပိတ်နေရာက ရုတ်တရက်ဖွင့်ထုတ်လိုက်တဲ့အခါ အသံမြည်ပြီးထွက်လာတဲ့အသံမျိုးပေါ့။ ပညာရပ်ဝေါဟာရအနေနဲ့ 'ရုန်းဖွင့်သံ' လို့ ခေါ်တယ်။ ရုန်းကန်ပြီးဖွင့်ထွက်တဲ့အသံပေါ့။ Plosive လို့လည်းခေါ်တယ်။ Stop လို့လည်းခေါ်တယ်"

"ဘယ်ဗျည်းတွေပါလဲဆရာ"

"အသံဖြစ်တဲ့ နေရာဆိုတဲ့ ဌာန်နဲ့ တွဲပြောမယ်။ နှုတ်ခမ်းမှာဖြစ်တဲ့ ရုန်းဖွင့်သံတွေက ပ၊ ဖ၊ ဗ၊ သွားရင်းမှာ ဖြစ်တဲ့ ရုန်းဖွင့်သံတွေက တ၊ ထ၊ ဒ၊ အာခေါင်ပျော့မှာ ဖြစ်တဲ့ ရုန်းဖွင့်သံတွေက က၊ ခ၊ ဂ၊ လို့ ခွဲပြီး မှတ်နိုင်တယ်"

"ဪ..."

"ဗျည်းတွေကို သရုပ်ဖော်ရင် အဲဒီလို အသံဖြစ်ရာနဲ့ အသံဖြစ်ဟန်တွဲပြီး သရုပ်ဖော်ရတယ်။နှုတ်ခမ်းရုန်းဖွင့်သံဆိုရင် အင်္ဂလိပ်လို bilabial plosive ပေါ့၊ bilabial stop လို့လည်းခေါ်တယ်။ နောက်ဗျည်းတွေလည်း အဲဒီလိုတွဲပြီး ခေါ်ကြည့်ကြပေါ့"

"ဟုတ်ကဲ့ ဆရာ"

"ဒါဆိုရင် ခေါ်ပုံခေါ်နည်းကို သိလောက်ပြီ။ နောက်တစ်မျိုးက ရုန်းဖွင့်ပွတ်တိုက်သံတဲ့။ attricate လို့ခေါ်တယ်။ ရုန်းဖွင့်သံလည်းပါတယ်၊ လေလမ်းကြောင်း ကျဉ်းကျဉ်းနဲ့ အသံမြည်အောင် ပွတ်တိုက်ပြီးထွက်သွားတဲ့ အသံလည်းပါတယ်။ ကျ၊ ချ၊ ဂျ၊ က အာခေါင်သွားရင်းမှာဖြစ်တဲ့ ရုန်းဖွင့်ပွတ်တိုက်သံတွေပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက နှာသံပဲ။ အသံဖြစ်ပုံအရ ပြောရရင် အာခေါင်ပျော့ရဲ့ အနေအထားကို အရင်ပြောဖို့ လိုတယ်။ အာခေါင်ရဲ့ နောက်ပိုင်းပျော့ပျော့အပိုင်းပေါ့။ အဲဒီ အာခေါင်ပျော့က ပုံမှန်ဆိုရင် အပေါ်မြင့်တက်နေပြီး ခံတွင်းထဲက နောက်နံရံနဲ့ထိနေတယ်။ အာခေါင်ပျော့ကို အောက်နှိမ့်ချလိုက်ရင် နောက်နံရံကို တံခါးဖွင့်လိုက်သလို ဖြစ်သွားပြီး အဆုတ်က တက်လာတဲ့ လေက နှာတွင်းလေလမ်းကြောင်းလို့ခေါ်တဲ့ နှာခေါင်းလမ်းကြောင်းထဲဝင်သွားပြီး နှာခေါင်းက လေထွက်သွားတယ်။ အဲဒီလို နှာခေါင်းက လေထွက်ပြီးဖြစ်တဲ့အသံကို နှာသံလို့ ခေါ်တာပါပဲ။ nasal ပေါ့။ ဆရာ အာခေါင်ပျော့ကို ပုံမှန်ထားရင် နှာခေါင်းကလေမထွက်ဘဲ ပါးစပ်ကပဲ ထွက်တာပေါ့နော်"

"ဟုတ်တာပေါ့ကွယ်။ နှာသံမဟုတ်တဲ့ဗျည်းသံအားလုံး ပါးစပ်ကပဲ လေထွက်တယ်။ နှာသံကျတော့ နှာခေါင်းက လေထွက်တယ် အသံလာရာဌာန်နဲ့ တွဲပြောရရင် 'မှ၊ မ' က နှုတ်ခမ်းနှာသံ၊ 'နှ၊ န' က သွားရင်းနှာသံ၊ 'ညှ၊ ည' က အာခေါင်မာနှာသံ၊ 'ငှ၊ င' က အာခေါင်ပျော့နှာသံပေါ့ကွယ်။ အားလုံးနှာသံတွေချည်းပဲ"

"နှာခေါင်းပေါက်ရှေ့က လက်ဝါးခံကြည့်ရင် လေထွက်တဲ့ အထိအတွေ့ရမှာပေါ့နော်ဆရာ"

"ဟုတ်ပ့ါ။ မ၊ န၊ ည၊ င လို့ဆိုရင်း နှာခေါင်းပေါက်ရှေ့မှာ လက်ခံကြည့်ပါလား။လက်တွေ့သိနိုင်တာပေါ့။"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက လျှာဖွင့်သံတဲ့။ lateral လို့ ခေါ်တယ်။ လျှာရဲ့ဘေးနှစ်ဖက်က လေထွက်တဲ့အသံပေါ့။ လှ နဲ့ လ ကသွားရင်းမှာဖြစ်တဲ့ လျှာဖွင့်သံတွေပဲ"

"ဟုတ်ကဲ့"

"နောက်တစ်မျိုးက ပွတ်တိုက်သံပေါ့။ ခုနပြောခဲ့သေးတယ်။ အဆုတ်လေထွက်လာတုန်း လေလမ်းကြောင်း ကကျဉ်းနေရင် ပွတ်တိုက်ပြီး ထွက်ရတဲ့အတွက် အသံမြည်သွားတာပေါ့။ fricative လို့ခေါ်တယ်။ သ နဲ့ သှ က သွားပွတ်တိုက်သံ၊ 'စ ဆ ဇ' နဲ့ 'ရ'က သွားရင်းပွတ်တိုက်သံ၊ ရှကအာခေါင်သွားရင်း ပွတ်တိုက်သံ၊ 'ဟ'က လည်စေ့မှာဖြစ်တဲ့ ပွတ်တိုက်သံပေါ့"

"ဟုတ်ကဲ့"

"နောက်ဆုံးပြောရမှာက သရတစ်ပိုင်း ဗျည်းတစ်ပိုင်း လို့ခေါ်တယ်။ semivowel လို့ ခေါ်လေ့ရှိတယ်။ 'ဝှ၊ ဝ'ရယ်၊ 'ယ'ရယ်ပေါ့။ အဲဒီအသံတွေကို ဗျည်းအဖြစ် သုံးနေပေမယ့် အသံရဲ့ သဘာဝက သရသံနှစ်သံတွဲပြီးဖြစ်တဲ့ အသံတွေပဲ။ 'အု' နဲ့ 'အ' ကို မြန်မြန်ဆိုရင် 'ဝ' ဖြစ်သွားတယ်။ 'အိ' နဲ့ 'အ' ကို မြန်မြန်ဆိုရင် 'ယ' ဖြစ်သွားတယ်လို့ သရုပ်ဖော်ကြတယ်။ ရှေ့သရသံကိုဆိုဖို့ တာစူတုန်း နောက်သရသံဆီကို မြန်မြန်ရွေ့သွားတဲ့အတွက် အဲဒီအသံတွေကို သရရွေ့ (vowel glide) လို့လည်းခေါ်တယ်။ ဝ နဲ့ ယ ကို တခြားဗျည်းတွေလို သုံးပေမယ့် အသံသဘောအရ သရဖြစ်နေတဲ့အတွက် သရတစ်ပိုင်း၊ ဗျည်းတစ်ပိုင်းလို့လည်း ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဘယ့်နှယ်လဲ။ မှတ်ရတာ တော်တော်ခေါင်းပူသွားပြီထင်တယ်။ အေးအေးဆေးဆေး မှတ်ကြပေါ့။ ဒါဟာ ဘာသာဗေဒ သဒ္ဒဗေဒအမြင်အရ မြန်မာဗျည်းတွေကို အမျိုးအစားခွဲပြတာပဲ။ တခြားဘာသာစကားတွေရဲ့ ဗျည်းသံတွေကို သရုပ်ဖော်ရင်လည်း အခုလိုပဲ အသံဖြစ်ရာ ဌာန်နဲ့ အသံဖြစ်ဟန် တွဲပြီး သရုပ်ဖော်လေ့ရှိတယ်။ အသံတွေ ဘယ်နေရာမှာ ဘယ်လိုဖြစ်လာတယ်ဆိုတာ လက်တွေ့သရုပ်ဖော်တာ ပေါ့ကွယ်"

# ပုစဉ်းထိုးငှက်အကြောင်း တစေ့တစောင်း

ကသာမြို့နယ်တွင် ငှက်မျိုးစိတ်များ နေရာအဝန်းတွင် လစဉ်အလိုက် ငှက်မျိုးစုံ နေထိုင်မှုစရိုက်ပုံသဏ္ဌာန်မတူညီဘဲ ကွဲပြားခြားနားစွာဖြင့် ပျော်မြူးစွာနေထိုင်လျက်ရှိသည့်အနက် ပုစဉ်းထိုး ငှက်များကို ဧရာဝတီမြစ်ကမ်းရိုးတစ်လျှောက် မြင်တွေ့ရလျက်ရှိသည်။

အဆိုပါ ပုစဉ်းထိုးငှက်သည် မြစ်ချောင်းကမ်းပါးများရှိ ကိုင်းချုံတောများကြားတွင် နေထိုင်ကျက်စားကြပြီး လွင်ပြင်ရှိရာတွင် အများဆုံးနေထိုင်လေ့ရှိသော ငှက်တစ်မျိုးဖြစ်၍ လေ့လာကြည့်ရာ ဦးရစ်နှင့် ကုပ်ပိုးကြေးညိုရောင် အနက် အမှတ်ပါ အစိမ်းရောင်လည်ချောင်းနှင့် အလယ်အမြီးရှည်မျောမျော သေးသေးသွယ်သွယ်ပါရှိသော ပုစဉ်းထိုးငှက်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဝါရောင်သန်း ပုစဉ်းထိုးမြီးပြာငှက်(မြီးနှစ်ခွ)၊ ပုစဉ်းထိုးရင်ဝါ ငှက်မျိုးများကို တွေ့ရမှုမရှိဘဲ၊ ပုစဉ်းထိုးငှက်အစိမ်းရောင်ရှိသော (မြီးနှစ်ခွ)၊ သေးသွယ်သော ခန္ဓာကိုယ် အလျား ရှစ်လက်မခန့်ရှိပြီး ပေ ၅၀၀၀ အထိ ပျံတက်နိုင်ပြီး လွင်ပြင်များတွင် နေထိုင်ကျက်စားသောလေ့ရှိသည့် ငှက်တစ်မျိုးဟုလည်း ခေါ်ကြသည်။

ထို့ပြင် ကြေးနန်းကြိုးများ ချုံစပ်များတွင် အုပ်စုဖွဲ့နေတတ်၍ ပျံသန်းစဉ် ထရီး ထရီး ထရီးဟု အဆက်မပြတ်ခေါ်သံပေး၍ မတ်လမှ မေလအတွင်း သားပေါက်ပြီး လေထဲတွင် ပျံသန်းနေသော ပိုးများ ကိုင်းချုံတွင် စားသုံးကြသည်ဟု မှတ်တမ်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် မျိုးရင်းဝင်မျိုးစိတ်ငါးမျိုးရှိကာ ဌာနေငှက်ဖြစ်ကြပြီး ရှည်သွယ်သော ခန္ဓာကိုယ်ရှိ၍ အဖျားတွင် ကွေးနေသော နှုတ်သီးနှင့် ရှည်သော၊ ချွန်သောအတောင်ပံရှိသော ငှက်မျိုးဖြစ်သည်။ အတောင်များမှာ အစိမ်းရောင်ကဲပြီး ပျားပိုးမွှားများကို ရှာဖွေစားသောက်၍ မတ်စောက်သော ကမ်းပါးယံများ၌ လိုဏ်ခေါင်းများတူး၍ ဥဥကြပြီး မြစ်ကမ်းတစ်လျှောက်ရှိ ကိုင်းချုံစပ်များတွင် နေထိုင်၍ တစ်နေကုန် အငြိမ်မနေဘဲ ကိုယ့်အားကိုယ်ကိုး လှုပ်ရှားရှာဖွေ စားသောက်သော ပုစဉ်းထိုးငှက်ဖြစ်ကြသည်။

ယခုလတွင် ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းစောင်နှင့် ကိုင်းချုံစပ်များတွင် နေထိုင်ကျက်စားခြင်း များလာသည်။ ယင်းမှာ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကိုင်းပင်များ အပွင့်ပွင့်လာ၍ ပိုးမွှားများ အသီးအပွင့်များ မှီဝဲစားသုံးကြလျက်ရှိရာကို အခွင့်ကောင်းစောင့်ဆိုင်း၍ ငှက်ပစ်၊ တံငါရှာဖွေလုပ်သားများကို ကွင်းရှောင်ပြီး ပိုးမွှားများကို ထိုးဆိတ်ယူစားသုံးကြလျက်ရှိကြောင်း ပုစဉ်းထိုးငှက်အကြောင်း စာပေကျမ်းဂန်များကို အမှီပြု၍ လေ့လာပြီး ရေးသားတင်ပြလိုက်ပါသည်။

ယခုအခါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူမရှိခြင်း၊ ငှက်မျိုးစုံနေထိုင်ရာ ဘေးမဲ့တောများရှိခြင်း မြင့်မားသစ်ပင်ကြီးများ လျော့နည်းလာ၍ စိုက်ပျိုးသီးနှံမျိုးစုံ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးအမျိုးမျိုးကို သုံးစွဲလာကြသဖြင့် ငှက်များသေကျေပြီး လျော့ကျလာသည့်အတွက် ပိုးသတ်ဆေးအလွန်အကျွံ သုံးစွဲမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း ငှက်များချစ်သူက ပြောကြားခဲ့သည်။

**ငွေအိုး (ကသာ)**



ခ ရီး သွား ဆောင်း ပါး

# ဆောင်းခိုငှက်များနှင့်အတူ

**သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မောင်ချစ်ကြည်**




ဆောင်းဝင်စမို့လားမသိ၊ နံနက်ပိုင်းအအေးဓာတ်က လွှမ်းခြုံရစ်သိုင်းစပြုလာသည်။ ပဲခူး-ပျဉ်ပုံကြီးကားလမ်းပေါ်ဝယ် နှင်းမှုန်တို့က ခပ်ပါးပါးဝေ့ဝဲကျဆင်းနေသည်ကို မြင်ရသည်။ မိုးအကုန် ဆောင်းအကူး ရာသီဦးက နှင်းမှုန်မှုန်တို့ဖြင့် ကြိုဆိုနေပြီဟု အတွေးဝင်မိသည်။ ပျဉ်ပုံကြီးရောက်ချိန်မှာ နံနက် ၆ နာရီကျော်သာရှိသေးရာ မိုးယွန်းကြီးအင်းသို့ ရောက်ချိန်၌ မြူနှင်းတို့ဝေနေဆဲ။

ရန်ကုန်မှ နံနက် ၄ နာရီခန့် ကားဖြင့်ထွက်လာသော ကျွန်တော်တို့ မိုးယွန်းကြီးအင်းသို့ စောစီးစွာ ရောက်လာခဲ့ခြင်းဖြစ်သည်။ မိုးယွန်းကြီးအင်းသို့ ယခင်က ရောက်ခဲ့ဖူးသော်လည်း နွေရာသီအချိန်ဖြစ်ရာ အင်းအတွင်း ရေနည်းနေသဖြင့် လေ့လာ၍မကောင်း၊ အင်းအတွင်း နေရာအနှံ့မရောက်ဖြစ်ခဲ့။ ယခုဆောင်းအဝင် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ ကမ္ဘာ့မြောက်ခြမ်းမှ ငှက်များ ကမ္ဘာ့တောင်ခြမ်းသို့ ဆောင်းခိုလာကြသည်ဖြစ်ရာ ကြည့်ရှုလေ့လာရန် ကျွန်တော်တို့ လာရောက်ခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့မြောက်ခြမ်းတွင် ဆောင်းရာသီကာလ ဆိုးရွားသော အအေးဒဏ်ကို မခံစားနိုင်သည့်အပြင် ဆီးနှင်းများ ဖုံးလွှမ်းမှုကြောင့် စားကျက်လည်း ရှားလာသည်ဖြစ်ရာ အအေးဒဏ်ကို ရှောင်ကွင်းရန် ကမ္ဘာ့တောင်ခြမ်းသို့ ဆောင်းခိုငှက်များ ပျံသန်းရောက်ရှိလာခြင်းဖြစ်သည်။ ကျွန်တော်တို့ မိုးယွန်းကြီးအင်းအတွင်း ငှက်များကြည့်ရှုရန်နေရာသို့ သွားရောက်ခဲ့ကြသည်။

မိုးယွန်းကြီးအင်းမှာ ၁၉၀၄ ခုနှစ်က ပဲခူး-စစ်တောင်းတူးမြောင်း ရေနည်းချိန် နွေရာသီတွင် ရေထုတ်ပေးရန် လူလုပ်အားဖြင့် ပြုလုပ်ခဲ့သော လူလုပ်အင်းဖြစ်ပြီး ဧရိယာစတုရန်းမိုင် ၄၀ ခန့် ကျယ်ဝန်းသည့် အင်းလည်းဖြစ်သည်။ အရပ်ဒေသအခေါ် ရေလှောင်ကွင်းဟု လူသိများသည့် မိုးယွန်းကြီးအင်းကို မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်းအဖြစ် ၁၉၈၈ ခုနှစ်က သတ်မှတ်ကာ ပြည်တွင်းပြည်ပ ဧည့်သည်များ လာရောက်အပန်းဖြေနေသော နေရာတစ်ခုလည်း ဖြစ်သည်။

ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အကြား ရန်ကုန်-မန္တလေးကားလမ်းမဟောင်း အရှေ့ဘက်ခြမ်းအနီး၌ တည်ရှိသော မိုးယွန်းကြီးအင်းကို ပန်းခိုင်တာ၊ ဇွဲဘတ်တာ၊ မိုးပက်တာတို့ဖြင့် ဝိုင်းရံထားရာ နွေ၊ မိုး၊ ဆောင်းရေပြတ်သည်ဟူ၍မရှိ။ ယခင်က မိုးယွန်းကြီးအင်းအတွင်း ဒေသခံများအား ငါးဖမ်းခွင့်ပေးခဲ့သော်လည်း ၁၉၈၈ ခုနှစ် ဘေးမဲ့တောအပန်းဖြေစခန်းအဖြစ် သတ်မှတ်ပြီးနောက်ပိုင်း ငါးဖမ်းခွင့်မရတော့ဘဲ ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ ငှက်ကြည့်နေရာမှနေ၍ အင်းအတွင်း လွတ်လပ်စွာ နေထိုင်ကျက်စားနေသော ရေပျော်ငှက်မျိုးစပ်များကို ကြည့်ရှုလေ့လာမိသည်။ မှန်ပြောင်းဖြင့် ကြည့်ရှုရာ ပြည်တွင်းဌာနေ ရေပျော်ငှက်များဖြစ်သည့် ဝမ်းဘဲ၊ တင်ကျီး၊ စစ္စလီနှင့် ရေကြက်အချို့ကို တွေ့မြင်ရသည်။ တချို့တင်ကျီးငှက်များက ရေငုပ်အစာရှာနေကြပြီး ဝမ်းဘဲနှင့် ရေကြက်အချို့က ရေပြင်တွင် ဖြည်းညင်းစွာ သွားလာကာ အစာရှာဖွေလျက်ရှိနေသည်ကို တွေ့ရသည်။

မိုးယွန်းကြီးအင်းက အစာရေစာပေါများသည်။ နေရာကျယ်ဝန်းပြီး အနှောင့်အယှက်ကင်းသည်ဖြစ်ရာ ရေပျော်ငှက်များ ရှင်သန်ကျက်စားရာ နေရာကောင်းတစ်ခုအဖြစ် တည်ရှိနေသည်။ ပြည်တွင်းဌာနေငှက်မျိုးစိတ်ပေါင်း ၉၀ ကျော်နေထိုင်ကျက်စားသည်ဖြစ်ရာ အုပ်စုလိုက်အစာကို စောင့်ဆိုင်းနေသော ဗျိုင်းလည်တံရှည်များကိုလည်း တွေ့ရသည်။ တစ်ကောင်ချင်းကျောက်ရုပ်လိုငြိမ်သက်ကာ အစာကိုစောင့်ဖမ်းနေသော ဗျိုင်းအချို့ကိုလည်း မြင်တွေ့ရသည်။

ထိုစဉ် သုတ်ခနဲထပျံသွားသော ရေစစ္စလီငှက်များကိုတွေ့လိုက်ရသည်။ မိုးယွန်းကြီးအင်းအတွင်း စိတ်တိုင်းကျ နေရာရွေးကာ အစားအစာရှာဖွေရန် ကြိုးစားနေသော ငှက်များဖြစ်သည်။ ကျွန်တော်တို့ ငှက်ကြည့်မှန်ပြောင်းနှင့် ကြည့်နေစဉ် လေဟုန်စီးကာဝဲပျံလာသော ငှက်တစ်အုပ်ကို တွေ့လိုက်ရသည်။ ကိုယ်ထည် မီးခိုးရောင်၊ ခြေထောက်ဖျားပိုင်း၌ အနီဖျော့အရောင်ရှိသော ငှက်များဖြစ်သည်။ မည်သည့်ငှက်အမျိုးအစားဟု ဝေခွဲမရနိုင်အောင် ဖြစ်နေရာ "အဲဒါဆောင်းခိုငှက်တွေပေါ့၊ ငှက်အမျိုးအစားတော့ သေချာမသိဘူး"ဟု အတူပါလာသည့် မိတ်ဆွေတစ်ဦးက ပြောသည်။

ဆောင်းခိုငှက်များကို ကျွန်တော်စိတ်ဝင်စားသည်။ ကမ္ဘာ့မြောက်ခြမ်းမှတောင်ခြမ်းသို့ မိုင်ထောင်ချီကာ ပျံသန်းလာသော ဆောင်းခိုငှက်များက စွန့်စားလွန်းသူများဖြစ်သည်။လမ်းခရီးတွင် ရာသီဥတုဒဏ်၊ ငှက်မုဆိုးများဘေးရန်စသည့် ဘေးအန္တရာယ်မျိုးစုံကို ရင်ဆိုင်ကျော်ဖြတ်ကာ အသက်ရှင်ရေးအတွက် ပျံသန်းလာကြခြင်းဖြစ်သည်။

မိုးယွန်းကြီးအင်းတွင် နှစ်စဉ်ဆောင်းခိုငှက်မျိုးစိတ် ၆၅ မျိုး ခန့်လာရောက်ကြပြီး ငှက်အကောင်ရေ ၂၀၀၀၀ ကျော် ဆောင်းခိုရန် ရောက်ရှိလာလေ့ရှိကြသည်ဟု သိရသည်။ ယခုအခါ နိုဝင်ဘာလ မှ စတင်ပြီး ဆောင်းခိုငှက်များ တဖွဲဖွဲပျံသန်းရောက်ရှိလာကြသည်ကို တွေ့မြင်ရသည်။ နှစ်စဉ် ဒီဇင်ဘာနှင့်ဇန်နဝါရီလများတွင် ဆောင်းခိုငှက်များအများဆုံးရောက်ရှိကြရာ မြန်မာနိုင်ငံအတွင်း အင်းလေးကန်၊ အင်းတော်ကြီးအိုင်၊ မုတ္တမပင်လယ်ကွေ့၊ မိုးယွန်းကြီးအင်း၊ ပလိပ်အင်း၊ သူငယ်တော်အင်း၊ စကားအင်းတို့အပြင် မြန်မာနိုင်ငံ ကမ်းခြေအများအပြားသို့လည်း ဆောင်းခိုငှက်များရောက်ရှိလာကြခြင်းဖြစ်သည်။

ကျွန်တော် ကိုင်းပင်စိမ်းစိမ်းများကြားသို့ မှန်ပြောင်းဖြင့် သေချာချိန်ပြီး ကြည့်နေရာ ထူးခြားမှုမတွေ့ရသဖြင့် နောက်တစ်နေရာသို့ ပြောင်းကြည့်သည်၊ မတွေ့ရ။ နောက်တစ်နေရာ မြက်ပင်များဘက်သို့ မှန်ပြောင်းဖြင့် ကြည့်သော်လည်း မထူးခြား၊ မိတ်ဆွေဖြစ်သူက "ဘာတွေဒီလောက်ရှာဖွေနေတာလဲ" ဟု မေးသဖြင့် "ရေညှောင့်နှုတ်ပိုင်းငှက်ကိုရှာနေတာ " ဟု ပြန်ဖြေရင်း ဆက်လက်ရှာဖွေသော်လည်း မြင်ကွင်းအတွင်း မရောက်လာခဲ့။

## မိုးယွန်းကြီးအင်းတွင် နှစ်စဉ်ဆောင်းခိုငှက် မျိုးစိတ် ၆၅ မျိုးခန့် လာရောက်ကြပြီး ငှက်အကောင်ရေ ၂၀၀၀၀ ကျော် ဆောင်းခိုရန် ရောက်ရှိလာလေ့ရှိကြသည်ဟု သိရသည်

ရေညှောင့်နှုတ်ပိုင်းငှက်မှာ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့်ရှားပါးငှက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အကောင်ရေ ၅၀၀ ခန့်သာရှိတော့သည်ဖြစ်ရာ ကျွန်တော် ကိုယ်တိုင်မျက်မြင်တွေ့ချင်နေသည့်ငှက်လည်းဖြစ်သည်။ တကယ်တော့ ရေညှောင့်နှုတ်ပိုင်းငှက်မျိုးမှာ မြန်မာနိုင်ငံအတွင်း ဆောင်းခိုရန်လာရောက်ရာတွင် မုတ္တမကွေ့၊ နံ့သာကျွန်း၊ မိန်းမလှကျွန်းတို့၌ အများဆုံး နေထိုင်ကြခြင်းဖြစ်သည်။ ယခုနှစ်၌လည်း ရေညှောင့်နှုတ်ပိုင်းငှက်များ ၄င်းနေရာများတွင် လာရောက်ဆောင်းခိုမှု စတင်တွေ့ရှိနေရပြီဖြစ်ကြောင်း သိရသည်။ မျိုးသုဉ်းအန္တရာယ်ကျရောက်နေသော ငှက်မျိုးစိတ်များအနက် မြန်မာနိုင်ငံတွင်လည်း ၄၆ မျိုးခန့်ရှိနေရာ ငှက်နှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် လိုအပ်ကြောင်း တွေးနေမိသည်။

မိုးယွန်းကြီးအင်းအတွင်း ဆောင်းခိုငှက်များကို စောင့်ကြည့်လေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး ရေတိမ်ဒေသထိန်းသိမ်းနယ်မြေလည်းဖြစ်သည့် မိုးယွန်းကြီးအင်းကို ရာသီအလိုက် ရွှေ့ပြောင်းဆောင်းခိုငှက်များအား ထိန်းသိမ်းကာကွယ်ရန်၊ ပြည်တွင်းပြည်ပခရီးသွားများ လေ့လာရန်နှင့် သဘာဝခရီးသွားလုပ်ငန်းအထောက်အကူပြုစေရန် မိုးယွန်းကြီးအင်းဘေးမဲ့တောအပန်းဖြေစခန်းအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ မိုးယွန်းကြီးအင်းမှ ပြန်ထွက်လာခဲ့ကြပြီး ဝမ်းဘဲအင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းအနောက်ဘက်သို့ ချိုးကွေ့လိုက်ရာ ကမ်မြင့်ရွာသို့ ရောက်ရှိခဲ့သည်။ ကမ်မြင့်ရွာမှ ဆက်လက်ထွက်ခွာလာရာ ပဲခူးရိုးမတောင်တန်းအစတွင် တည်ရှိသော တောင်ညွန့်ရွာသို့ ရောက်ရှိလာသည်။ တောင်ညွန့်ရွာမှ ဒေးစွန်ပါတောင်သို့ ခြေကျင်တက်ရောက်ခဲ့ရာ သဘာဝတောတောင်ရေမြေ၏ အေးမြ တိတ်ဆိတ်မှုကို အပြည့်အဝခံစားရသည်။ အေးချမ်းသည့်နေရာပင်။

တောင်တက်လမ်းအတိုင်း တက်လာရာ ဈေးဆိုင်တန်းလေးများတွင် အမောဖြေပြီးနောက် ဆက်လက်တက်ရောက်ခဲ့ရာ ဒေးစွန်ပါတောင်ဘုရားရင်ပြင်သို့ ရောက်ရှိလာခဲ့သည်။ ရင်ပြင်တော်ပေါ်ရောက်သည်နှင့် အေးမြသန့်စင်သောလေ၊ စိမ်းစိုအုံ့ဆိုင်းနေသော တောရိပ်၊ တောင်ရိပ်များက စိတ်မောလူမောဖြစ်နေမှုများကို အမောပြေလန်းဆန်းသွားစေသည်။ စေတီတော်ကို ရှိခိုးပြီးနောက် ရင်ပြင်ကို လှည့်လည်ကာ လေ့လာမိသည်။ ဒေးစွန်ပါဘုရားအနီး ဆင်ပုန်းတောရကျောင်း၌ ရဟန္တာဟု နာမည်ကြီးခဲ့သည့် ဆရာတော် ဦးသီလ သီတင်းသုံးခဲ့ကြောင်း ဘိုးဘွားတို့ပြောခဲ့သည့် စကားကို ပြန်ကြားယောင်နေမိသည်။

ဒေးစွန်ပါတောင်စေတီသည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၃၀၀ ခန့်မြင့်သော တောင်ပေါ်တွင် တည်ထားခြင်းဖြစ်ပြီး ဒေးစွန်ပါစေတီ၏ မူလအမည်မှာ မွန်ဘာသာဖြင့် ဒေးစွပ္ပားဖြစ်သည်။ ဒေးမှာတောင်၊ စွပ္ပားဆိုသည်မှာ စကားဝါပန်းဖြစ်ရာ စကားဝါပန်းများရှိရာ တောင်ဘုရားဖြစ်ပြီး နောက်ပိုင်းကာလကြာသောအခါ ဒေးစွန်ပါဘုရားဟု ဖြစ်လာခြင်းဖြစ်သည်။ ဒေးစွန်ပါစေတီကို မြန်မာသက္ကရာဇ် ၂၁၆ မှ ၂၂၅ ခုနှစ်အကြား အသဃကုမ္မာ မင်းက တည်ထားခဲ့ခြင်းဖြစ်ပြီး ဗုဒ္ဓဆံတော်ကို ဌာပနာပြုထားကြောင်း သမိုင်းမှတ်တမ်းများ၌ ဖော်ပြထားသည်ကို သတိရမိသည်။

ကျွန်တော်တို့ ဒေးစွန်ပါစေတီကို ဖူးမြော်ပြီးနောက် ပြန်ဆင်းလာခဲ့ကြသည်။ တောရိပ်၊ တောင်ရိပ်တို့ဖြင့် အေးချမ်းတိတ်ဆိတ်သော ဒေးစွန်ပါတောင်နှင့်စေတီအား ဖူးမြော်ကာ စိတ်အေးချမ်းမှုကို ရှာဖွေနိုင်သည်ကို တွေးမိသည်။ ဒေးစွန်ပါတောင်အနီးရှိ မိုးယွန်းကြီး အင်းတွင်လည်း ဆောင်းခိုငှက်များ ရောက်ရှိလာပြီဖြစ်ရာ စောင့်ကြည့်လေ့လာနိုင်ဦးမည်ဖြစ်သည်။ ။



# လွှတ်တော်ထဲမှာဘာတွေလုပ်

ဇော်ငြိမ်းဦး (MPA)

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များပေါ်ပေါက်လာခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးပထမနေ့ကိုနေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက် (၀၈း၅၅) နာရီအချိန်တွင် စတင်ကျင်းပခဲ့ပါသည်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးပထမနေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမတွင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက် (၀၈း၅၅) နာရီအချိန်တွင် စတင်ကျင်းပခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးပထမနေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမတွင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက် (၀၈း၅၅) နာရီအချိန်တွင် စတင်ကျင်းပခဲ့ပါသည်။

ပြည်သူ့လွှတ်တော်သည်မြို့နယ်ကိုလည်းကောင်း၊ လူဦးရေကိုလည်းကောင်း အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ၄၄၀ ဖြင့် ဖွဲ့စည်းထားသည်။ အမျိုးသားလွှတ်တော်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီးသက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီတူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး၊ စုပေါင်း ၂၂၄ ဦးဖြင့် ဖွဲ့စည်းထားပါသည်။လွှတ်တော်၏ သက်တမ်းသည် မိမိလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌရွေးချယ်မှု၊ ဥက္ကဋ္ဌရွေးချယ်တင်မြှောက်မှုများ၊ ဒုတိယသမ္မတများရွေးချယ်မှု၊ သမ္မတရွေးချယ်တင်မြှောက်မှုများဖြင့် လွှတ်တော်များသည် အသက်ဝင်လာခဲ့ပါသည်။ လွှတ်တော်ထဲတွင် ဘာတွေလုပ်ကြသလဲမေးခွန်းသည်လည်း ပေါ်ပေါက်လာပါသည်။

လွှတ်တော်ဆိုသည်မှာ ‘လွှတ်’ ဆိုသောစကားသည် ဩဇာအာဏာလွှတ်ခြင်း၊ အမိန့်တော်အမှာတော်လွှတ်ခြင်း၊ လက်လွှတ်ခြင်း၊ ပေးခြင်းနှင့် သက်ဆိုင်ပါသည်။ ‘တော်’ ဟူသော ဝေါဟာရသည် ဘုရင်နှင့်စပ်ဆိုင်သော အဓိပ္ပာယ်ကိုဖော်ပြပါသည်။ ထို့ကြောင့် နန်းတော်၊ ဥယျာဉ်တော်၊ လွှတ်တော်စသည်ဖြင့် သုံးနှုန်းပါသည်။

အာဏာခွဲဝေသုံးစွဲမှု (Separation of power)အရအစိုးရအဖွဲ့သည် (Executive body)အုပ်ချုပ်ရေးနှင့်ပတ်သက်လျှင် အမြင့်ဆုံးဖြစ်သကဲ့သို့ လွှတ်တော် (Legislative body) သည် ဥပဒေပြုရေးနှင့် ပတ်သက်လျှင်လည်းအမြင့်ဆုံးဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွှတ်တော်သုံးရပ်ဖြင့်ဖွဲ့စည်းထားပါသည်။ အသက်(၁၈)နှစ် ပြည့်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီမဲပေးပိုင်ခွင့်ရှိသော ပြည်သူများကမဲပေးသောစနစ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခဲ့ပါသည်။

လွှတ်တော်များသည် ဥပဒေပြုမဏ္ဍိုင်များဖြစ်ရာ ဥပဒေပြုရေးတာဝန်ကို အဓိကထမ်းဆောင်သလို အခြားမဏ္ဍိုင်ကြီးများဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည်တို့ကို အပြန်အလှန်ထိန်းကျောင်းနိုင်ရေးအတွက် မေးခွန်းများမေးမြန်းခြင်း၊အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရင်း ပြည်သူ့အသံကို ထင်ဟတ်စေပါသည်။မေးခွန်းများမေးမြန်းရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများမေးမြန်းနိုင်ပါသည် ကြယ်ပွင့်ပြမေးခွန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှတ်တော်အတွင်းဖြေဆိုရသောမေးခွန်းများဖြစ်ပြီး ကြယ်ပွင့်မပြမေးခွန်းသည် သက်ဆိုင်ရာဝန်ကြီးဌာနမှ စာဖြင့်ဖြေကြားသော မေးခွန်းဖြစ်ပါသည်။ လွှတ်တော်သက်တမ်းသည် ယင်းလွှတ်တော် ပထမအကြိမ်အစည်းအဝေး ဆက်လက်ကျင်းပသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်ရာ ယခုအချိန်တွင် လွှတ်တော်သက်တမ်းသည် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေ(၂၃၂)ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဒုတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးထိ ဥပဒေ(၁၄)ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါ သည်။

**ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့မှ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့အသံကို နားထောင်ရင်း၊ ပြည်သူတို့ဆန္ဒ ပြည်သူတို့ မျှော်လင့်ချက်များကိုလွှတ်တော်အတွင်း၌ မေးခွန်းများမေးမြန်းခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း**

၁၉၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဘုရင်ခံအုပ်ချုပ်သောအိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်လာခဲ့ပြီး ရွေးကောက်တင်မြှောက်ခံရသောအမတ်များနှင့် ခန့်အပ်ခြင်းခံရသောအမတ်များပါဝင်သည့် ဥပဒေပြုကောင်စီတစ်ခုကို ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပါသည်။ ၁၉၂၇ ခုနှစ် မှ ၁၉၃၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဥပဒေပြုကောင်စီများရှိခဲ့သော်လည်းအိန္ဒိယဘုရင်ခံချုပ်၏လက်အောက်ခံပြည်နယ်တစ်ခုသာဖြစ်ခဲ့၍ အိန္ဒိယနိုင်ငံအစိုးရအက်ဥပဒေအရလည်းကောင်း၊ အိန္ဒိယဘုရင်ခံချုပ်၏ သဘောတူညီချက်ဖြင့် အိန္ဒိယဗဟိုဥပဒေပြုအဖွဲ့ကလည်းကောင်း၊ ဗြိတိသျှပါလီမန် ကလည်းကောင်းအရေးကြီးသောဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရအက်ဥပဒေအရတည်ရှိခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘုရင်ခံကရပ်ဆိုင်းလိုက်ပြီး ယင်းဥပဒေပုဒ်မ ၁၃၉ အရဘုရင်ခံသည် ဥပဒေပြုမှုအာဏာနှင့် အုပ်ချုပ်မှုအာဏာတို့ကို လွှဲပြောင်းယူခဲ့ပါသည်။ ၁၉၄၃ ခုနှစ်တွင် စည်းမျဉ်းဥပဒေအမည်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့ကိုတော်လှန်ခဲ့ပြီးနောက် ၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရအက်ဥပဒေသည် မြန်မာနိုင်ငံတွင် ပြန်လည်အသက်ဝင်လာခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိကာဥပဒေပြုခဲ့ပါသည်။ ၁၉၆၂ ခုနှစ် မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် တော်လှန်ရေးကောင်စီကဥပဒေပြုခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော်တစ်ရပ်တည်းထားရှိပြီးဥပဒေပြုခဲ့ပါသည်။ ၁၈- ၉- ၈၈ ရက်နေ့မှ ၁၅-၁၁-၉၇ ရက်နေ့အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကလည်းကောင်း၊ ၁၅-၁၁- ၉၇ ရက်နေ့မှ ၃၀- ၁- ၂၀၁၁ ရက်နေ့အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်းကောင်းဥပဒေပြုခဲ့ပါသည်။ ၃၁- ၁-၂၀၁၁ ရက်နေ့နောက်ပိုင်းတွင်မူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်း ဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုလျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဥပဒေပြုသည့် အတွေ့အကြုံ ၁၁၃ နှစ် ရှိခဲ့ပြီဖြစ်သည်။ **(ဥပဒေရေးဆွဲခြင်းပညာ ဦးစန်းလွင် (တရားလွှတ်တော်ရှေ့နေ)၊ ၂၀၁၂ ခုနှစ်)**

မေးခွန်းများမေးမြန်း ခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်၌ ဆောင်ရွက်ချက်များအား တင်ပြသွားပါမည်။

လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းမေးမြန်းဖြေကြားရန်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မေးခွန်းမေးမြန်းလိုကြောင်းကို အကြောင်းကြားစာနှင့်အတူ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရသည်။ မေးခွန်းတွင် ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းဟူ၍ နှစ်မျိုးရှိသည်။ မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ အတည်ပြုချက်ရယူသည်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရလျှင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့လည်းကောင်း၊ မေးခွန်းများပေးပို့သည်။ ကြယ်ပွင့်ပြမေးခွန်းများဖြေကြားရန်အသင့်ဖြစ်လျှင် လွှတ်တော်အစည်းအဝေးနေ့ အစီအစဉ်၌ထည့်သွင်းရသည်။ ဥက္ကဋ္ဌက နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေသည့် မေးခွန်းများနှင့် ဖြေကြားချက်ဟုသတ်မှတ်ပါက နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခြင်းတို့ကိုဆောင်ရွက်သည်။ ကြယ်ပွင့်ပြမေးခွန်းအတွက် ဖြေကြားချက်ကို ကိုယ်စားလှယ်များထံစာဖြင့်သာပေးပို့သည်။ မေးခွန်းများနှင့် စပ်လျဉ်း၍ ဖြေကြားချက်များကိုမှတ်တမ်းထားရှိပြီးအစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီသို့ မိတ္တူပေးပို့ခြင်း၊ နေ့စဉ်ဆောင်ရွက်ပြီးစီးမှု၊ ကျန်ရှိမှုအခြေအနေများအားစာရင်းပြုစုတင်ပြကြပါသည်။

မေးခွန်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များအား ၂၀၁၃ ခုနှစ်တွင် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၀၊ အပိုဒ် (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ တို့၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုထိခိုက်စေသောမေးခွန်းမဖြစ်စေရ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုထိခိုက်စေသည့် မေးခွန်းမဖြစ်စေရ၊ ကိစ္စတစ်ရပ်ရပ်အတွက် ထင်မြင်ယူဆချက်တောင်းဆိုခြင်း၊ ဥပဒေဆိုင်ရာနက်နဲသော ပြဿနာများကိုဖြေရှင်းတောင်းဆိုခြင်းသို့မဟုတ် မဖြစ်ပေါ်သေးသောကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်းဖော်ပြမေးမြန်းခြင်းမပြုရ၊ နိုင်ငံတော်၏ လျှို့ဝှက်ချက်များကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းပေါက်ကြားစေမည့် မေးခွန်းမဖြစ်စေရ၊ နိုင်ငံတကာဆက်ဆံရေးကိုထိခိုက်စေမည့် မေးခွန်းမဖြစ်စေရစသည်ဖြင့်ပါရှိပြီး မေးခွန်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များအား ၂၀၁၃ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ




၁၄၁၊ အပိုဒ် (ဂ)၊ (ဃ)၊ (ဇ)၊ (ဈ)၊ (ည) တို့၌ မိမိ၏ဖော်ပြချက် မှန်ကန်ကြောင်း မေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်ကလွှတ်တော်ကိုတာဝန်ခံရမည်။ မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထားမပါရှိသည့်ယူဆချက်များ၊ မသင့်လျော်သောအသုံးအနှုန်းများ၊ ဂုဏ်သရေကိုထိခိုက်စေသောဖော်ပြချက်များမပါရှိသောမေးခွန်းဖြစ်ရမည်။ လွယ်ကူစွာရရှိနိုင်သောမှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင်ပါရှိသောအကြောင်းများကို သိရှိရန်မဟုတ်သည့် မေးခွန်းဖြစ်ရမည်။ နိုင်ငံရေးကိစ္စကိုဘာသာ၊ သာသနာကိစ္စနှင့် ရောယှက်မေးမြန်းခြင်းမဟုတ်သည့် မေးခွန်းဖြစ်ရမည်။ မိမိကိုယ်မိမိအမွှမ်းတင်သော၊ အခြားပုဂ္ဂိုလ်များအားသိက္ခာချသော မေးမြန်းခြင်းမဟုတ်သည့် မေးခွန်းဖြစ်ရမည်ဟု ပါရှိပါသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ကြယ်ပွင့်ပြမေးခွန်း (နှုတ်ဖြေ) ၂၃၉၁ ခု၊ ကြယ်ပွင့်မပြမေးခွန်းဖြေဆိုရာတွင် (၆၆၀၀) နှင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော်လည်းပုံမှန်အစည်းအဝေးကာလတစ်ခု၌ ကျော်လွန်သဖြင့် စာဖြင့်ဖြေဆိုသည့် ကြယ်ပွင့်ပြမေးခွန်း(စာဖြေ) ၂၀၃၅ ခုစုစုပေါင်းဖြေဆို/မေးမြန်းရာ ၁၁၀၂၆ ခု ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရပြီး ပြည်သူ့အသံကိုထင်ဟပ်စေလျက်ရှိကြောင်း တွေ့ရှိရပါသည်။လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံ၊ ဒေသအခြေအနေနှင့် နိုင်ငံရေးအတွေ့အကြုံများကို ရောင်ပြန်ဟပ်စေပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးအထိကြယ်ပွင့်ပြ မေးခွန်း (နှုတ်ဖြေ) ၃၀၈ ခု၊ ကြယ်ပွင့်မပြမေးခွန်းဖြေဆိုမှု (၇၀၇) ခု၊ ကြယ်ပွင့်ပြမေးခွန်း (စာဖြေ) ၇၆ ပုဒ်၊ စုစုပေါင်း (၁၀၉၁) ပုဒ် မေးမြန်းခဲ့ပြီးယခုအခါ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကိုကျင်းပလျက်ရှိပါသည်။

ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဟူသော လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့မှ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့အသံကိုနားထောင်ရင်း၊ ပြည်သူတို့ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်များကို လွှတ်တော်အတွင်း၌ မေးခွန်းများမေးမြန်းခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

# တစ်ခါတုန်းက အညာဒေသမှာ

မြင့်စိုး(နတလ)



လျှပ်တစ်ပြက် ပုဂံဟုပဲ ပြောပြော၊ လျှပ်တစ်ပြက် အညာမြေဟူ၍ ပဲဆိုဆို မမျှော်လင့်ဘဲ ထပ်မံရောက်ခဲ့ရသော အညာဒေသ ပုဂံ၊ ညောင်ဦး အပါအဝင် ကျောက်ပန်းတောင်း၊ ချောက်၊ စလေ ခရီးစဉ်မှာ စိတ်ချမ်းမြေ့စရာတွေ ကြုံခဲ့သလို သတိရတမ်းတစရာတွေလည်း ဖြစ်ပေါ်လာခဲ့၏။ စိတ်ချမ်းမြေ့စရာ အကြောင်းအရာများကိုပဲ ဦးစွာပထမ မျှဝေလိုပါသည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ ရက်၊ ထို့နေ့ နံနက်ပိုင်းမှာ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများဖြစ်ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဇနီး ဒေါ်ခိုင်မေကြူတို့က ဘိုးဘွားမိဘများ ဆောက်လုပ်လှူဒါန်းခဲ့သည့် စလေမြို့ ရှင်ပင်မဟာလာဘ 'မံ'ဆင်းတုတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘုရားကြီး၏ ဂန္ဓကုဋီတိုက်ပြုပြင်မွမ်းမံခြင်း၊ ဘုရားကြီးအဝင်လမ်းမုခ်ဦးတည်ဆောက်ခြင်းတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ အဆိုပါ နှီးဘုရားဆင်းတုတော်ကြီးသည် ဉာဏ်တော် ၁၈ ပေ၊ ဒူးတော်ပိုင်း ဖြက် ၁၄ ပေ၊ ၆ လက်မ၊ ဒု ၁၁ ပေရှိသဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ သက္ကရာဇ် ၁၂၅၀ ခန့်အချိန်တွင် ဧရာဝတီမြစ်ရေလှုံ့ချိန် မြစ်အတွင်း မျောပါ လာရာ ဆရာတော်ဦးပိုင်းမှ ဦးစီး၍ ရဟန်းရှင်လူအများက ဝိုင်းဝန်းဆယ်ယူခဲ့ကြကြောင်း၊ ပထမတွင် ကုန်းပေါ်သို့ မတင်နိုင်သေး၍ မြို့၏ အနောက်တောင်ဘက်ရှိ အုတ်ကန်လက်သုံ့အင်းထဲ၌ ခေတ္တသီတင်းသုံးစေပြီးမှ လက်ရှိနေရာသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြကြောင်း၊ ပထမဆုံးသော အာရုံခံတန်ဆောင်းအလှူရှင်မှာ ပြည်ထောင်စုဝန်ကြီး၏ အဘိုးအဘွားများဖြစ်ကြသော ဦးပဲနှင့် ဒေါ်ခင်တို့ဖြစ်ကြောင်း၊ ဆင်းတုတော်ကြီး၏ ပုံတော်အရ ပုဂံခေတ် (၁၃)ရာစုလက်ရာဖြစ်ကြောင်း၊ ဆက်လက်၍ မိခင်၊ ဖခင်တို့က ပြုပြင်မွမ်းမံကိုးကွယ်ခဲ့ကြကြောင်း သိရသည်။ နှီးမံ၊ သရိုးမံ၊ လွှစာမံဟူ၍ မံသုံးမျိုးရှိသည့်အနက် လွှစာမံအမျိုးအစား ရုပ်ပွားတော်ကြီးဖြစ်ကြောင်းလည်း လေ့လာသိရှိရသည်။

အထက်ပါ အလှူတော်မင်္ဂလာအခမ်းအနားသို့ စလေမြို့မှ မြို့မိမြို့ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညိုခဲ့ကြသည်။ ထိုလှူဒါန်းမှု အစုစုတို့အတွက် အမျှပေးဝေမှုကို သာဓုခေါ်ဆိုကုသိုလ်ရယူနိုင်ရုံမျှမက ညှော်ခံကျွေးမွေးသော စားသောက်ဖွယ်ရာများထဲ၌ အညာဒေသရိုးရာအစားအစာများဖြစ်ကြသည့် အညာငါးပိချက်နှင့် သရက်ကင်းတို့စရာ၊ ညောင်ချဉ်ဖူးသုပ်၊ ဆီးဖြူသီးထောင်း၊ မြေပဲဆန်ငါးပိချက် စသည်တို့ကြောင့် အသားဟင်းများဘက်သို့ အာရုံမရောက်နိုင်အောင် ခံတွင်းတွေ့ခဲ့သည်ကိုလည်း အမှတ်တရ ရှိနေမည်ဖြစ်သည်။

စလေမြို့သို့ ရောက်တုန်းရောက်ခိုက် စလေရုပ်စုံကျောင်းတော်ကြီးသို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့၏။ စစ်တက္ကသိုလ်ဗိုလ်လောင်း ပထမနှစ်တုန်းက တစ်ကြိမ်ရောက်ရှိခဲ့ဖူးခြင်းဖြစ်ရာ ယခုအချိန်ဆိုလျှင် နှစ်ပေါင်းမနည်းတော့ပြီ။ ၃၈ နှစ်ကြာခဲ့ပြီဖြစ်၍။ စလေရုပ်စုံကျောင်းတော်ကြီးကို အလှူရှင် ဦးဘိုးကြည်နှင့် ဇနီးဒေါ်ရွှေသက်တို့က မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး မင်းတုန်းမင်းတရားကြီးနှင့် စိန်တုံးမိဖုရားကြီးတို့၏ ကောင်းမှုတော် ဂိုဏ်းထောက်ကန် ဘေးမဲ့တောရကျောင်း၊ စလေမြို့ ကိုးဆောင်ကျောင်းတို့၌ သီတင်းသုံးတော်မူခဲ့သော ဆရာတော်ကြီး ဦးဂုဏအား လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အလျားပေ ၁၅၀ ၊ အနံ ၉၉ ပေ၊ မူလကျောင်းတိုင်ပေါင်း၁၅၄ တိုင်၊ ကျောင်းဆောင်ပေါင်း ခုနစ်ဆောင်တို့အတွက် စလင်းမြို့နယ် တညောင်ကျေးရွာမှ လက်သမားများက တာဝန်ယူဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ ထို့အတူ ကျောင်းတော်ကြီးရှိ ရုပ်တုပေါင်း ၄၅ ခုကို ပခုက္ကူနှင့် ရေစကြိုနယ်မှ ပန်းပုပညာရှင်များက ထုလုပ်ပေးခဲ့ကြောင်းလည်း သိရှိရသည်။ တည်ဆောက်သည့်အချိန်ကာလအားဖြင့် ၁၂၄၄ ခုနှစ်မှ ၁၂၅၄ ခုနှစ်အထိ ၁၀ နှစ်ခန့်ကြာခဲ့ကြောင်းလည်း တွေ့ရှိရသည်။ စလေဦးပုည ပြတိုက်ကိုကား မရောက်ဖြစ်တော့။



ချမ်းမြေ့စရာတွေ ကြုံရသလို သတိရ တမ်းတစရာတွေဖြစ်ပေါ်ခဲ့ကြောင်းလည်း ကျွန်တော်ဆိုခဲ့မိသည်။ သေချာပြန်ပြီး တွက်စစ်ကြည့်လိုက်သောအခါ ၁၉၇၈ ခုနှစ်မှာ ပုဂံဘုရားများကို စတင်ဖူးမြော်ခွင့်ရခဲ့သည်။ ထိုမှ ၁၉ နှစ်အကြာ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် နောက်တစ်ကြိမ် ပြန်လည်ဖူးမြော်ခွင့်ရခဲ့သည်။ ထိုအချိန် ထိုကာလတွင် ပုဂံဒေသရှိ ပြိုကျပျက်စီးနေသော ရှေးဟောင်းစေတီပုထိုးပေါင်း ၂၀၇ ဆူ၊ မြေကုန်းပေါင်း ၈၉၀ တို့ကို ပြန်လည်တူးဖော်ပြီး ၁၁ ရာစု၊ ပုဂံဘုရားပုံတော်များအတိုင်း ရှေးမူမပျက် ပြုပြင်တည်ဆောက်နေသော အချိန်ဖြစ်သည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်နှင့် ဇနီးဒေါ်ပြုံးယဉ်မိသားစုက လှူဒါန်းပြုပြင်ခဲ့သော ပုဂံရှေးဟောင်းစေတီ ကွမ်းတောင်ပေါက်ဘုရား၊ ဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းပြုပြင်ခဲ့ကြသော ရွာဟောင်းကြီးဘုရား (ခေါ်) လောကမာန်ကင်းစေတီတော်မြတ်အားလည်းကောင်း၊ ဗုဒ္ဓဘိသေက ဘုရားအနေကဇာတင်လှူပွဲကို ထိုနှစ်၊ ထိုလ၊ ထိုရက်၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယနေ့ကျင်းပပြုလုပ်ခဲ့သော အခမ်းအနားကဲ့သို့ပင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြည်ညိုခွင့်ရခဲ့သည်။ ရောက်တုန်းရောက်ခိုက် ပုဂံဘုရားများကို လှည့်လည်ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။ အချို့သော ဆရာသမား၊ အသိမိတ်ဆွေဝန်ထမ်းများကား ကွယ်လွန်ခဲ့ကြပေပြီ။

ထိုအချိန်က ကျွန်တော်၏ တစ်ဦးတည်းသော သားတော်မောင်မှာ သုံးနှစ်ကျော်ကျော်သာရှိသေး၏။ ဇနီးသည်နှင့်အတူ ပုဂံဘုရားအဆူဆူကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။ မှတ်မှတ်ရရ သားတော်မောင်နှင့်အတူ ဒုတိယဦးစီးမှူး ဒေါ်ခင်အေးမြင့်၏ သမီးငယ်(ကေကေ)တို့ကို မနူဟာဘုရားရှေ့တွင် ဓာတ်ပုံရိုက်ပေးခဲ့သည်ကိုလည်း သတိရမိသည်။ ယနေ့နံနက်ပိုင်း စလေမြို့သို့အသွား မနူဟာဘုရားရှေ့မှ ဖြတ်ရသောကြောင့် သမင်လည်ပြန်ငေးရင်း ကွယ်လွန်သွားပြီဖြစ်သော ဇနီးသည်ကို သတိရမိသေး၏။ ရော်.... ၁၉၉၇ ခုနှစ်မှစ၍ ရေတွက်လျှင် ၂၀၁၆ ခုနှစ်သည်လည်း ၁၉ နှစ်မြောက် ဘုရားဖူးခွင့်ရသော နှစ်ပါပဲလား။ မည်သို့ဆိုစေ ပုဂံဘုရားအဆူဆူတို့အား ထပ်မံဖူးမြော်ခွင့်ရဦးမည်ဟု ကျွန်တော် အလေးအနက်ယုံကြည်မိပါသည်။ ။

# ရိုးရာအစားအစာတစ်ခုအဖြစ် ထင်ရှားကျော်ကြားစွာထုတ်လုပ်ရောင်းချနေသည့် မန္တလေးမြို့က မြီးရှည်လုပ်ငန်း

❒ မင်းထက်အောင်(မန်းကိုယ်ပွား)

ယနေ့မြန်မာပြည်အနှံ့အပြားတွင် နှစ်သက်စွာစားသုံးနေကြသည့် မြီးရှည်အစားအစာမှာ လွန်ခဲ့သော နှစ်နှစ်ရာကျော်ကာလက မန္တလေးမြို့တွင် သုံ့ပန်းအဖြစ်ရောက်ရှိနေထိုင်လုပ်ကိုင်ခဲ့ကြသော ယိုးဒယားလူမျိုးများ၏ ရိုးရာလုပ်ငန်းတစ်ခုဖြစ်သည့် မုန့်တီလုပ်ငန်းကို မြန်မာလူမျိုးများမှ လက်ဆင့်ကမ်းသယ်ဆောင်ကာ မြီးရှည်အစားအစာအဖြစ် ပြောင်းလဲထုတ်လုပ်စားသုံးလာကြကြောင်း သိရသည်။

မုန့်တီလုပ်ငန်းသည် ရှေးယခင်ကပင် မင်းနေပြည်တော်ဖြစ်သော မန္တလေးမြို့တွင် ထင်ရှားကျော်ကြားနေခဲ့ပြီး မုန့်တီဖတ်ကို သုပ်၍ စားသောက်ရောင်းချရာမှ ကိုလိုနီခေတ်သို့ ရောက်ရှိလာ သောအခါ ဆန်းသစ်တီထွင်ပြီး မုန့်တီဖတ်ကို ရေနွေးဖြင့်တစ်ဖန်ပြန်လည်ပြုတ်ကာ သုပ်၍စားရသော မြီးရှည်အဖြစ် ပြောင်းလဲထုတ်လုပ်စားသုံးလာခဲ့ကြပြီး ယခင်က တရုတ်လို မြန်ရှင်းဟုခေါ်ရာမှ ယခုအခါ မြီးရှည်ဟု လူသိများထင်ရှားလာခဲ့သည်။

ယခုအခါ မြီးရှည်ကို မြန်မာပြည်အနှံ့အပြားတွင်စားသုံးလာကြပြီး မြို့အမည်နှင့် တွဲဖက်၍ မိုးကုတ်တွင် မိုးကုတ်မြီးရှည်၊ မြစ်ကြီးနားတွင် မြစ်ကြီးနားမြီးရှည်၊ မန္တလေးမြို့တွင် မန္တလေးမြီးရှည်ဟူ၍ ခေါ်ဆိုလာကြရာ ၎င်းတို့အနက် မန္တလေးမြီးရှည်မှာ ပို၍လူကြိုက်များထင်ရှားကာ ဒေသခံများသာမက မန္တလေးသို့ အလည်အပတ် လာရောက်ကြသူများမှာလည်း ဒေသထွက်ကုန်အစားအစာတစ်ခုအဖြစ် နှစ်သက်စွာစားသုံးလျက်ရှိနေကြသည်။

မန္တလေးမြို့တွင် လက်ရှိမြီးရှည်ကို လူမျိုး၊ ဘာသာမရွေးစားသုံးနိုင်ရန် ရပ်ကွက်လမ်းများပေါ်တွင်မက နာမည်ကြီးလက်ဖက်ရည်ဆိုင်များတွင်လည်း တွဲဖက်၍ တွင်ကျယ်စွာရောင်းချလျက်ရှိသည်။ ထို့အပြင် မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်းသယ်ဆောင်ရောင်းချနေကြသည့် လူသိများထင်ရှားလျက်ရှိသော ၁၆ လမ်းမြီးရှည်၊ ဗထူးမြီးရှည် စသည့်ဆိုင်များသို့လည်း တကူးတကလာရောက်၍ နှစ်သက်စွာ စားသုံးလျက်ရှိပြီး လက်ရှိတွင် မြီးရှည်ကို ကော်မြီးရှည်၊ မြေအိုးမြီးရှည်၊ သဲအိုးမြီးရှည် စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကာ ရောင်းချလျက်ရှိသည်။

မြန်မာလူမျိုးများစားသုံးသော မြီးရှည်ကို မုန့်တီဖတ်(နန်းလတ်)ဖြင့် ပြုလုပ်သည်။ မုန့်တီဖတ်ကို ရှေးယခင်က အင်းဝဘုရင် ဆင်ဖြူရှင်(ခေါ်) မြေဒူးမင်းလက်ထက် သက္ကရာဇ် ၁၁၂၉ ခုနှစ်တွင် ယိုးဒယားတို့ကို စစ်အောင်နိုင်ခဲ့ပြီး ယိုးဒယားနန်းကျဘုရင် ကျောက်ဘွားထောက်နှင့်အတူ ဆွေတော်၊ မျိုးတော် ယိုးဒယားလူမျိုးများ သုံ့ပန်းအဖြစ် ပါလာခဲ့ရာ ယခင် ရဟိုင်းဈေး(ခေါ်) ယခုမြို့မဈေးအနီး ရွှေတစ်ချောင်းမြောင်း အရှေ့ဘက်တွင် နေရာချထားပေးခဲ့သည်။

၎င်းနေရာတွင် ယိုးဒယားလူမျိုးများနေထိုင်ကာ ၎င်းတို့၏ ရိုးရာအစားအစာမုန့်တီလုပ်ငန်းကို လုပ်ကိုင်ကြရာမှ မုန့်တီစုရပ်ဟု အမည်တွင်ခဲ့ပြီး ထိုမုန့်တီစုရပ်တွင် ယိုးဒယားလူမျိုးများ နေထိုင်ခဲ့ကြောင်းကို ၎င်းလူမျိုးများတည်ထားခဲ့သော အဆိုပါနေရာရှိသဲပုံစေတီကျောက်စာတွင် ဖော်ပြထားပြီး ထိုကျောက်စာကို သဲပုံစေတီဘုရား နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ရေးသားစိုက်ထူထားသောကြောင့် ၎င်းလူမျိုးများသည် မန္တလေးမြို့မတည်မီ လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်ကပင် မန္တလေးမြို့သို့ ရောက်ရှိနေထိုင်ခဲ့ကြောင်းကို သိနိုင်သည်။

မြီးရှည်လုပ်ငန်းသည် အရင်းအနှီးနည်းသော မိသားစုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် ပျောက်ကွယ်မသွားနိုင်ဘဲ မျိုးရိုးစဉ်ဆက်အမွေဆက်ခံကာ လုပ်ကိုင်ကြမည့် လုပ်ငန်းတစ်ခုအဖြစ် ဆက်လက်ရှင်သန်နေမည်သာ ဖြစ်ပေသည်။ ။



## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ခုတင် (၃၀၀)ဆံ့ကလေးဆေးရုံကြီး-မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင် (၃၀၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန် လိုအပ်သော ဆေးဝါးများ၊ ဓာတ်ခွဲပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၆ရက်

**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင် (၃၀၀)ဆံ့ ကလေးဆေးရုံကြီး၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
ဖုန်း-၃၂၂၂၅၊ ၃၃၉၆၅

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးနှင့်ဆေးပစ္စည်းများနှင့် Consumable ပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်ကို ဒုတိယညွှန်ကြားရေးမှူး (ဝယ်ယူရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇) စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၆ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၆ရက် မွန်းလွဲ ၂း၀၀နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၁၉၆၉၊ ၀၁-၃၇၂၃၆၂**

**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်(၂၀၊ ကုန်းရပ်ရေမိန်)၊ ဦးပိုင်အမှတ်(၁-ခ)၊ ဧရိယာ ၀ ဒသမ ၀၂၃ ဧကရှိ ဒေါက်တာစိုးမင်း-ဗိုလ်ကြီးခင်ဥမ္မာတို့အမည်ဖြင့် မြေငှားစာချုပ်ရရှိထားသောမြေ၊ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ ၀ဒသမ ၀၂၂ ဧကရှိ ဒေါက်တာစိုးမင်း-ဗိုလ်ကြီးခင်ဥမ္မာတို့အမည်ဖြင့် မြေငှားစာချုပ်ရရှိထားသောမြေနှင့် ဦးပိုင်အမှတ်(၅-ဈ)၊ ဧရိယာ ၀ ဒသမ ၀၀၇ ဧကရှိ ဒေါက်တာစိုးမင်း-ဗိုလ်ကြီးခင်ဥမ္မာတို့အမည်ဖြင့် မြေငှားစာချုပ်ရရှိထားသောမြေများကို ဗိုလ်ကြီးခင်ဥမ္မာက အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ် ချုပ်ဆို၍ ဒေါက်တာစိုးမင်းအား ပေးအပ်ခဲ့သဖြင့် ဒေါက်တာစိုးမင်းမှ မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အသက်မွေးဝမ်းကျောင်းသင်တန်းများပို့ချပေးသည်

- သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း
- လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နည်းသင်တန်း
- အလှကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နည်းသင်တန်း
- အခြေခံသစ်အချောထည်သင်တန်း
- အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း

**ရန်ကုန်တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန**

**ဖုန်း-၀၉-၉၇၄၀၀၉၈၉၈၊ ၀၉-၉၇၂၇၇၂၇၉၇၊ ၀၁-၆၆၅၈၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ပြည်နယ်/ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးပရိဘောဂများနှင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများမှ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ၂၃-၁၂-၂၀၁၆ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ချင်းဦးစီးရပ်၊ ဟားခါးမြို့**
ဖုန်း-၀၇၀၂၁၀၂၀၊ ၀၇၀၂၁၄၅၅

## Small & Medium Industrial Development Bank
## VACANCY ANNOUNCEMENT

### Network Engineer (Male/Female)

- At least 3 years experience in Network Engineering.
- Any Graduate, Preferably in B.C.Sc, B.C, Tech, B.E (IT) and Professional Diploma/Certificate must be a CCNP & CCIE is preferable.
- Can travel to anywhere in Myanmar if needed.
- Ability to be team player and work under pressure situations.

### HR Executive (Male/Female)

- Minimun Bachelor Degree preferably in HR related subject and MBA/MPA would be advantage.
- Minimum (3)years experience in HR Development Field.
- A Team player whith a positive work attitude and who possess Strong Interpersonal.
- Must be fluently in English 4 skills.
- Age should be between (25-30) years.

### Civil Engineer (Male/Female)

- Must be AGTI, B.Tech, B.E (Civil).
- At least 3 years working experience.
- Can travel to anywhere in Myanmar if needed.
- Age should be between (25.30)year.

**Please contact (contact@smidb.com.mm)for CV submission**

**Applications along with CV should reach the following. Address(wihin 15 days after the publicatio of the advertisment)**

**Address:No (298), Between (Anawrahta & Wadan) Street, No. (2) Quarter.**
**Lanmadaw Township, Yangon, Myanmar.**
**Ph:01-2302408, 2302409**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပညာရေးအဖွဲ့ကကြီးမှူးကျင်းပသည့် အောက်ဖော်ပြပါသင်တန်းများ၏ မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ဒီပလိုမာလက်မှတ်ရစာမေးပွဲ အသီးသီးတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ (၁၃) ကြိမ်မြောက်ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ဒီဇင်ဘာ ၂၃ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ မဟာဝိဇ္ဇာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
(ခ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ စတုတ္ထနှစ် (၂၀၁၂ တက္ကသိုလ်ဝင်တန်းအောင်)ဝိဇ္ဇာဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ
(ဂ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် Diploma in English, a one year full-time course စာမေးပွဲအောင်မြင်ပြီးသူများ
(ဃ) Postgraduate Diploma in English Course (CHRD) Advanced Level-II အမှတ်စဉ် (၃၈၊ ၃၉) စာမေးပွဲအောင်မြင်ပြီးသူများ
(င) Diploma in English Course (CHRD) Advanced Level အမှတ်စဉ် (၄၃၊ ၄၄၊ ၄၅) စာမေးပွဲအောင်မြင်ပြီးသူများ

၂။ (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပသည်အထိ တက်ရောက်ဘွဲ့(သို့မဟုတ်) အဝေးရောက်ဘွဲ့ လျှောက်ထားခြင်းမပြုရသေးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံနှင့် နောက်ဆုံးရိုက်ကူးထားသော (၁½"×၂")အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံပူးတွဲ၍ လျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ဧည့်နိုင်ငံသားလက်မှတ်(သို့မဟုတ်) နိုင်ငံသား(ပြု)လက်မှတ်မူရင်း၊ မိတ္တူတစ်စောင်တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ (၁၅၀၀ိ/-) (ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ (၁၀၀၀ိ/-) (ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၇။ ရပ်ဝေးမှပေးပို့လိုသူများသည် ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံတွင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး (၁½"×၂")အရွယ် ရောင်စုံဓာတ်ပုံ (၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့နှင့်အတူ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ မှတ်ပုံတင်မိတ္တူပူးတွဲလျက်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(ကြီးမြိုင်)**
**(ဌာနမှူး၊ သင်တန်းရေးရာဌာန)**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ခြံမြေကွက်ကျယ်/အမြန်ရောင်းမည်

မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် အလျား×အနံ (၃၀'×၅၀') မြေကွက်(၂)ကွက်တွဲ၊ စုစုပေါင်း မြေကွက်ကျယ် အလျား×အနံ(၆၀'×၅၀')၊အိမ်ရှေ့လမ်းကျယ်၊ အိမ်ရှေ့ကား(၆)စီး ထိုး၍ ရသောမြေနေရာရှိ၊ ရေ(၂)လိုင်း၊ မီတာ(၂)လုံး၊ ဂရန် အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမှာဖြစ်ပါသည်။ ဘူတာ၊ ကားဂိတ်၊ ဈေး၊ ဆေးခန်းနှင့်နီး၍(အုတ်ခံ ပျဉ်ထောင်အိမ်(၂)လုံး ပါမှာ ဖြစ်ပါသည်။)

**ရောင်းဈေး - (ညှိနှိုင်း)**
**ကိုဖြိုး - ဖုန်း-၀၉-၅၀၅၉၅၁၉၊ ၀၉-၄၉၃၄၆၆၆၂**

## အမည်မှန်

ပေါက်တောမြို့နယ်၊ င/ပြီကျွန်းကျေးရွာနေ(ဘ) ဦးဦးလှမောင်၏ သမီး မဦးအေးနွယ် ၁/ပတန(နိုင်)၀၆၉၃၀၀၏အမည်မှန်မှာ မဦးရွှေယဉ် ဖြစ်ပါကြောင်း။ **မဦးရွှေယဉ်**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ အမက(၁-ပမ္မတီး)၊ တတိယတန်းမှ မောင်ကောင်းထက်အောင်အား မောင်မင်းခန့်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၆၁ ကွယ်လွန်သူ ဦးဒီရာ(ဂျ်)လာ(လ်)ဆက်(ဂျ်)ပါးလ်၏ ကျန်ရှိရစ်သောပစ္စည်းများ နှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မောင်ထော်လေးလမ်း၊ အမှတ် ၅၅/၅၇ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဒီရာ(ဂျ်)လာ(လ်)ဆက်(ဂျ်)ပါးလ်၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကူဆူ(မ်)(ခ)အူရာမာလာဒေဝီ (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးမိနိ(စ်)(ခ)ဦးအောင်ကြီး)ကအမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၂ ရက်) နံနက် ၁၀း၀၀နာရီတွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဒီရာ(ဂျ်)လာ(လ်)ဆက်(ဂျ်)ပါးလ်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၂ ရက်) တွင် မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်ထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ကူဆူ(မ်)(ခ)အူရာမာလာဒေဝီ (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးမိနိ(စ်)(ခ)ဦးအောင်ကြီး)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင်စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မောင်လတ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာနေ (ဘ) ဦးကံစိန်၏သား မောင်ဇော်မင်းထွန်း၏ အမည်မှန်မှာ မောင်ရဲဝင်းထွန်း ၉/ပမန(နိုင်)၂၄၄၈၂၆ ဖြစ်ပါကြောင်း။ **မောင်ရဲဝင်းထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ အိမ်အမှတ် ၁၄/၁၃၅ နေ (ဘ)ဦးမြသိန်း၏သား မောင်စိုးမြတ်မင်းနှင့် မောင်သားသားသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်စိုးမြတ်မင်း(ခ)သားသား**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာနေ ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်သိန်းစံ ၁၂/ဗဟန(နိုင်)၀၉၈၃၆၃သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ထိုနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးမြင့်ဝင်း ၁၂/ဗဟန(နိုင်)၀၃၄၉၅၁**
**ဒေါ်ကြူကြူလှိုင် ၁၂/ဗဟန(နိုင်)၀၃၃၅၀၆**

## ထုတ်ပြန်ကြေငြာချက်(၂၉.၁၁.၂၀၁၆)

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)သည် ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး၊ အလုပ်အမှုဆောင်ကော်မတီအား သဘင်ပညာရှင်များအစည်းအရုံးအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ (၈.၅.၂၀၁၆)ရက်နေ့တွင်ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ဥက္ကဋ္ဌ ဦးမိုးကျော်၊ အတွင်းရေးမှူး ဦးချစ်မွေး၊ တွဲဘက်အတွင်းရေးမှူး ဦးမျိုးခိုင်တို့သည် ၎င်းတို့အား ယုံကြည်စွာအပ်နှံထားသောလုပ်ငန်း၊ တာဝန်၊ ဝတ္တရားများနှင့်လုပ်ပိုင်ခွင့်များကို လိုအပ်သည်ထက်ပိုမို၍ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းကာ တိုင်ကြားစာများ ရောက်ရှိလာသောကြောင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ တရားဥပဒေအရ ဖြေရှင်းဆောင်ရွက်ရန်ရှိပါသဖြင့် (၅.၉.၂၀၁၆)ရက်စွဲပါစာအမှတ်(၈၆၈)ဖြင့် ၎င်းတို့အား တာဝန်များမှရပ်ဆိုင်းခဲ့ပြီး အခြားအလုပ်အမှုဆောင်ကော်မတီဝင်များမှ ၎င်းတို့၏တာဝန်များကို ခွဲဝေထမ်းဆောင်ရန် လမ်းညွှန်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါသော်လည်း ၎င်းတို့အနေဖြင့် ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး ရုံးနေရာတွင် ဆက်လက်နေရာ ယူထားခြင်း၊ အသင်းအဖွဲ့အတွင်း စည်းရုံးမှုပျက်ပြားစေမည့်အပြုအမူများ ဆက်လက်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်း၏လုပ်ပိုင်ခွင့်ကို ထင်ယောင်ထင်မှားဖြစ်စေရန် အလွဲသုံးစားပြုခြင်းတို့ကို ဆက်လက်လုပ်ဆောင်နေကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါသောကြောင့် ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးအရေးကိစ္စနှင့်စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရတော့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နှင့် တိုင်းဒေသကြီး/ပြည်နယ်သဘင်ပညာရှင်များအစည်းအရုံးအသီးသီးတို့၏ (၂၀.၁၁.၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော နှစ်ပတ်လည်တွေ့ဆုံစည်းဝေးပွဲစည်းဝေးဆုံးဖြတ်ချက်အရ သဘင်ပညာရှင်များအစည်းအရုံးအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်း စည်းမျဉ်းအပိုဒ်(၈)နှင့်အညီ ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး လက်ရှိအလုပ်အမှုဆောင်အဖွဲ့အား တာဝန်မှရပ်ဆိုင်းလိုက်ပါသည်။ ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးအလုပ်အမှုဆောင် ကော်မတီသစ်အား ကော်မရှင်ဖွဲ့၍ ပြန်လည်ဖွဲ့စည်းပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်အမှတ်(၁/ပြည်တွင်း/၀၀၀၆)အရ မှတ်ပုံတင်ပြီးဖြစ်သော တရားဝင်အသင်းအဖွဲ့ဖြစ်သည်။ သို့ပါ၍ အစည်းအရုံး၏အမှတ်တံဆိပ်၊ အလံ၊ စာရွက်စာတမ်းများအား အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း ထင်ယောင်ထင်မှားဖြစ်အောင်ပြုလုပ်ခြင်းနှင့် အဖွဲ့အစည်းအတွင်းညီညွတ်မှုပျက်ပြားအောင် ဆောင်ရွက်ခြင်းများပေါ်ပေါက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၆) နှစ်မြောက် အထိမ်းအမှတ်
ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်
၆-၁၂-၂၀၁၆ မှ ၉-၁၂-၂၀၁၆



ထိန်ဝင်း၊ မဟာမိုင်းစာပေ၊ PMP ၊ စာပေလော(၆)၊ပါရမီ၊ လဝန်းပြာ၊ MKS ၊အမေ့ဥယျာဉ်၊ ရတနာပုံ၊ နဂါးပျံ (၁)၊ နဂါးပျံ (၂)၊ မဟာကောင်းစုသာ၊ နေရီရီ၊ Momentum Book ၊ပြုံးစာပေ၊ ဂုဏ်ထူး၊ မိဘမေတ္တာ၊ ဝါးလည်၊ Synergy ၊ ရန်အောင် (၁)၊ ရန်အောင် (၂)၊ KKH ၊ စံပယ်၊ သတင်းကောင်း၊ အားမာန်သစ်၊ မြန်မာ့ခေတ်၊ ဘဝတက္ကသိုလ်၊ သရဖီထွန်းဝင်း၊ Quality ၊ ဆုပြည့်စုံထွန်း၊ ဟန်သာစု၊ မဈိမ၊ ရွှေပါရမီ၊ ဗုဒ္ဓအသံ၊ ပန်းမျိုးတစ်ရာ၊ Today ၊ မြဝတီ၊ လက်ဘဒီပ၊ ဟာကြီး(အပေါင်း)၊ မေတ္တာရှင်၊ ဆန်းစသော်တာ၊ ရတနာသိုက်၊ သစ္စာမဏ္ဍိုင်၊ ကောင်းသန့်၊ ဖွန်ပွင့်၊ ပုဂံ၊ ရာပြည့်၊ Unity ၊ အင်းလျား၊ ယဉ်မျိုး၊ ခူဝံ၊ အောင်သူ(အပေါင်း)၊ ရှုတိုင်းယဉ်၊ သားနဲ့သမီး၊ မျက်ပွင့်၊ တိုးမြစ်၊ ကိုလတ်စာပေ၊ ရွှေပဒေသာ၊ စာနဒီ၊ မိုးမြင့်ကြယ်၊ မျိုးစာပေ၊ Wisdom House ၊ ပန်းရွှေပြည်၊ စာပေခရီးသွား၊ ပင်ဝါးရုံ၊ စောဦး၊ စိန်မိုးယံ၊ စိတ်ကူးချိုချို၊ မြနန္ဒာ၊ We Distribution ၊ အဖြူရောင်၊ အိပ်မက်သစ်၊ City Book and Music Center ၊ သက်ခိုင်၊ နစ်ကာလများ၊ ပညာရွှေတောင်၊ ရုပ်ပြောင်၊ ဆန်းမင်းတစ်ရာ၊ လင်းလွန်းခင်၊ ခေတ်ပြတိုက်၊ ရာပြည့်၊ အောင်မြင်စာပေ၊ ကံ့ကော်ဝတ်ရည်၊ လွင်ဦးစာပေ၊ စာပေလောက၊ ကျော်မွေး၊ စိတ်ကူးသစ်၊ ဗဂျီအိမ်၊ အရှက်သစ်၊ မယ်နှင့်မောင်၊ မိုးကျော်၊ နေစေး၊ ပြည့်စုံ၊ အင်းဝ၊ လင်းသစ်ရောင်စဉ်၊ Myanmar Book Center ၊ The Book House ၊ ဝန်ဖင်း၊ ကျော်သိန်း၊ သီဟရတနာ၊ နန်းဒေဝီ၊ ငဝန်စာပေ အပါအဝင် စာအုပ်ဆိုင်ခန်းပေါင်းများစွာက အထူးနှုန်းဖြင့် ရောင်းချပေးပါမည်။ ၎င်းအပြင် လေးအုပ် ၁၀၀၀၊ ငါးအုပ် ၁၀၀၀ ပုံရောင်းမည့် ဆိုင်များ၊ ရှေးဟောင်းရှားပါးစာအုပ်ရောင်းချမည့်အဟောင်းဆိုင်များ ပါဝင်ကြမည်ဖြစ်သောကြောင့် စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ပူးပေါင်းပါဝင်ကူညီသည်။

**ရွှေလမ်းခရီး**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

**ဒိုးလေး**
အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763






Win & San
Since 1983
Diamonds & Fine Jewelry
ဦးဝင်းနိုင် + သီဟသုဓမ္မသီရိဒေါ်စန်းစန်း

Win & San Diamonds and Fine Jewelry မှ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော "End of year promotion"ပွဲတော်တွင် ယိုးဒယားပန်းထိမ်ဆရာများ၏ လက်ရာအသစ်အဆန်းများဖြင့်ပြုလုပ်ထားသော စိန်ထည်များ၊ မိုးကုတ်တွင်းထွက်ကျောက်မျက်ရတနာထည်များကို up to 30%off ဖြင့်ရောင်းချပေးမည် ဖြစ်ပါသောကြောင့်လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မှတ်ချက်။ ။စိန်ထည်များနှင့်မိုးကုတ်ကျောက်မျက်ရတနာထည်များကို ပြန်သွင်း/အလဲအထပ်ပြုခြင်းများကိုလည်းလက်ခံဆောင်ရွက်ပေးပါသည်။
နေ့ရက် - ၂/၃/၄-၁၂-၂၀၁၆ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ(၆း၀၀)နာရီထိ
နေရာ - 36/C ၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



၂၀၁၇-ဇန်နဝါရီလ
အတွက်
စံ-ဇာဏီဘို
ရေးသားပြုစုသော
မြန်မာ့ရိုးရာ
ပေဒင်ဟောစာတမ်း
စာအုပ်ဆိုင်နှင့် ဂျာနယ်ဆိုင်တိုင်းတွင်
မေးဝယ်ပါ။
ဖြန့်ချိရေး - အေဇက်စာပေ ၀၉ ၇၃၀၇၀၂၁၆



➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။ ဖုန်း–09-79 700 70 73, 09-79 700 70 83
➤ အမှတ်(၄/၄၆၇)၊(၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။ ဖုန်း– 09 79 700 70 75, 09 79 700 70 85

၁၉၃၃ ခုနှစ် တည်ထောင်သည်
ရွှေမန်းတောင်
အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဆက(ကနယ်ဝင်း)၁၁/၀၂၁၃
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက်အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း၊ - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

MYANMAR B2B MANAGEMENT MAGAZINE
လေးနှစ်ပြည့်အထူးထုတ်
• ကျွန်တော်ဘာမှမတတ်ဘူး၊ ဒါပေမဲ့တတ်တဲ့သူတွေကိုဆရာတင်တယ်ဆိုတဲ့ ဦးငွေအောင် (အမေတွားပဲဆီသန့်)နှင့်တွေ့ဆုံခြင်း
• အမေရိကန်နှင့်ဆက်ဆံရေးတိုးတက်မှုက တရုတ်၏ဩဇာကို လျှော့ချနိုင်မလား
• စစ်မက် လက်နက်နှင့်ဆန္ဒမဲများ
• လူတိုင်းအတွက် အကြွင်းမဲ့အောင်မြင်ရေးဖော်မြူလာ
• မတူညီမှုများနှင့် Alibaba
• ပေါက်ပေါက်ရှာရှာတစ်နိုင်စီးပွားရေးလုပ်ငန်းများ
• စွဲမက်ဖွယ်ဖြစ်စေရန်ဖန်တီးသူ
• Chapter Eleven နဲ့ Chapter Seven
• အစိုးရသစ်ဆီက ဘာတွေမျှော်လင့်ထားပါသလဲ
• ဩဇာကြီးမားနေသော ထိပ်တန်းကုမ္ပဏီကြီးများအကြောင်း အထူးဆောင်းပါး
• ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဦးဆောင်ဆွေးနွေးထားသည့် " Primary Greatness " စကားဝိုင်း
• စဉ့်ကူးမင်း၏ခေါင်းဆောင်မှုစွမ်းရည်ကိုလေ့လာခြင်း အစရှိသည့် ဖတ်စရာမှတ်စရာအစုံအလင်ဖြင့် ဒီဇင်ဘာလထုတ်ထွက်ပြီ
ဒီဇင်ဘာလထုတ်
ထွက်ပြီ


လပေးဖတ်ရှုလိုပါက – 09 4200 33366 ကြော်ငြာထည့်သွင်းလိုပါက – 09 4200 333 55 , 77 (Hot Line)



samsungmobilemyanmar samsungmyanmar samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM

# ဆွမ်လုံ ယာယီဘေလီတံတား ဆောက်လုပ်ခဲ့သဖြင့် ယာဉ်များပုံမှန်အတိုင်း သွားလာလျက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ  ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆွမ်လုံတံတားအား မိုင်းဖောက်ခွဲခံရမှုကြောင့် ပျက်စီးခဲ့ရာ တပ်မတော်စစ်ကြောင်းက ယာယီပြင်ဆင်ပေးမှုကြောင့် ယာဉ်တစ်စီးချင်း ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ယခုအခါ ၎င်းတံတား၏ ဝဲဘက်တွင်ယာယီဘေလီတံတားတစ်စင်းဆောက်လုပ်ပေးခဲ့သဖြင့် ယာဉ်များပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်း ထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(ယာပုံ)**



### ပုံမှန်အတိုင်းသွားလာလျက်ရှိ

ကွတ်ခိုင်မြို့နယ် ဆွမ်လုံကျေးရွာအနီး မူဆယ်-လားရှိုးသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆွမ်လုံတံတားအား KIA/TNLA/MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် တံတား မျက်နှာပြင် ၇ ပေခန့် ပျက်စီးခဲ့ရာ တပ်မတော်စစ်ကြောင်းက ယာယီပြင်ဆင်ပေးခဲ့မှုကြောင့် မော်တော်ယာဉ်များ တစ်စီးချင်းသာ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတံတား၏ ဝဲဘက်တွင် အရှည် ၂၅ ပေနှင့် အကျယ် ၁၈ ပေရှိ ယာယီ ဘေလီတံတားတစ်စင်းအား Oriental Highway Co;Ltd. မှ တာဝန်ယူဆောက်လုပ်ပေးခဲ့ရာ ယာဉ်ကြီး ယာဉ်ငယ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ဆူဇူကီး ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ထိုင်း ယနေ့ကစားမည့် ဘောလုံးပွဲလက်မှတ်များအားလုံး ကုန်စင်အောင် ရောင်းချခဲ့ရ



သတင်းစာရှင်းလင်းပွဲတွင် မြန်မာအသင်းနည်းပြချုပ်နှင့် ထိုင်းလက်ရွေးစင်အသင်းနည်းပြချုပ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန်  ဒီဇင်ဘာ  ၃**

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် (ပထမအကျော့) ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ဒီဇင်ဘာ ၄ ရက် **(ယနေ့)** ညနေ ၆နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ၁၂ နှစ်ကြာမှ ပြန်လည်တက်ရောက်နိုင်ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် တွေ့ဆုံနေသောကြောင့် ပရိသတ်စိတ်ဝင်စားမှုမှာ အမြင့်ဆုံးသို့ ရောက်ရှိလျက်ရှိသည်။ အထူးတန်းလက်မှတ် ၇၀၀၀ ကျပ်၊ ရိုးရိုးတန်းလက်မှတ် ၂၆၀၀၀ ကျပ်ကို သုံးရက်ခွဲ၍ ရောင်းချ

*စာမျက်နှာ ၈ ကော်လံ ၁* ❖


စာ » ၁၆-၁၇

## မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့

စာ » ၇

## တိုက်ကြီးမြို့နယ် ဥက္ကံချောင်းဘေး၌ တောဆင်ရိုင်းအား သတ်ဖြတ်ခဲ့သူ ဆင်မုဆိုးငါးဦး ဖမ်းဆီးရမိ

စာ » ၁၃

# ယနေ့ ယှဉ်ပြိုင်ကစားမည့် မြန်မာ-ထိုင်း ဆီမီးပွဲများကို LED ဘုတ်များဖြင့် ပြသမည်

**ရန်ကုန်  ဒီဇင်ဘာ  ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဒီဇင်ဘာ ၄ ရက် **(ယနေ့)** ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲတွင် မြန်မာဘောလုံးပရိသတ်များ၏ စိတ်ဝင်စားမှုနှုန်း မြင့်တက်နေသောကြောင့် လက်မှတ်မရရှိသည့် ပရိသတ်များအတွက် LED ဘုတ်များဖြင့် ပြသမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် သုဝဏ္ဏဘောလုံးကွင်းအနီးရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ LED ဘုတ်များဖြင့် ပြသမည်ဖြစ်ပြီး MFF Co-Sponsor ဖြစ်သော ပရီမီယာကော်ဖီက ရန်ကုန်မြို့မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံနှင့် မန္တလေးမြို့ရှိ မနော်ရမ္မံဥယျာဉ်တို့၌လည်း LED ဘုတ်များဖြင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် မြန်မာနှင့် ထိုင်းအသင်းတို့၏ ဆီမီးဖိုင်နယ်ပွဲအတွက် လက်မှတ်များကို ပရိသတ်ဝယ်လိုအား အဆမတန်မြင့်တက်လာသောကြောင့် လက်မှတ်အားလုံးကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အကုန်ရောင်းချပေးခဲ့ရာ ပွဲကစားမည့်နေ့တွင် ရောင်းချရန် စီစဉ်ထားသည့် လက်မှတ်များပါဝင်ခဲ့သဖြင့် ဒီဇင်ဘာ ၄ ရက် **(ယနေ့)** လက်မှတ်များ ထပ်မံရောင်းချတော့မည် မဟုတ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ-ထိုင်း ပွဲအတွက် လက်မှတ်စောင်ရေ ၃၄၀၀၀ ကျော် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

